တက္ကသိုလ်

# သိဟအောင်

## သံမဏိသခင်မ

ကျင်းရုံ၏ ကျန့်ဖွားကျိုး

ဒုတိယပိုင်း
ဇာဝင်သိမ်း



တိုးတက်ရေး-၈၁၉၉

တက္ကသိုလ်
သီဟအောင်

# သံမဏိသခင်မ

(ဒုတိယပိုင်း-ဇာတ်သိမ်း)

တိုးတက်ရေး-၁၇၈၈

## လျှို့ဝှက်စကား

နေဝန်းနီမှာ အနောက်ဘက်၌ ငုတ်လျှိုးပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။

နေရောင်ခြည်ကွယ်ပျောက်ကာ အမှောင်ထု ဖုံးလွှမ်းသွားသည်နှင့် သူဌေးကြီးဝူးရီ ပိုင်ဆိုင်သော အဆောက်အဦးကြီး၌ မီးရောင်များ ထိန်ထိန်ညီးအောင် ထွန်းညှိထားလိုက်ပြီ ဖြစ်လေသည်။

ထို့အပြင် ကျယ်ဝန်းလှသော ဧည့်ခန်းဆောင်ကြီးအတွင်း၌ စားသောက်ပွဲကြီးလည်း ပြင်ဆင်ထားပြီး ဖြစ်လေသည်။

ထိုစားသောက်ပွဲကြီးကို သူဌေးကြီးဝူးရီ၏သမီး သခင်မလေးဝူးလျှံက တည်ခင်းခြင်း ဖြစ်သည်။

စားသောက်မည့် ဧည့်သည်ကား တစ်ယောက်ထဲသာ ရှိလေသည်။

ချန်းလုံ ဖြစ်လေသည်။

ယွဲ့ကူးသည် ချန်းလုံအား လာရောက်ခေါ်ဆောင်လေ၏။

"သခင်မလေးက ရှင့်ကို စောင့်နေပါတယ်ရှင်"

"ကောင်းပြီ"

ချန်းလုံလည်း လိုက်သွားလေသည်။

ဧည့်ခန်းဆောင်ကြီးအတွင်းသို့ ရောက်ရှိသွားသောအခါ အသင့်စောင့်ကြိုနေသော မိန်းကလေးတစ်ယောက်ကို တွေ့ရလေသည်။

ထိုမိန်းကလေးမှာ ငယ်ရွယ်နုပျိုပြီး ချောမောလှပသူလေး ဖြစ်လေသည်။

ချန်းလုံသည် မိန်းကလေးကို တချက်အကဲခတ်ကြည့်ပြီး မျက်မှောင်ကုပ်သွားလေသည်။

"သည်မိန်းကလေးဟာ သူဌေးကြီးဝူးရီရဲ့သမီး သခင်မလေး ဝူးလျှံတဲ့လား"

ချန်းလုံသည် သူဌေးကြီးဝူးရီ၏သမီးဆိုသည်ကို မယုံနိုင်အောင် ဖြစ်နေသည်။

ဝူးရီတွင် သားသမီး မရှိဟု သိထားခြင်းကြောင့် ဖြစ်သည်။

"ထိုင်ပါရှင်"

ဝူးလျှံဆိုသော မိန်းကလေးက ဖိတ်မန္တက ပြုလာသည်။

သူမသည် လှပချောမောပြီး ရိုးသားသိမ်မွေ့သည့်အသွင်



ရှိလေသည်။

သိုင်းပညာ တတ်မြောက်ထားသော မိန်းကလေးတစ်ယောက်ဟု ထင်စရာမရှိပါချေ။

"ကျေးဇူးပဲ"

ချန်းလုံက ဝူးလျှံနှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်၏။

ဝူးလျှံသည် လူပုသိုင်းသမားတို့အား သတ်ပစ်လိုက်သည့် အနက်ရောင်မိန်းခလေးပင် ဖြစ်ရပေမည်။

သူမသည် လှပချောမောသလောက် ကြောက်စရာကောင်းအောင် ရက်စက်ကြမ်းကြုတ်လှသည် မဟုတ်ပါလား။

ဝူးလျှံက...

"သောက်လိုက်ပါဦး"

အရက်တစ်ခွက် ငှဲ့ပေးလေသည်။

ချန်းလုံက အကဲခတ်ယင်း အလိုက်သင့် ဆက်ဆံသည့်သဘောဖြင့် အရက်တစ်ခွက် သောက်လိုက်လေသည်။ ဝူးလျှံက...

"စားလိုက်ပါဦးရှင်"

စုံလင်လှသော စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးလေသည်။

ချန်းလုံ ပြုံးလိုက်သည်။

"ကျုပ်ဟာ အထူးဧည့်သည်တော်ကြီးတစ်ယောက်လို ဖြစ်နေတာ အတော့်ကို အံ့သြစရာကောင်းတာပဲ"

"မှန်ပါတယ်၊ ရှင်ဟာ ကျွန်မတို့အတွက် အင်မတန် အရေးပါတဲ့ အထူးဧည့်သည်တော်တစ်ယောက်ပါပဲ"

"ကျုပ်က ကိုယ့်ကိုကိုယ် သူတပါးကို အလုပ်အကျွေး ပြုစုရမယ့် သက်တော်စောင့်တစ်ယောက်လို့ ထင်နေတာ"

"မဟုတ်ပါဘူးရှင်၊ တကယ်တော့ ရှင်ဟာ ကျွန်မတို့အတွက် အရေးပါတဲ့ လူတစ်ယောက်ပါ"

"မင်းပြောမှပဲ ကျုပ်ဟာ အရေးပါတဲ့ လူတစ်ယောက်ဆိုတာ သိရတော့တယ်၊ ကဲ ကျုပ်က ဘယ်လိုအရေးပါတာလဲ ပြောစမ်းပါဦး"

"ရှင်ဘယ်လိုအရေးပါတယ်ဆိုတာ မပြောခင်မှာ သိုင်းလောကမှာ ဘာတွေ ဖြစ်ပျက်နေတယ်ဆိုတာ ပြောပြချင်ပါတယ်"

"မင်းတို့လူစုဟာ လျှို့ဝှက်ချက်တွေနဲ့ ပြည့်နှက်နေတဲ့ လူစုပဲ၊ ဒါကြောင့် ဘာတွေ ဖြစ်ပျက်နေတယ်ဆိုတာကို ရှင်းပြယင် သိပ်ကောင်းတာပေါ့"

ဝူးလျှံက...

"ကောင်းပါပြီရှင်"

သူမသည် တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ဆက်ပြောလေသည်။

"သိုင်းလောကထဲမှာ အထူးခြားဆုံး ဖြစ်ရပ်နှစ်ခုဟာ တပြိုင်နက်လိုလို ပေါ်ပေါက်လာခဲ့တယ်ဆိုတာ အားလုံး သိကြသလို ရှင်လည်း သိပါလိမ့်မယ်"

ချန်းလုံက...

"သံမဏိမြို့စားရဲ့သမီး ကိစ္စနဲ့ နတ်မိမယ်ကိစ္စ မဟုတ်လားဗျာ"



"မှန်ပါတယ်ရှင်"

"သည်ကိစ္စနှစ်ခုဟာ ဆက်စပ်နေမယ် ထင်ပါတယ်"

"မှန်ပါတယ်ရှင်"

ဝူးလျှံက ဝန်ခံလိုက်သဖြင့် ချန်းလုံ ကျေနပ်သွားလေသည်။

ဝူးလျှံက...

"ကျွန်မ ပထမဦးဆုံး နတ်မိမယ်နဲ့ သုခဘုံအကြောင်း ပြောပြချင်ပါတယ်"

"ကောင်းပြီ ပြောပါ"

"သိုင်းလောကထဲမှာ နတ်မိမယ်ဆိုတဲ့ အမျိုးသမီးတစ်ယောက် ပေါ်ပေါက်လာတယ်၊ သူဟာ ဆေးဝါးတွေ အသုံးပြုပြီး ထိပ်တန်းသိုင်းသမားတွေကို ချုပ်ကိုင်လိုက်တယ်၊ သူ့ရဲ့ အလုပ်အကျွေး ဖြစ်စေတယ်၊ သူပိုင်တဲ့ သုခဘုံဆိုတာ ထူထောင်လိုက်တယ်"

ထိုကိစ္စများသည် သိုင်းလောကတစ်ခုလုံး သိရှိထားကြပြီး ဖြစ်သလို ချန်းလုံလည်း သိထားပြီး ဖြစ်လေသည်။

ဝူးလျှံက...

"နတ်မိမယ် သုခဘုံကို ထူထောင်လိုက်တဲ့ အကြောင်းရင်းကတော့ ထိပ်တန်းသိုင်းသမားတွေကို လွှမ်းမိုးဖို့ပါပဲ"

"တော်တော်ကောင်းတဲ့ ရည်ရွယ်ချက်ပဲ"

"နတ်မိမယ်ရဲ့ ကြိုးပမ်းမှုဟာ အတော်ကလေး အောင်မြင်ခဲ့ပါတယ်၊ သူ့ရဲ့လက်အောက် ရောက်လာတဲ့ ထိပ်တန်းသိုင်းသမားတွေရဲ့ အထက်မြက်ဆုံး သိုင်းကွက်တွေကို ရယူပြီး မှတ်တမ်းတင်ခဲ့တယ်၊ အတော့်ကို ထက်မြက်တဲ့ မှတ်စုပေါ့။ နတ်မိမယ်ဟာ သိုင်း

ကွက်မှတ်တမ်းကို တစ်နေ့ကျယင် အချိန်ယူလေ့လာပြီး ထိပ်တန်းသိုင်းပညာတစ်ရပ် တီထွင်မယ်လို့ စိတ်ကူးထားပေမယ့် မမျှော်လင့်ဘဲ ပျောက်ဆုံးသွားခဲ့ပါတယ်"

"သိုင်းကွက်မှတ်စု ပျောက်ဆုံးသွားတာ၊ ဟာ လူနှစ်ယောက်နဲ့ ပတ်သက်နေပါတယ်"

"ဘယ်သူတွေလဲဗျ"

"ညီအစ်ကို သိုင်းသမားနှစ်ယောက်ပါရှင်"

"ဟင်"

ချန်းလုံ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ညီအစ်ကို သိုင်းသမားနှစ်ယောက်တွင် သူ၏ဖခင် ချန်းတုနန်နှင့် ယန့်ချစ်၏ဖခင် ယန့်ထိတို့ ပါဝင်ကြသည် မဟုတ်ပါလား။

ချန်းလုံက…

"ညီအစ်ကို သိုင်းသမားနှစ်ယောက်နဲ့ ဘယ်လိုပတ်သက်နေတာလဲ ပြောပါဦး"

မအောင့်အည်းနိုင်ဘဲ မေးလိုက်လေသည်။

ဂူးလျှံက…

"ယန့်ထိနဲ့ ချန်းတုနန်ဆိုတဲ့ သိုင်းသမားနှစ်ယောက်ဟာ သုခဘုံအကြောင်းကို စိတ်ဝင်စားခဲ့ကြတယ်၊ နတ်မိမယ်နဲ့ သုခဘုံကို ဖော်ထုတ်ဖို့ ကြိုးစားခဲ့ကြတယ်၊ သူတို့ဟာ တစ်နေ့မှာ သတင်းတစ်ခု ရခဲ့ကြတယ်"

ချန်းလုံက ဂူးလျှံအား စိုက်ကြည့်လိုက်လေသည်။

ဂူးလျှံ၏စကားများ စိတ်ဝင်စားစရာကောင်းသော်လည်း



သူမ အမှန်အတိုင်း ပြောခြင်းဟုတ်မဟုတ် မသိနိုင်ပါ။

နတ်မိမယ်နှင့် သုခဘုံအကြောင်းကို သိုင်းလောကသားများက ထင်ကြေးအမျိုးမျိုးဖြင့် ပြောဆိုနေကြသည် မဟုတ်ပါလား။

ဂူးလျှံက…

"ယန့်ထိတို့ သတင်းရခဲ့တာကတော့ နတ်မိမယ်နဲ့ သုခဘုံအကြောင်းကို သူဌေးကြီးဂူးရီ ပိုင်ဆိုင်တဲ့ စားသောက်ဆိုင်တွေမှာ စုံစမ်းလို့ ရနိုင်တယ်ဆိုတာပဲ"

"ဒါကြောင့် သိုင်းသမားဝမ်းလုံစန်းကလည်း သူဌေးကြီးဂူးရီရဲ့ စားသောက်ဆိုင်ကို သွားခဲ့တာကိုး"

"ဟုတ်ပါတယ်ရှင်၊ သူတို့ ရခဲ့တဲ့သတင်းဟာ သူဌေးကြီးဂူးရီ ပိုင်ဆိုင်တဲ့ စားသောက်ဆိုင်တွေမှာ သွားရောက်စားသောက်ပြီးတဲ့နောက် သိုင်းသမားတွေ ပျောက်ဆုံးသွားကြတာပါပဲ"

"ကျုပ်သဘောပေါက်ပြီ၊ သူဌေးဂူးရီဟာ သူ့ရဲ့စားသောက်ဆိုင်တွေမှာ လာရောက်ကြတဲ့ သိုင်းသမားတွေကို ဆေးခတ်ထားတဲ့ အစားအစာတွေနဲ့ ဒုက္ခပေးလိုက်တာပဲ ဖြစ်မယ်"

"မှန်ပါတယ်ရှင်"

"သူဌေးဂူးရီဟာ ဆေးမိသွားတဲ့ သိုင်းသမားတွေကို ဖမ်းဆီးပြီး သုခဘုံကို ပို့ဆောင်ပေးရပါတယ်၊ သိုင်းသမားဝမ်းလုံစန်းဟာ စာပေသိုင်းသမားနဲ့အတူ တုံထင်ရေကန်ကို လိုက်သွားတယ်ဆိုတာ မဟုတ်ပါဘူး၊ သူဟာ ဆေးမိသွားတာကြောင့် သုခဘုံကို ရောက်သွားပါပြီရှင်"

"လက်စသပ်တော့ သည်လိုကိုး"

"သိုင်းလောကသားတွေကို ဒုက္ခပေးတဲ့ နေရာမှ သူဌေးကြီး ဂူးရီက ထဲထဲဝင်ဝင် ပါဝင်ပတ်သက်နေတာကိုး၊ နေပါဦး၊ သူက ဘာကြောင့် သည်လိုလုပ်ရတာလဲ"

"သူဌေးဂူးရီဟာ နောက်ကွယ်မှာ ဒုစရိုက်လုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်ယင်း ကျိုကျိုတက် ချမ်းသာကြွယ်ဝနေတယ်၊ ဒါကို သိုင်းလောကသားတွေက စောင့်ကြည့်နေကြတော့ နောက်ကျောမလုံအောင် ဖြစ်နေတယ်လေ"

"ဩော်"

"သူ့ရဲ့အကြောင်း အမှန်အတိုင်း ပေါ်ပေါက်သွားတဲ့ တစ်နေ့ ကျယင် ဒုက္ခရောက်ရမယ် မဟုတ်လား၊ ဒါကြောင့် သိုင်းလောကသားတွေကို ဒုက္ခပေးနိုင်တဲ့ နတ်မိမယ်နဲ့ ပူးပေါင်းလိုက်တာပေါ့ရှင်"

"တော်တော်ဆိုးတဲ့လူပဲ"

"သူဌေးဂူးရီလို လူစားမျိုးက တဘက်တလမ်းက ပါဝင်ကူညီလာတော့လည်း နတ်မိမယ်ဟာ ပိုပြီး လက်မထောင်လာနိုင်တာပေါ့ရှင်"

"ဘာပဲဖြစ်ဖြစ် နောက်ဆုံး တစ်နေ့မှာ သူတို့ရဲ့ မကောင်းတဲ့ လုပ်ရပ်တွေ ပေါ်ပေါက်သွားပြီး ကျဆုံးပျက်စီးသွားရမှာပါ"

"ညီအစ်ကို သိုင်းသမားနှစ်ယောက်ဟာ သူဌေးဂူးရီရဲ့ စားသောက်ဆိုင်ကို ရောက်လာကြတယ်၊ သူတို့ဟာ နတ်မိမယ်နဲ့ သုခဘုံအကြောင်းကို စုံစမ်းယင်း သူဌေးဂူးရီရဲ့ ဆေးခတ်ထားတဲ့ အစားအစာတွေကို စားသောက်မိပြီး ဒုက္ခရောက်သွားကြတယ်"

သူမ စကားဆက်လိုက်ခြင်း ဖြစ်သည်။



ချန်းလုံ ရင်ထိတ်သွားပြန်လေသည်။

သူ၏ဖခင်ကြီးမှာ သုခဘုံအကြောင်း စုံစမ်းယင်း ရန်သူ ထောင်ချောက်ထဲ သက်ဆင်းမိလိုက်သည် မဟုတ်ပါလား။

ဂူးလျှံက...

"သူဌေးဂူးရီက ဆေးမိနေတဲ့ သူတို့နှစ်ယောက်ကို တခြားသိုင်းသမားတွေနဲ့အတူ သုခဘုံကို ပို့လိုက်တယ်၊ အဲသည်မှာ မမျှော်လင့်ဘဲ ပြဿနာ ဖြစ်ပေါ်လာခဲ့တာပဲ"

ချန်းလုံက မေးလိုက်သည်။

"ဘယ်လိုပြဿနာ ဖြစ်တာလဲ ပြောပါဦး"

"ယန့်ထိနဲ့ ချန်းတုနန်တို့ဟာ 'သမားတော်ကျူး'နဲ့ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေ ဖြစ်ကြတယ်၊ သူတို့ဟာ သမားတော်ကျူးဆီက ဆေးဝါးအချို့ရယူပြီး ကြိုတင်ဆောင်ထားခဲ့ကြတယ်"

"သူတို့မှာ ဖြေဆေးရှိနေတာကြောင့် နတ်မိမယ်ရဲ့ စိတ်ပြောင်းဆေးကို မမှုကြဘူးဆိုပါတော့"

"ဟုတ်ပါတယ်ရှင်၊ ဖြေဆေးကြိုသောက်ထားကြကော့ နတ်မိမယ်ရဲ့ စိတ်ပြောင်းဆေးကို မမှုကြပါဘူး၊ သူတို့ဟာ ဆေးမိထားတဲ့လူတွေလို ဟန်ဆောင်ပြီး သုခဘုံကို ရောက်သွားကြတယ်၊ နတ်မိမယ်အကြောင်း စုံစမ်းသိရှိသွားကြတယ်၊ နောက်ဆုံး နတ်မိမယ် မှတ်တမ်းတင်ထားတဲ့ သိုင်းမှတ်စုကို ခိုးယူပြီး ထွက်ပြေးလွတ်မြောက်သွားကြတာပါပဲ"

"မင်းပြောတဲ့ စကားထဲမှာ အဖြစ်မှန်နဲ့ ကွဲလွဲမှုတွေ ရှိနေသေးတာပဲ"

"ဘယ်လိုများ ကွဲလွဲနေတာလဲရှင်"

"ညီအစ်ကို သိုင်းသမားနှစ်ယောက်ဟာ သုခဘုံက ထွက်ပြေးလွတ်မြောက်ခဲ့တယ်လို့ မင်းပြောပေမယ့် ချန်းတုနန်က သေဆုံးသွားတယ်၊ ယန့်ထိလည်း မှုမမှန်ဘဲ စိတ်ဖောက်ပြန်သွားတာ တွေ့ရတယ်"

ဂူးလျှံ ခေါင်းညိတ်လိုက်သည်။

"ကျွန်မ ရှင်းပြပါ့မယ်ရှင်"

"ကောင်းပြီ"

"ညီအစ်ကို သိုင်းသမားနှစ်ယောက် လျှို့ဝှက်သိုင်းကျမ်းမှတ်စုကို ခိုးယူပြီး ထွက်ပြေးသွားကြတာကို သိတာနဲ့ နတ်မိမယ်ဟာ ဓားစကြာအဖွဲ့ကို လိုက်လံသုတ်သင်ခိုင်းလိုက်တယ်၊ တိုက်ပွဲတွေ ဖြစ်ပြီး ချန်းတုနန် သေဆုံးသွားတယ်၊ ယန့်ထိလည်း ဒဏ်ရာတွေနဲ့ လွတ်မြောက်သွားခဲ့တယ်"

"သည်လိုကိုး၊ ယန့်ထိ လွတ်မြောက်သွားပေမယ့် သူ့ရဲ့ စိတ်တွေ မှုမမှန်အောင် ဖြစ်နေတာက ဘာကြောင့်များလဲဗျ"

"ဒါကတော့ သုခဘုံကို ရောက်ပြီးတဲ့ နောက်ပိုင်း နေ့စဉ် စားသောက်ရတဲ့ အစားအစာနဲ့ သောက်ရေထဲမှာ ဆေးခတ်ထားတော့ သူတို့ ဖြေဆေးကြိုသောက်ထားပေမယ့် စိတ်ပြောင်းဆေးရဲ့ ဒဏ်ကို မခံနိုင်အောင် ဖြစ်သွားတာပေါ့ရှင်"

ယန့်ထိနှင့် ချန်းတုနန်တို့၏ ဖြစ်ရပ်မှန်ကို ချန်းလုံ သိလိုက်ရပြီ ဖြစ်လေသည်။

ဖခင်ကြီး သေဆုံးသွားမှန်း သိလိုက်ရခြင်းကြောင့် ရင်ထဲ



ဝမ်းနည်းကြေကွဲလာမလေသည်။

သုခဘုံနှင့် နတ်မိမယ်အား ချေမှုန်းပစ်ရန်လည်း ခိုင်မာစွာ ဆုံးဖြတ်လိုက်လေတော့သည်။

ဂူးလျှံသည် ညီအစ်ကို သိုင်းသမားနှစ်ယောက်အကြောင်းကို ရှင်းပြနေသည်မှာ အကြောင်းရှိရမည်ဟု ကြိုတင်တွက်ဆထားသော ချန်းလုံက…

"ညီအစ်ကို သိုင်းသမားနှစ်ယောက်ရဲ့ အဖြစ်မှန်ကို ရှင်းပြပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ မင်းတို့က ယန့်ထိကို လိုချင်နေကြတာလား"

ဂူးလျှံ ခေါင်းညိတ်လိုက်သည်။

"ဒါအမှန်ပါပဲရှင်၊ ယန့်ထိ လွတ်မြောက်သွားတယ်၊ သူ့ဆီမှာ လျှို့ဝှက်သိုင်းကျမ်းမှတ်စု ပါသွားတယ်၊ ပြီးတော့ သူတို့သားအဖနှစ်ယောက် ပျောက်ဆုံးနေကြတယ်"

ချန်းလုံသည် ယန့်ချစ်၏မျက်နှာကို မြင်ယောင်ကာ ရင်ထဲဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်ခံစားလာရလေသည်။

ဂူးလျှံက…

"ကျွန်မတို့ အခု ခရီးထွက်လာတာဟာ ကျွန်မ နေမကောင်းလို့ ကျန်းမာရေးနဲ့ ညီညွတ်အောင် အပမ်းဖြေခရီးထွက်တာမျိုး မဟုတ်ပါဘူး"

ချန်းလုံက…

"သူဌေးဂူးရီကို နတ်မိမယ်က အကြပ်ကိုင်တယ်၊ သူ့သမီးကို ဆေးခတ်ပြီး သုခဘုံကို ငွေကြေးထောက်ပံ့ခိုင်းတယ်၊ ဒါကြောင့်

နတ်မိမယ် ချိန်းတဲ့နေရာကို ထွက်လာရတယ်ဆိုတာလဲ မဟုတ်ဘူး ပေါ့"

ဂူးလှုံ ခေါင်းခါယမ်းလိုက်သည်။

"ဒါလဲ မဟုတ်ပါဘူးရှင်"

"ဒါဖြင့် အဖြစ်မှန်က ဘယ်လိုလဲ ပြောပါဦး"

ချမ်းလုံ မေးလိုက်သောအခါ ဂူးလှုံက ရှင်းပြလေသည်။

"ကျွန်မတို့ ခရီးထွက်လာတာ ဆေးခတ်ပြီး ဖမ်းဆီးထားတဲ့ သိုင်းသမားတွေကို သုခဘုံကို ပို့ပေးဖို့ပါ"

"လက်စသပ်တော့ သည်လိုကိုး"

ဂူးလှုံက...

"ဒါပေမယ့် သိုင်းလောကသားတွေဟာ ကျွန်မတို့ ခြေလှမ်းကို ရိပ်မိနေကြပြီ၊ ဒါကြောင့်လည်း လူပုသိုင်းသမားတို့လူစုနဲ့ ရင်ဆိုင်ခဲ့ရဝဘပေါ့ရှင်"

လူပုသိုင်းသမားတို့လူစုသည် သူဌေးကြီးဂူးရီ၏ အကြံအစည်ကို ရိပ်မိနေကြသဖြင့် လိုက်လာခဲ့ကြခြင်း ဖြစ်ပေသည်။

သို့သော် ဂူးလှုံ၏လက်ချက်ဖြင့် ကံဆိုးသွားခဲ့ကြပြီ ဖြစ်လေသည်။

ဂူးလှုံက...

"ရှင်က လွတ်မြောက်သွားတဲ့ လူပုသိုင်းသမားအကြောင်းကို တွေးနေတာလားရှင်"

ချမ်းလုံ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"



"ရှင်သိပ်ပြီး ခေါင်းရှုပ်မခံပါနဲ့ရှင်၊ လူပုသိုင်းသမား သေဆုံးသွားပါပြီ"

"ဟင်"

"သူဟာ ဒဏ်ရာတွေ ရထားတဲ့ကြားက ထွက်ပြေးသွားနိုင်ခဲ့ပေမယ့် နောက်ဆုံးတော့ ဓားစကြာအဖွဲ့လက်ထဲက ပြေးမလွတ်နိုင်ခဲ့ပါဘူး၊ သူ့ကို ဓားစကြာအဖွဲ့က သုတ်သင်လိုက်ပါပြီ"

"တောက်"

"ကျွန်မတို့ရဲ့ ခရီးစဉ်မှာ ပါလာတဲ့ ဆေးမိနေတဲ့ သိုင်းသမားတွေကိုလည်း ဓားစကြာအဖွဲ့ကပဲ လွှဲပြောင်းယူပြီး သုခဘုံကို ပို့လိုက်ပါပြီရှင်"

"နေပါဦး၊ ဓားစကြာအဖွဲ့ဆိုတာ ရွှေရောင်မင်းသားဝမ်းပို့ ခေါင်းဆောင်တဲ့ သိုင်းအဖွဲ့ မဟုတ်လား၊ သူတို့ဟာ သိုင်းပညာ အားကိုးနဲ့ ထင်ရာစိုင်းနေတာကြောင့် သိုင်းလောကသားတွေက သဘောမကျကြဘူး၊ သံမဏိမြို့စားနဲ့ ပတ်သက်နေလို့သာ သူတို့ကို လက်ပိုက်ကြည့်နေကြတာပဲ"

ဂူးလှုံ ပြုံးလိုက်ပြန်သည်။

"ဓားစကြာအဖွဲ့ခေါင်းဆောင်ဟာ ရွှေရောင်မင်းသားလေး ဝမ်းပို့ဆိုတာ မှန်ပါတယ်ရှင်၊ သံမဏိမြို့စားကြီးနဲ့ ပတ်သက်နေတာလဲ မှန်ပါတယ်"

သံမဏိမြို့စားသည် တစ်ခေတ်တွင် တစ်ယောက်ဆိုသလောက် ထူးချွန်ထက်မြက်သော သိုင်းရာဇာကြီးတစ်ယောက် ဖြစ်လေသည်။

စိတ်ထားခက်ထန်ပြီး ထင်ရာစိုင်းတတ်သော်လည်း သိုင်းလောက၌ နာမည်ပျက် ရှိခဲ့သူ မဟုတ်ပါချေ။

သို့သော် သိုင်းလောကသားများသည် သံမဏိမြို့စားနှင့် ထိပ်တိုက်ရင်မဆိုင်လိုကြဘဲ ရှောင်ရှားကြသည်။

သံမဏိမြို့စားကြီး၏သမီး သခင်မလေးကျင်းကျင်းကား ဖခင်ထံမှ သိုင်းပညာအမွေ ရရှိထားပြီး အလွန်ခက်ထန်မောက်မာသူ ဖြစ်နေသည်။

သူမနှင့် ရွှေရောင်မင်းသားဝမ်းပို့တို့သည် စေ့စပ်ကြောင်းလမ်းထားပြီး မကြာမီ လက်ထပ်ကြမည် ဖြစ်သည်။

သခင်မလေးကျင်းကျင်းနှင့် ဓားစကြာအဖွဲ့ခေါင်းဆောင် ရွှေရောင်မင်းသားဝမ်းပို့တို့အား သိုင်းလောကအတွက် မလိုလားအပ်သူများဟု သတ်မှတ်ထားကြသော်လည်း သံမဏိမြို့စား၏ အရှိန်အဝါကြောင့် တို့ထိဖို့ မဝန့်အောင် ရှိကြလေသည်။

သခင်လေးကျင်းကျင်းနှင့် ဝမ်းပို့တို့ကလည်း သံမဏိမြို့စား၏ အရှိန်အဝါဖြင့် ထင်ရာစိုင်းနေကြတော့သည်။

ချုန်းလုံက...

"ဓားစကြာအဖွဲ့ဟာ နတ်မိမယ်ကို အလုပ်အကျွေး ပြုနေတယ် ဆိုပါတော့"

"ဟုတ်ပါတယ်ရှင်"

"ဝမ်းပို့က မာနကြီးတာပဲ၊ နတ်မိမယ် ခိုင်းတာကို သူလုပ်နေရတယ်ဆိုယင် နတ်မိမယ်ဟာ သခင်မလေးကျင်းကျင်း ဖြစ်နေမှာပေါ့"



"နတ်မိမယ်ဆိုတာ သခင်မလေးကျင်းကျင်းပါပဲရှင်"

"သံမဏိမြို့စားကြီးက သခင်မလေးကျင်းကျင်း ထင်ရာစိုင်းနေတာကို သည်အတိုင်း လက်ပိုက်ကြည့်နေတာပဲလား၊ ဘာမှ မပြောဘူးလား"

"မြို့စားကြီး ဘာမှ ပြောနိုင်တော့မှာ မဟုတ်ပါဘူး"

"ဘာဖြစ်လို့လဲ"

"မြို့စားကြီး သေဆုံးသွားခဲ့ပါပြီရှင်"

"ဟာ"

"သံမဏိမြို့စား သေဆုံးသွားပြီ ဟုတ်လား၊ ဘယ်လိုဖြစ်တာလဲ"

ဂူးလျှံက အေးတိအေးစက် ပြောသည်။

"သခင်မလေးက လုပ်ကြံလိုက်တာ"

"ဟာ မဖြစ်နိုင်တာ"

"ကျွန်မ အမှန်အတိုင်း ပြောတာပါရှင်"

"သခင်မလေး ရက်စက်လှချည်လား"

"သူရက်စက်ဝံ့မှာပေါ့လေ၊ သူဟာ သမီးအရင်း မဟုတ်ဘဲ မွေးစားသမီး ဖြစ်နေတယ် မဟုတ်လား၊ သူ့ရဲ့လုပ်ရပ်တွေကို မြို့စားကြီးက သဘောမကျဘဲ တားမြစ်လာတာကြောင့် လုပ်ကြံလိုက်တာပဲရှင်"

သခင်မလေးကျင်းကျင်းမှာ အလွန်ရက်စက်ကြမ်းကြုတ်ပြီး ကြောက်စရာကောင်းသူ ဖြစ်နေသည်။

သူမအား မည်သူမျှ တားဆီးခြင်း မပြုနိုင်ကြတော့ပြီလော။

"မြို့စားကြီး မရှိတော့ဘူးဆိုတာကိုသာ သိုင်းလောကသားတွေ သိသွားကြယင် သူ ခုလို သောင်းကျန်းနေတာကို ဘယ်သူမှ လက်ပိုက်ကြည့်နေကြတော့မှာ မဟုတ်ဘူး"

ဂူးလှျံက...

"သခင်မလေးကလည်း သည်အချက်ကို နားလည်ထားပါတယ်၊ ဒါကြောင့်လည်း သံမဏိမြို့စား မရှိတော့တဲ့အကြောင်း ဘယ်သူမှ မသိအောင် လျှို့ဝှက်ထားတာပေါ့ရှင်"

ချန်းလုံ မေးလိုက်သည်။

"ဘယ်သူမှ မသိအောင် လျှို့ဝှက်ထားတယ်ဆိုပြီး ဘာကြောင့် ကျုပ်ကို ပြောပြရတာလဲဗျ"

ဂူးလှျံက...

"နောက်တော့ ရှင်သိလာမှာပါရှင်"

နတ်မိမယ်သည် သခင်မလေးကျင်းကျင်းဖြစ်ကြောင်း ပေါ်ပေါက်နေပြီ ဖြစ်ပါသည်။

ရှုပ်ထွေးသည် ထင်ရသော အဖြစ်အပျက်များမှာ ရှင်းရှင်းလင်းလင်း ဖြစ်သွားချေပြီ။

ချန်းလုံက...

"မင်းက ကျုပ်ကို ခုလိုဖွင့်ပြောပြနေတာကိုသာ သခင်မလေးကျင်းကျင်း သိသွားယင် မင်းကို အပြစ်ပေးနိုင်တယ်ဆိုတာ မတွေးမိဘူးလား"

"သခင်မလေးက ကျွန်မကို အပြစ်ပေးမှာ မဟုတ်ပါဘူးရှင်"



"ဘာဖြစ်လို့လဲ"

"သူကိုယ်တိုင် ပြောပြခိုင်းတာမို့ပါ"

"ဗျာ"

"သူကိုယ်တိုင် ကျုပ်သိအောင် ရှင်းပြခိုင်းတာ ဘာသဘောလဲ"

ဂူးလှျံက...

"သခင်မလေးကိုယ်တိုင် ပြောပြပါလိမ့်မယ်ရှင်"

စကားဆုံးလျှင် သူမ ထိုင်ရာမှ ထလိုက်လေသည်။

ချန်းလုံ မျက်မှောင်ကုပ်သွား၏။

သို့သော် အဘယ်ကြောင့် ဂူးလှျံ စကားစဖြတ်ကာ ထရပ်လိုက်ကြောင်း နားလည်လိုက်ရ၏။

အဖြူရောင်ဝတ်ဆင်ထားသော မိန်းခလေးတစ်ယောက် ရောက်လာသည် မဟုတ်ပါလား။

ထိုမိန်းခလေးမှာ သခင်မလေးကျင်းကျင်း ဖြစ်နေပါတော့သည်။

♠ ♠ ♠

## အပေးအယူ

သခင်မလေးကျင်းကျင်း ရောက်လာပြီ ဖြစ်သည်။

ယွဲ့ကူးနှင့် ဂူးလျှံတို့ ဒူးထောက်ဂါရဝ ပြုလိုက်ကြ၏။

ကျင်းကျင်းက လက်ဝှေ့ယမ်းပြလိုက်သည်။

ယွဲ့ကူးနှင့် ဂူးလျှံတို့ နောက်ဆုတ်သွားကြပြီး မလှုပ်မယှက် ရပ်နေလိုက်ကြလေသည်။

ချန်းလုံက ကျင်းကျင်းတို့အား အကဲခတ် ကြည့်လိုက်၏။

သခင်မလေးကျင်းကျင်းမှာ နတ်မိမယ်လေးတစ်ယောက် အလား ချောမောလှပသူလေး ဖြစ်လေသည်။



ဂူးလျှံနှင့် ယွဲ့ကူးတို့၏အလှသည် ကျင်းကျင်းနှင့်ယှဉ်လျှင် လဝန်းနှင့် ပိုးစုန်းကြူးအလား အပုံကြီး ကွာခြားသွား၏။

ဂူးလျှံနှင့် ယွဲ့ကူးတို့၏အလှများ မှေးမှိန်သွားရလေတော့သည်။

ကျင်းကျင်းသည် ချန်းလုံနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်လေသည်။

ချန်းလုံမှာ ကြောက်စရာကောင်းသော အေးစိမ့်သည့် အငွေ့အသက်များ ခံစားလိုက်ရလေသည်။

အချိန်မရွေး ရင်ဆိုင်တိုက်ခိုက်နိုင်ရန် အသင့်ပြင်ထားလိုက်လေသည်။

ကျင်းကျင်း ပြုံးလိုက်သည်။

"ကျွန်မတို့ဟာ ရန်သူလို သဘောထားယင် ရန်သူတွေ ဖြစ်လာကြမယ်၊ မိတ်ဆွေလို သဘောထားယင် မိတ်ဆွေတွေ ဖြစ်လာကြမှာပဲ မဟုတ်လားရှင်"

"ကျုပ်တို့နှစ်ယောက် မိတ်ဆွေဖြစ်စရာကော အကြောင်းရှိလို့လား"

"မရှိပါဘူး၊ ရှင့်အတွက် မျှော်လင့်နိုင်တာက ကျွန်မကို အလုပ်အကျွေး ပြုစုဖို့ပါပဲ"

"ဟား...ဟား...ဟား"

ချန်းလုံ ဟားတိုက်ရယ်မောလိုက်လေသည်။

ကျင်းကျင်းက သူ့အား စိုက်ကြည့်လိုက် ည်။

"ချန်းလုံ၊ ရှင်ဟာ ကျင်းလိမ်မြို့စားရဲ့ လက်ရုံးသိုင်းသမား

ဆိုတာ ကျွန်မ သိပါတယ်"

"ဒါပေါ့ဗျာ၊ ကျင်းလိမ်မြို့စားကြီးဟာ သိုင်းလောကမှာ ဖြစ်ပေါ်နေတဲ့ မကောင်းမှုတွေ၊ ဒုစရိုက်မှုတွေကို တားဆီးနှိမ်နင်းဖို့ ဘုရင်မင်းမြတ်ကိုယ်တိုင် စီရင်ပိုင်ခွင့် ပေးထားသူပဲ၊ နတ်မိမယ်နဲ့ သုခဘုံကိစ္စကို မြို့စားကြီး သိသွားယင် ဘယ်လွယ်ပါ့မလဲဗျာ"

ကျင်းကျင်းက…

"ရှင်သာ ကျွန်မနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုယင် ကျင်းလိမ်မြို့စားကြီးကို မှုစရာလိုပါ့မလားရှင်"

"ကျုပ်က မင်းနဲ့ ဘယ်တော့မှ ပူးပေါင်းမှာ မဟုတ်ဘူးဆိုတာ မှတ်ထားစမ်းပါ"

"သည်လိုလဲ ယတိပြတ် မပြောပါနဲ့ဦးလေ၊ ကျွန်မ ပြောတာကိုလည်း နားထောင်စမ်းပါဦး"

"မင်း ဘာပြောချင်လို့လဲ"

"ကျွန်မဟာ လီမျိုးနွယ်ရဲ့ သိုင်းကျမ်းနဲ့ ညီအစ်ကို သိုင်းသမားနှစ်ယောက် ခိုးယူသွားကြတဲ့ လျှို့ဝှက်သိုင်းမှတ်စုကိုသာ ရမယ်ဆိုယင် သိုင်းလောကတစ်ခုလုံးကိုတောင် မှုစရာလိုတော့မှာ မဟုတ်ဘူး"

ချန်းလုံ မျက်မှောင်ကုပ်သွားလေသည်။

သုခဘုံ၊ ညီအစ်ကို သိုင်းသမားနှစ်ယောက်နှင့် လျှို့ဝှက်သိုင်းမှတ်စုအကြောင်း ရှင်းရှင်းလင်းလင်း ဖြစ်သွားသော်လည်း လီမျိုးနွယ်ဂေဟာနှင့် သခင်မလေးကျင်းကျင်းတို့ ပတ်သက်ခဲ့ပုံကိုကောင်းစွာ မရှင်းလင်းသေးချေ။



ထို့ကြောင့် အခွင့်အရေးရခိုက် မေးလိုက်လေသည်။

"မင်းက လီမျိုးနွယ်တွေကို မတရားဒုက္ခပေးခဲ့တာပဲ၊ အဲဒါ ဘာကြောင့်လည်း သူတို့ရဲ့ သိုင်းကျမ်းကြောင့် ဟုတ်လား"

ကျင်းကျင်း ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်ရှင်"

သူမ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပြောင်နေလေသည်။

"ကျွန်မရဲ့ မွေးစားအဖေနဲ့ လီဂေဟာပိုင်ရှင် လီစုတို့ဟာ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေပါ၊ လီစုဟာ တနေ့မှာ ခရီးသွားယင်း ရှေးဟောင်းသင်္ချိုင်းပျက်တစ်ခုကို ရောက်သွားပြီး ပြိုပျက်နေတဲ့ အုတ်ဂူတစ်ခုထဲက ရွှေငွေကျောက်သံပတ္တမြားတွေနဲ့ သိုင်းကျမ်းတစ်ခု ရခဲ့တယ်၊ ယေဘုယျအားဖြင့် လက်ဝါးသိုင်းကျမ်းလို့ ပြောနိုင်ပါတယ်"

ချန်းလုံ စိတ်ဝင်စားစွာ နားထောင်နေလိုက်လေသည်။

ကျင်းကျင်းက…

"လီစုဟာ သိုင်းကျမ်းအကြောင်း ဖေဖေ့ကို ပြောပြခဲ့တယ်၊ ဖေဖေက လီစု ရခဲ့တဲ့ သိုင်းကျမ်းဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးရာကျော်က စစ်သူကြီးတစ်ယောက် စီရင်ခဲ့တဲ့ သိုင်းကျမ်းလို့ ပြောတယ်၊ ပြိုင်ဘက်ကင်းတဲ့ လက်ဝါးသိုင်းကျမ်းလို့ သုံးသပ်ခဲ့တာကြောင့် ကျွန်မအတော့်ကို သဘောကျမိတယ်"

သူမသည် သိုင်းပညာနှင့် ပတ်သက်လျှင် အလွန်လောဘကြီးသူဖြစ်ကြောင်း ချန်းလုံ ဆင်ခြင်မိလိုက်လေသည်။

ကျင်းကျင်းက…

"ဒါပေမယ့် လီစုက သိုင်းကျမ်းကို လေ့လာခွင့်ပြုဖို့ သဘောမတူဘဲ ငြင်းလိုက်တယ်၊ ကျွန်မရဲ့ အဖေကိုယ်တိုင်သွားပြီး မေတ္တာရပ်ခံတော့မှ တစ်ချို့တစ်ဝက်ကို လေ့လာခွင့် ပြုလိုက်ပါတယ်"

ချန်းလုံက...

"ဘာပဲဖြစ်ဖြစ် မင်းကို လေ့လာခွင့်ပြုတာတောင် ကျေးဇူးတင်ဖို့ ကောင်းနေပြီ"

ကျင်းကျင်းက မကြားချင်ဟန်ဆောင်ကာ ဆက်ပြောသည်။

"လက်ဝါးသိုင်းကျမ်းဟာ အတော့်ကို ထက်မြက်နေတယ်၊ ကျွန်မ လေ့လာကြည့်ပြီး သဘောကျသွားတယ်၊ အရမ်းကို လိုချင်မက်မောမိတယ်၊ ဒါကြောင့် လီစုဆီက ရအောင်ယူဖို့ ဆုံးဖြတ်လိုက်တာ"

ချန်းလုံက...

"လီစုက မပေးဘဲ ငြင်းတော့ မင်းက သူတို့မိသားစုကို နှောင့်ယှက်ပေးလိုက်တယ် ဟုတ်လား"

"ကျွန်မကို အာခံယင် ဘယ်သူ့ကိုမှ ချမ်းသာမပေးနိုင်ဘူးရှင်"

"ကျုပ်က အာခံမယ်ဆိုယင်ကော"

"ရှင် အာခံမှာ မဟုတ်ပါဘူး"

"မင်း ဘာကြောင့် သည်လို ပြောနိုင်တာလဲ"

"ရှင်ဟာ ကျွန်မနဲ့ ပူးပေါင်းဆောင်ရွက်လိမ့်မယ်လို့ ယုံကြည်ထားလို့ပါရှင်"

"ဟား...ဟား...ဟား"



"ကျုပ်က သခင်မလေးကျင်းကျင်းဟာ အင်မတန် ထက်မြက်တဲ့ မိန်းခလေးတစ်ယောက် ဖြစ်ရမယ်လို့ ယုံကြည်ထားခဲ့တာ၊ ခုမှ မှားမှန်းသိရတော့တယ်"

"ဘာကြောင့် သည်လို ပြောရတာလဲရှင်"

"မင်း လူကဲခတ်ညံ့လို့ပေါ့"

ကျင်းကျင်း ခေါင်းခါယမ်းလိုက်သည်။

"မမှားနိုင်ပါဘူးရှင်၊ ပြီးတော့ ကျွန်မဘက်က သေချာလို့ ပြောနေတာပါ"

"ဟဲ မင်းဘယ်လိုသေချာတာလဲ ပြောပါဦး"

"ရှင်သောက်လိုက်တဲ့ အရက်ထဲမှာ ကျွန်မ ဆေးခတ်ထားလိုက်တယ်လေ"

"ဘာ"

မမျှော်လင့်ဘဲ ကြားလိုက်ရသော စကားကြောင့် ချန်းလုံ ရင်ထိတ်သွားလေသည်။

ကျင်းကျင်းက...

"သမားတော်ကျူးဟာ ဆေးပညာနဲ့ ပတ်သက်လာယင် သိုင်းလောကမှာ အတော်ဆုံးပဲရှင်"

"မင်းက သမားတော်ကျူးကို အကြပ်ကိုင်ပြီး စိတ်ပြောင်းစေတဲ့ ဆေးဝါးတွေကို ဖော်စပ်ခိုင်းခဲ့တယ် ဟုတ်လား"

"ရှင် ဘယ်လိုထင်လို့လဲ"

"သမားတော်ကျူးဟာ ထိပ်ထိပ်ကျဲ ဆေးဆရာတစ်ယောက် ဖြစ်သလို အဖြူရောင်သိုင်းသမားကြီးတစ်ယောက်လည်း

ဖြစ်တယ်၊ သူ့သဘောနဲ့သူ သိုင်းလောကသားတွေ ဒုက္ခရောက်အောင် လုပ်မှာ မဟုတ်ဘူး၊ သူ့ကို အကြပ်ကိုင်ပြီး မတရားပြုကျင့်မှသာ သည်လိုအလုပ်မျိုး ပြုလုပ်မယ့် လူတစ်ယောက်ဆိုတာ ကျုပ်နားလည်ထားလို့ပဲ”

“ရှင်ပြောသလို မဟုတ်ပါဘူးရှင်၊ သမားတော်ကျူးဟာ ဆေးဝါးအမျိုးမျိုး စမ်းသပ်တီထွင်ယင်း လူ့စိတ်ကို ပြောင်းလဲသွားစေနိုင်တဲ့ ဆေးတချို့ ဖော်စပ်နိုင်ခဲ့တယ်၊ ဒါကို သတင်းရသွားတဲ့ ရွှေမင်းသားဝမ်းပို့က လူလွှတ်ပြီး ခိုးယူခိုင်းလိုက်တာကြောင့် ကျွန်မလက်ထဲ ရောက်လာတာပါ၊ နောက်ပိုင်းမှာ သမားတော်ကျူးက စိတ်ပြောင်းဆေး မသောက်မိသူတွေ လက်ထဲ ရောက်သွားပြီး ပြဿနာဖြစ်ပေါ်လာမှာကို စိုးရိမ်ပြီး ဖြေဆေးဖော်စပ်ခဲ့တယ်လို့ သိရပါတယ်ရှင်”

“သမားတော်ကျူးဟာ သုခဘုံနဲ့ မပတ်သက်ဘူးဆိုယင်တော်သေးတာပေါ့”

“ပတ်သက်စရာလည်း အကြောင်းမရှိပါဘူးလေ၊ သမားတော်ကျူးဟာ ကျွန်မရဲ့ မဟာရန်သူတော်တွေ ဖြစ်တဲ့ လီမျိုးနွယ်တွေရဲ့ မိတ်ဆွေ ဖြစ်နေတာပဲ”

“လီဂေဟာပိုင်ရှင် လီစုရဲ့သား သခင်လေးလီထင်း လွတ်မြောက်သွားတယ် မဟုတ်လား၊ မင်းလိုချင်နေတဲ့ လက်ဝါးသိုင်းကျမ်းဟာ သူ့ဆီပါသွားမှာပေါ့”

“လီထင်း ကံကောင်းပြီး လွတ်မြောက်နေပေမယ့် မကြာခင် ကျွန်မလက်ထဲ ရောက်လာရမှာပါ၊ ဒါက ကျွန်မကိစ္စပါ၊ ရှင်နဲ့ဆိုင်



တဲ့ ကိစ္စကို ပြောရအောင်”

ချန်းလုံသည် ကျင်းကျင်းနှင့် စကားပြောယင်း အတွင်းအားကို မသိမသာ ဖော်ထုတ်ကြည့်လိုက်လေသည်။

ထိုအခါ သူ၏အတွင်းအားများ ဖော်ထုတ်၍ မရဘဲ ပျောက်ကွယ်နေကြောင်း တွေ့လိုက်ရလေသည်။

ထို့အပြင် ဦးခေါင်းထဲ ရီဝေမူးနောက်လာသည်ကိုလည်း သတိပြုမိလိုက်လေသည်။

“ငါ တကယ်ပဲ အကောက်ကြံခံလိုက်ရပြီ”

စိတ်မှုမမှန်ဘဲ ရှူးသွပ်နေသည့် ယန့်ထိအား ပြန်လည်မြင်ယောင်လာလေသည်။

ကျင်းကျင်း၏ စိတ်ပြောင်းဆေးကြောင့် ဒုက္ခရောက်ရတော့မည် ဖြစ်သည်။

ကျင်းကျင်းက...

“တည်းခိုခန်းမှာ ဂူးလျှံက လူပုသိုင်းသမားတို့လူစုကို သုတ်သင်နေချိန်မှာ မိန်းကလေးတစ်ယောက် လာပြီး နှောင့်ယှက်ခဲ့တယ်၊ အဲဒါ ဘယ်သူလဲ ပြောပါ”

“ရုပ်ဆိုးမအသွင် ရုပ်ဖျက်ထားတဲ့ အဲသည် မိန်းကလေးဟာ ယန့်ထိရဲ့သမီး ယန့်ချစ် မဟုတ်လား”

“ကျုပ် မသိဘူး”

“ယန့်ထိ လွတ်မြောက်သွားပြီး သူ့သမီး ယန့်ချစ်ဆီကို ပြန်ရောက်သွားတယ်ဆိုတာ ကျွန်မ သတင်းကြားပြီးပါပြီ၊ ယန့်ထိတို့သားအဖဟာ ကျွန်မရဲ့ သိုင်းမှတ်စုနဲ့အတူ ပျောက်ဆုံးနေတာ သုံးနှစ်

လောက် ရှိနေပြီ"

ချန်းလုံသည် ဂူးလျှံအား တိုက်ခိုက်ခဲ့သည့် ရုပ်ဆိုးမအား မြင်ယောင်လာလေသည်။

ရုပ်ဆိုးမ၏သိုင်းပညာ ထက်မြက်နေသဖြင့် ဂူးလျှံပင် ရှောင်ထွက်သွားခဲ့ရသည် မဟုတ်ပါလား။

ရုပ်ဆိုးမသာ ယန့်ချစ် ဖြစ်နေမည်ဆိုပါလျှင် သုံးနှစ်အတွင်း ယန့်ထိ ယူလာသော သိုင်းမှတ်စုကို ယန့်ချစ်က လေ့လာနိုင်ခဲ့သည်ဆိုပါလျှင်...

ကျင်းကျင်းက...

"ရှင်နဲ့ ယန့်ချစ်ဟာ ချစ်သူတွေလို့ ကျွန်မသိထားတယ်၊ ရှင်သာ ကျွန်မလက်ထဲ ရောက်နေမယ်ဆိုယင် ယန့်ချစ်ကို ဖမ်းမိဖို့လည်း မပူရတော့ဘူးပေါ့ရှင်"

"မင်းက ကျုပ်ကို အသုံးချပြီး ကျင်းလိမ်မြို့စားကြီးနဲ့ ယန့်ချစ်ကို ဒုက္ခပေးလို့ရမယ်ထင်ယင် မှားသွားလိမ့်မယ်"

"ဘာပဲဖြစ်ဖြစ်၊ ရှင်နဲ့ လီထင်းဟာ ကျွန်မအတွက် အရေးကြီးတဲ့လူတွေ ဖြစ်နေပါပြီရှင်"

ချန်းလုံက...

"မင်းလည်း ကျုပ်အတွက် အရေးကြီးတဲ့ လူတစ်ယောက်ပါပဲ"

စကားဆုံးလျှင် ထိုင်ရာမှ ခုန်ထကာ ကျင်းကျင်းအား တိုက်ခိုက်လိုက်လေတော့သည်။

♠ ♠ ♠



ချန်းလုံသည် ရှိသမျှအင်အား ဖျစ်ညှစ်ထုတ်ကာ ကျင်းကျင်းအား တိုက်ခိုက်လိုက်လေသည်။

ကျင်းကျင်း ပြုံးနေသည်။

သူမ ထိုင်ရာမှ မထပါ။

ချန်းလုံ တိုက်ခိုက်လိုက်သည်နှင့် လက်တစ်ဘက်ကို အသာအယာ ဝှေ့ယမ်းလိုက်လေသည်။

"ဝုန်း"

လေပွေလှိုင်းတစ်ခု ထွက်ပေါ်လာကာ ချန်းလုံထံ တိုးဝင်သွားလေသည်။

ချန်းလုံလည်း အဝေးသို့ လွင့်စင်ကာ ကြမ်းပြင်ပေါ် ခြေပစ်လက်ပစ် ပြုတ်ကျသွားတော့သည်။

ချန်းလုံ ရုတ်တရက် ပြန်မထနိုင်တော့ပါ။

ကျင်းကျင်းက...

"သူ့ကို အခန်းထဲ ထည့်ထားလိုက်"

ယွဲ့ကူးနှင့် ဂူးလျှံတို့အား အမိန့်ပေးလိုက်၏။

ယွဲ့ကူးနှင့် ဂူးလျှံတို့နှစ်ယောက်မှာ သူဌေးဂူးရှီနှင့် ပတ်သက်ခြင်း မရှိကြပါချေ။

သူတို့သည် ကျင်းကျင်း၏အခြွေအရံ မိန်းကလေးများ ဖြစ်ကြလေသည်။

"ကောင်းပါပြီ သခင်မ"

ယွဲ့ကူးနှင့် ဂူးလျှံတို့က ချန်းလုံအား ဖေးမခေါ်ဆောင်သွားကြလေသည်။

ချန်းလုံ ရန်းကန်လှုပ်ရှားနိုင်ခြင်း မရှိတော့ပါချေ။

ခွန်အားများ ကုန်ခမ်းကာ ကျင်းကျင်း၏လက်ချက်ကြောင့် ဒဏ်ရာရသွားပြီ မဟုတ်ပါလား။

ကျင်းကျင်းသည် ချန်းလုံအား တစ်ချက်ကြည့်ပြီး ဧည့်ခန်းမဆောင်ထဲမှ ထွက်သွားလေတော့သည်။

♠ ♠ ♠



## ကယ်တင်ရှင်

ကျင်းကျင်းသည် ချန်းလုံအား ဖမ်းဆီးထားလိုက်ပြီ ဖြစ်၏။

သူမသည် ချန်းလုံအား တည်ကြက်လုပ်ကာ ယန့်ချစ်အား ဆုံးမရန် ကြံစည်ထားသည်။

ကျင်းကျင်း ဧည့်ခန်းမဆောင်ထဲမှ ထွက်လာသောအခါ လူတစ်ယောက် လှမ်းလာနေသည်ကို တွေ့လိုက်ရသည်။

ထိုလူမှာ ရွှေရောင်မင်းသားဝမ်းပို့ ဖြစ်လေသည်။

ကျင်းကျင်း မျက်မှောင်ကုပ်သွားသည်။

"ရှင်က လီထင်းနောက်ကို မလိုက်ဘဲ ဘာကြောင့် သည်နေရာကို လာခဲ့ရတာလဲ"

ဟုဆီးကြိုအပြစ်တင်လိုက်လေသည်။

ဝမ်းပို့ မကျေမနပ် ဖြစ်သွားသည်။

"ကျုပ်က အရေးကြီးလို့ လာခဲ့တယ်ဆိုတာ ညီမ နားလည်ထားပါ"

"ဘာတွေများ အရေးကြီးနေတာလဲ ပြောစမ်းပါဦး"

"သူဌေးဂူးရီ ပြဿနာပေါ်နေပြီ"

"ဘာရှင့်"

"သူဌေးဂူးရီဆီကို ကျင်းလိမ်မြို့စားကြီး ရောက်လာတယ်"

"ဟင်"

ကျင်းကျင်း မျက်နှာပျက်သွားလေသည်။

သိုင်းလောက၏အနက်ရောင် ထိပ်သီးသိုင်းသမားကြီးများပင်လျှင် ကျင်းလိမ်မြို့စားကြီးအား စိုးရွံ့ရသည် မဟုတ်ပါလား။

ကျင်းလိမ်မြို့စားကြီး၏အရှိန်အဝါ ကြီးမားလှပေသည်။

ကျင်းကျင်းက…

"ဘာကြောင့်လဲ"

"သူလွှတ်လိုက်တဲ့ ချန်းလုံ ပျောက်ဆုံးသွားတာကြောင့် ဖြစ်မှာပေါ့"

"ချန်းလုံရဲ့သတင်း ဘာမှ မကြားရလို့လာပြီး စုံစမ်းတာဖြစ်မယ်၊ ကျင်းလိမ်မြို့စားကြီးအကြောင်းကို သခင်မလေး သိပါတယ်၊ သူနဲ့တွေ့ယင် သူဌေးဂူးရီ ခြေလှမ်းမှားသွားမှာ စိုးရိမ်ရတယ်"

"ဂူးရီသာ သစ္စာဖောက်မယ်ဆိုယင် သူ့ကို အယင်ဆုံး သတ်ပစ်ရမှာပဲ"



"သူဌေးဂူးရီက ဉာဏ်များတယ်၊ သိုင်းပညာလည်း မခေဘူး၊ သူ့ကို လွယ်လွယ်နဲ့ သုတ်သင်ရှင်းလင်းပစ်လို့ရမယ် မထင်ဘူး"

"သူ့ထက် ကြောက်စရာကောင်းတဲ့ လူတွေကိုတောင် ကျွန်မ ဆုံးမခဲ့သေးတာပဲရှင်"

"ဒါဖြင့် ဂူးရီကို သခင်မလေး တာဝန်ယူမယ်ဆိုပါတော့"

"ဘာကြောင့် တာဝန်မယူနိုင်ရမှာလဲ၊ သူ့ကို ဆုံးမဖို့ ရှင့်ကို နှိတ်ချနေမယ်များ ထင်လို့လား"

"ကျုပ်က…"

"ရှင်ဟာ သိုင်းပညာ ဟုတ္တိပတ္တိ မရှိတဲ့ လီထင်းကိုတောင် မဆုံးမနိုင်သေးဘဲ ရှင့်ကို ဘယ်လိုလုပ် အားကိုးလို့ရမှာလဲ"

"လီထင်းကို ရှင်းပစ်လိုက်ဆိုယင် ကျုပ်လက်ချက်နဲ့ ဆယ်ခါပြန်လောက် သေသွားပါပြီ၊ အခုတော့…"

"ကျွန်မ လိုချင်တာ မရသေးဘဲ သူ့ကို သတ်ပစ်ဖို့ မပြောနဲ့လေ"

"ကျုပ်က…"

"ကျွန်မ ခိုင်းသလို လုပ်နိုင်အောင်သာ ရှင်ကြိုးစားစမ်းပါ၊ ကဲ ရှင်သည်မှာနေခဲ့၊ ချန်းလုံကို စောင့်ကြည့်ပါ၊ ယန့်ချစ် ရောက်လာယင် မလွှတ်စေနဲ့"

"မင်းဘယ်သွားမလို့လဲ"

"သူဌေးကြီးဂူးရီဆီကို သွားမယ်"

"မင်းက သူဌေးဂူးရီကို သုတ်သင်ပစ်တော့မလို့လား"

"ခုချိန်မှာ ကျွန်မအတွက် သူ့ကို မလိုအပ်တော့ပါဘူးလေ"

ဝမ်းပို့ သက်ပြင်းချလိုက်သည်။

ကျင်းကျင်းအား ငေးမောကြည့်ယင်း...

"မင်းတော်တော် အတွေ့ကြီးပါလား၊ ရက်စက်ပါလား"

ဟုရင်ထဲမှ ရေရွတ်လိုက်လေသည်။

ကျင်းကျင်းက...

"ကဲ ချန်းလုံကို သေသေချာချာ စောင့်ကြည့်ထားပေတော့"

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားလေတော့သည်။

♠ ♠ ♠



ညဥ့်နက်ပြီ ဖြစ်သည်။

အဆောက်အဦးအတွင်း၌ မီးရောင်များ ထိန်ထိန်လင်းနေဆဲ။

ဝမ်းပို့သည် ချန်းလုံ စားသောက်ခဲ့သော စားပွဲ၌ တစ်ယောက်ထဲထိုင်ကာ အရက်သောက်နေသည်။

အရက်သောက်ယင်း သူနှင့် ကျင်းကျင်းတို့ ပတ်သက်ခဲ့ပုံကို တွေးတောစဉ်းစားနေမိလေသည်။

သူ၏ဖခင် ဝမ်းရှောင်သည် ဓားစကြာအဖွဲ့ကို ထူထောင်ကာ သိုင်းလောက၌ အထင်အရှား ရပ်တည်နိုင်ခဲ့သည်။

ဓားစကြာအဖွဲ့ကို ထူထောင်စဉ်က အများအကျိုး သိုင်းလောကအကျိုး သည်ပိုးဆောင်ရွက်မည်ဟူသော ကောင်းမွန်သော ရည်ရွယ်ချက် ထားရှိခဲ့လေသည်။

နောက်ပိုင်းတွင် သိုင်းလောက၌ ရပ်တည်ယင်း တိုက်ပွဲများ ရန်ငြိုးရန်စများနှင့် ရောထွေးယှက်တင် ဖြစ်ခဲ့ရသည်။

ဓားစကြာအဖွဲ့ ရပ်တည်နိုင်ရန် မိမိထက် အင်အားကြီးမားသော ပြိုင်ဘက်များ နှောင့်ယှက်ဖျက်ဆီးမည့်သူများကို ပြတ်ပြတ်သားသား ရင်ဆိုင်ချေမှုန်းခဲ့ရသည်။

ရန်သူကို ပြတ်ပြတ်သားသား တိုက်ခိုက်တတ်သောကြောင့် ရက်စက်ကြမ်းကြုတ်သည်ဟု သတင်းကြီးလာတော့သည်။

သိုင်းလောကသားများ၏ ငြိုငြင်မှုခံလာရလေသည်။

ဓားစကြာအဖွဲ့ခေါင်းဆောင် ဝမ်းရှောင် ကံဟောင်းသွားသည်မှာ တောတောင်ထဲ၌ ဒုက္ခရောက်နေသူတစ်ယောက်အား ကူ

ညီခဲ့ဖူးခြင်း ဖြစ်သည်။

ထိုလူသည် နောက်ပိုင်းတွင် ပြိုင်ဘက်ကင်းသိုင်းသမား သံမဏိမြို့စား ဖြစ်လာလေသည်။

သံမဏိမြို့စားသည် ဝမ်းရှောင်၏ကျေးဇူးကို မမေ့ဘဲ အမြဲ ထုတ်ဖော်ပြောဆိုတတ်လေသည်။

သံမဏိမြို့စား၏ အရှိန်အဝါကြောင့် ဝမ်းရှောင်၏ ဓားစကြာအဖွဲ့ကို မည်သူမျှ မနှောင့်ယှက်ဝံ့တော့ဘဲ သံမဏိမြို့စားနှင့် ဝမ်းရှောင်တို့သည် သားသမီးများ ကြီးပြင်းလာသည့် တစ်နေ့တွင် ရွှေလမ်းငွေလမ်းဖောက်ရန် ကတိထားခဲ့ကြလေသည်။

တစ်နေ့တွင် ဝမ်းရှောင်သည် ရန်သူများနှင့် ရင်ဆိုင်ယင်း ကျဆုံးသွားခဲ့သည်။

ထို့ကြောင့် ဝမ်းပို့က ဓားစကြာအဖွဲ့ခေါင်းဆောင် ဖြစ်လာခဲ့သည်။

ဝမ်းပို့သည် သခင်မလေးကျင်းကျင်းနှင့် လက်ထပ်ရမည့်သူ အဖြစ် သိုင်းလောက၌ ဝင့်ကြွားစွာ ရပ်တည်နိုင်ခဲ့လေသည်။

ဝမ်းပို့သည် သခင်မလေးကျင်းကျင်းနှင့် ပတ်သက်ခဲ့ရပုံများကို တွေးတောစဉ်းစားနေစဉ်မှာပင် ခြေသံသဲ့သဲ့ ကြားလိုက်ရလေသည်။

ဝမ်းပို့ ကြည့်လိုက်သောအခါ ရုပ်ဆိုးအမျိုးသမီးတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့လိုက်ရလေသည်။

ဝမ်းပို့ သက်ပြင်းချလိုက်သည်။

"မင်းရောက်လာပြီကိုး"



"ရှင်တို့က ချန်းလုံကို ဖမ်းဆီးထားတော့လည်း ကျွန်မ လာခဲ့ရတာပေါ့ရှင်"

"မင်းက ချန်းလုံကို ကယ်တင်ချင်တယ် ဟုတ်လား"

"သူ့ကို ဘယ်သူမှ ဒုက္ခပေးလို့ မရဘူးရှင်"

"မင်းက ဘယ်သူတွေနဲ့ ရင်ဆိုင်နေရတယ်ဆိုတာ မေ့နေပြီ ထင်တယ်"

"သခင်မလေးကျင်းကျင်းနဲ့ ရွှေမင်းသားဝမ်းပို့ဟာ ကြောက်စရာကောင်းတဲ့ လူတွေဆိုတာ ကျွန်မ ကောင်းကောင်းကြီး သိထားတာပေါ့ရှင်"

"မင်းသည်လို သိထားလျက်နဲ့ သည်ကို လာဝံ့တာ နည်းတဲ့ သတ္တိ မဟုတ်ဘူး"

"ဒါကတော့ ချန်းလုံဟာ ရှင်တို့ လက်ထဲမှာ ရောက်နေတာကိုး"

"ဪ"

"မင်းက ချန်းလုံအပေါ်မှာ တော်တော်စေတနာရှိတယ် ထင်ပါရဲ့"

"ရှင်က ကျင်းကျင်းအပေါ်မှာထားတဲ့ စေတနာထက် ပိုတာပေါ့ရှင်"

"ကျွန်မနဲ့ ချန်းလုံတို့ တစ်ယောက်အပေါ်တစ်ယောက် စေတနာ ရှိကြတယ်၊ ဒါပေမယ့် ရှင်တို့ကို ကြည့်ရတာတော့ တစ်ခုခု လိုနေသလိုပဲ"

"ဘာများလိုနေလို့လဲ"

"ရှင်က စေတနာရှိသလောက် ကျင်းကျင်းကတော့ ရှင့်အပေါ်မှာ စေတနာ မရှိဘူးထင်တယ်"

"ကျင်းကျင်းဟာ သူခိုင်းချင်တာ မှန်သမျှ ရှင့်ကို ခိုင်းတယ်၊ ဒါပေမယ့် တစ်စက်ကလေးမှ မျက်နှာသာ မပေးခဲ့ဘူး"

"ရှင်က သူ့အကြိုက် သူ့လိုအင်ဆန္ဒမှန်သမျှ ပြည့်ဝအောင် ကြိုးစားလုပ်ကိုင် ဆောင်ရွက်ပေးပေမယ့် သူကတော့ အော်လိုက်ငေါက်လိုက်နဲ့ပါလားရှင်"

"ဒါတော့ ကျုပ်ကုသိုလ်ပဲပေါ့လေ"

"သူက သူဌေးဂူးရီဆီကို သွားတယ် မဟုတ်လား"

"မင်းက ကျုပ်တို့အကြောင်းတွေကို သိနေပါလား"

"ကျွန်မက ရှင်တို့ကို စောင့်ကြည့်နေခဲ့တာကိုး"

"ဟုတ်တယ်၊ သူက သူဌေးဂူးရီဆီကို သွားတာပဲ၊ ဒါပေမယ့် ကျုပ်သည်မှာ ရှိနေသေးတာပဲ မဟုတ်လား"

ရုပ်ဆိုးမ သက်ပြင်းချလိုက်ပြန်သည်။

"သူဌေးဂူးရီကို အသုံးမလိုတော့တဲ့အခါ နှုတ်ပိတ်ပစ်လိမ့်မယ်"

ဝမ်းပို့ ဘာမှမပြောဘဲ နေလိုက်၏။

ရုပ်ဆိုးမက သူ့အား စိုက်ကြည့်လိုက်သည်။

"တစ်နေ့ ရှင်ဟာ သူ့အတွက် အသုံးမဝင်တော့ဘူးဆိုယင်ကော"

ဝမ်းပို့၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။ ကျင်းကျင်းသည် မြွေဟောက်တစ်ကောင်ကဲ့သို့ အဆိပ်ပြင်းသော မိန်းခလေးတစ်ယောက် မဟုတ်ပါလား။



သူမအတွက် အသုံးမဝင်တော့သည့် တစ်နေ့တွင် သူ့ကိုလည်း ဖယ်ရှားပစ်ကောင်း ဖယ်ရှားပစ်လိမ့်မည်။

ရုပ်ဆိုးမက...

"သခင်မလေးကျင်းကျင်းဟာ ဝေးဝေးရှောင်သင့်တဲ့ လူတစ်ယောက်ပဲ၊ ကျေးဇူးရှင်မွေးစားဖခင်ကြီးကိုတောင် ဖယ်ရှားဝံ့သေးယင် တခြားဘယ်သူ့ကိုမဆို ဖယ်ရှားပစ်ဖို့ ဝန်လေးနေမှာ မဟုတ်ဘူး၊ သူ့ရဲ့ကိုယ်ကျိုးအတွက်ကိုပဲ ရှေ့တန်းတင်မယ့် မိန်းကလေးတစ်ယောက်ပါရှင်"

"ခုထိတော့ ကျုပ်က သူ့အတွက် အသုံးဝင်နေသေးတာပဲ"

"ဩော်"

"ကျုပ်ဟာ သူ့အတွက် အသုံးမဝင်တော့ဘူးဆိုတဲ့ နေ့ရက်မျိုး ဘယ်တော့မှ ရောက်လာမှာ မဟုတ်ပါဘူး"

"ဒါကတော့ ရှင့်ကိုယ်ရှင် အထင်ကြီးနေတာပဲ"

"ဟား...ဟား...ဟား"

"ဟုတ်တယ်၊ ရွှေမင်းသားဝမ်းပို့ဟာ အထင်ကြီးစရာကောင်းတဲ့ လူတစ်ယောက် မဟုတ်လားဗျာ"

"ထားပါတော့ရှင်၊ ကျွန်မကတော့ အစ်ကိုချန်းလုံကို ကာကွယ်စောင့်ရှောက်ထားနိုင်မှ ရှင့်ကို အထင်ကြီးမယ်ဆိုယင်ကော"

ဝမ်းပို့ ထိုင်ရာမှ ထလိုက်လေသည်။

"မင်း ခုလို ပြောနေမယ့်အစား လက်တွေ့ကြိုးစားကြည့်လိုက်ပါလား"

"ကောင်းပါပြီရှင်"

ရုပ်ဆိုးမသည် ဝမ်းပို့အား တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင်...

"ဟူး...ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာကာ လူရိပ်နှစ်ခု ပြေးလွှားရောက်ရှိလာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

♠ ♠ ♠

လူနှစ်ယောက် ပြေးလွှားရောက်ရှိလာကြလေသည်။

ယွဲ့ကူးနှင့် ဂူးလျှံတို့ ဖြစ်လေသည်။

ဝမ်းပို့ မကျေမနပ် ဖြစ်သွားသည်။

"မင်းတို့ ဘာလာရှုပ်တာလဲ၊ ချန်းလုံကို စောင့်ကြည့်နေရမယ်ဆိုတာ မသိဘူးလား၊ သည်အတိုင်း လွှတ်ထားလို့ သူ့မှာ အပေါင်းအဖော်ပါလာယင် ဘယ်လိုလုပ်မလဲ"

ယွဲ့ကူးက...

"သခင်မက သူဟာ ချန်းလုံထက် ပိုပြီး အရေးကြီးတယ်လို့ ပြောသွားပါတယ်ရှင်"

ဝမ်းပို့ မဲ့ပြုံးပြုံးလိုက်သည်။

"ကောင်းပြီလေ၊ သည်လောက်တောင် အရေးကြီးတယ်



ထင်ယင်လည်း မင်းတို့ ဝိုင်းဖမ်းလိုက်ကြပေါ့"

ယွဲ့ကူးနှင့် ဂူးလျှံတို့သည် ဝမ်းပို့၏စကားကို အမှုမထားဘဲ ရုပ်ဆိုးမအား ဝဲယာတစ်ဘက်တစ်ချက်မှ ညှပ်ကာ တိုက်ခိုက်လိုက်ကြလေသည်။

ရုပ်ဆိုးမကလည်း ပြန်လည်ရင်ဆိုင်လိုက်၏။

တိုက်ပွဲဖြစ်လာလျှင် ဝမ်းပို့က နောက်ဆုတ်လိုက်သည်။

လက်နှစ်ဘက်နောက်ပစ်ကာ အေးအေးဆေးဆေး ရပ်နေလိုက်လေသည်။

ယွဲ့ကူးနှင့် ဂူးလျှံတို့မှာ သိုင်းပညာခေသူများ မဟုတ်ကြပါချေ။

တည်းခိုခန်းရှေ့တွင် ဂူးလျှံသည် ရုပ်ဆိုးမနှင့် ရင်ဆိုင်ခဲ့ဖူးပြီး ရုပ်ဆိုးမ၏သိုင်းပညာ ထက်မြက်မှုန်း သိထားပြီး ဖြစ်သည်။

ယခုအချိန်၌ သူမတစ်ယောက်ထဲ မဟုတ်ဘဲ ယွဲ့ကူးနှင့် ဝမ်းပို့တို့ ရှိနေခြင်းကြောင့် အမှုမထားတော့ဘဲ ရင်ဆိုင်လိုက်ခြင်း ဖြစ်လေသည်။

ယွဲ့ကူးနှင့် ဂူးလျှံတို့သည် ဓားတစ်လက်စီ အသုံးပြုကာ တိုက်ခိုက်လိုက်ကြခြင်း ဖြစ်လေသည်။

မီးရောင်ဖြင့် ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာလေသည်။

"ဝှစ်...ဝှစ်"

ဓားဝှေ့ယမ်းရာမှ စူးရှသော လေတိုးသံများလည်း ထွက်ပေါ်လာသည်။

ယွဲ့ကူးတို့၏ဓားရိပ်များမှာ ရုပ်ဆိုးမ၏တစ်ကိုယ်လုံး လွှမ်းခြုံသွားလေတော့သည်။

ဝမ်းပို့သည် ပါဝင်တိုက်ခိုက်ခြင်း မပြုဘဲ လက်ပိုက်ကြည့်နေဆဲ။

ယွဲ့ကူးနှင့် ဂူးလျှံတို့သည် လက်ဦးမှုယူကာ တိုက်ခိုက်လိုက်ကြပြီး အသာစီးရသွားသည် မဟုတ်ပါလား။

ဂူးလျှံတို့၏တိုက်ခိုက်မှုကြောင့် ရုပ်ဆိုးမ ဒုက္ခရောက်သွားတော့မည်ဟုပင် ထင်ရလေသည်။

ဝမ်းပို့က...

"ရုပ်ဆိုးမဟာ တော်ရုံ သိုင်းပညာနဲ့တော့ သည်နေရာအထိ လာဝံ့မှာ မဟုတ်ဘူး၊ သူဟာ ယန့်ထိရဲ့သမီး ယန့်ချစ် ဖြစ်နိုင်တယ်လို့ ကျင်းကျင်းပြောတယ်၊ ယန့်ထိဟာ လျှို့ဝှက်သိုင်းမှတ်စုကို ရသွားတာ၊ သူ့ဆီကတဆင့် ယန့်ချစ် ရသွားနိုင်တာပဲ"

ကျင်းကျင်းသည် သူမ လက်အောက်သို့ ရောက်နေသော ထိပ်တန်းသိုင်းသမားများ၏ အစွမ်းအထက်ဆုံး သိုင်းကွက်များအား အပင်ပန်းခံ မှတ်သားထားခဲ့သည်။

သူမ လေ့လာခြင်း မပြုရသေးမီ ယန့်ထိက ခိုးယူသွားခြင်း ဖြစ်လေသည်။

လျှို့ဝှက်သိုင်းမှတ်တမ်းအား ဆုံးရှုံးလိုက်ရသကဲ့သို့ လီစုထံမှ လက်ဝါးကျမ်းကိုလည်း မရနိုင်သဖြင့် သူမလွန်စွာမှပင် မကျေမနပ် ဖြစ်ခဲ့ပေတော့သည်။

ရုပ်ဆိုးမသာ ယန့်ချစ်ဖြစ်နေလျှင် ယွဲ့ကူးတို့ အသာစီးရနေ



သော်လည်း တကယ်တမ်း အနိုင်ယူဖို့ မလွယ်ဟု တွေးနေစဉ်မှာပင်

"ခြွမ်း"

ရုပ်ဆိုးမက ဓားတစ်လက် ဆွဲထုတ်လိုက်လေသည်။

ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာသည်။

တဆက်တည်းမှာပင် ဓား ဓားချင်း ပြင်းထန်စွာ ထိတွေ့မိသော အသံများ ထွက်ပေါ်လာလေသည်။

ရုပ်ဆိုးမသည် ဓားဝှေ့ယမ်းလိုက်သည်နှင့် ယွဲ့ကူးတို့၏ ဓားနှစ်လက်ကို ရိုက်ထုတ်ဖယ်ရှားပြီးသား ဖြစ်သွားလေတော့သည်။

"သတိထား"

ဝမ်းပို့ လွှတ်ခနဲ သတိပေးလိုက်သည်။ ထိုအချိန်မှာပင်...

"ဝှစ်...ဝှစ်"

ရုပ်ဆိုးမ၏ဓားချက်များသည် လျှပ်ပြက်သကဲ့သို့ တရစပ်ထွက်ပေါ်လာလေသည်။ ယွဲ့ကူးနှင့် ဂူးလျှံတို့ ထိတ်လန့်သွားကြ၏။

ကပျာကယာ နောက်ဆုတ်လိုက်ကြသည့်တိုင်အောင် ဓားဒဏ်ရာတစ်ချက်စီ ရရှိသွားလေတော့သည်။

"အင့်"

"အွန့်"

နှစ်ယောက်သား ညည်းတွားယင်း ဖရိုဖရဲ ဖြစ်သွားကြ၏။

ဝမ်းပို့ လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ...

"ကျုပ်တစ်ယောက်လုံး ရှိပါသေးတယ်ဗျာ"

ရုပ်ဆိုးမထံ ခုန်ဝင်တိုက်ခိုက်လိုက်လေတော့သည်။

♠ ♠ ♠

ဧည့်ခန်းမဆောင်ထဲ၌ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

ယွဲ့ကူးနှင့် ဂူးလှျံတို့ နောက်ဆုတ်သွားကြပြီး ဝမ်းပို့နှင့် ရုပ်ဆိုးမတို့ ယှဉ်ပြိုင်တိုက်ခိုက်နေကြလေသည်။

ဝမ်းပို့သည် ဓားစကြာအဖွဲ့ခေါင်းဆောင် ဖြစ်သလို ထိပ်တန်းသိုင်းပညာ ရှိသူလည်း ဖြစ်လေသည်။

ကျင်းကျင်းသည် လီစုထံမှ ရရှိခဲ့သော သိုင်းကျမ်းတစ်စိတ်တစ်ဒေသမှ လက်ဝါးသိုင်းကွက်များအား လေ့ကျင့်ရာ၌ ဝမ်းပို့ကိုလည်း အတူတူလေ့ကျင့်စေခဲ့သည်။

ထို့ကြောင့် ဝမ်းပို့သည် လီစု၏လက်ဝါးသိုင်းကျမ်းမှ လက်ဝါးသိုင်းကွက်ခြောက်ကွက် တတ်မြောက်ထားပြီး ဖြစ်လေသည်။

ဝမ်းပို့၏လက်ဝါးသိုင်းကော ဓားသိုင်းပါ အပြစ်ပြောစရာမရှိအောင် ကောင်းမွန်နေလေသည်။

ဝမ်းပို့သည် ရုပ်ဆိုးမအား အထင်မသေးဝံ့ဘဲ လက်တစ်ဘက်က လက်ဝါး၊ ကျန်လက်တစ်ဘက်က ဓားတစ်လက်ကိုင်ကာ မတူညီသော သိုင်းကွက်နှစ်မျိုးကို အသုံးပြုတိုက်ခိုက်လိုက်လေသည်။

ရုပ်ဆိုးမသည် ဝမ်းပို့၏ထူးခြားသော သိုင်းကွက်များကြောင့် ကပျာကယာ နောက်ဆုတ်လိုက်ရသည်။

ယွဲ့ကူးနှင့် ဂူးလှျံတို့ကလည်း ဒဏ်ရာရရှိထားသည့်တိုင်အောင် အချိန်မရွေး ဝင်ရောက်တိုက်ခိုက်ရန် အသင့်ရှိနေသည်။

ရုပ်ဆိုးမသည် အခြေအနေကို တွက်ဆပြီး လက်တစ်ဘက်



ဝှေ့ယမ်းလိုက်လေသည်။

"ဝှစ်...ဝှစ်...ဝှစ်"

လက်နက်ပုန်းကလေးများသည် ပျားပိတုန်းလိပ်ပြာကလေးများပမာ ပစ်လွင့်သွားလေသည်။

"သတိထား"

ဝမ်းပို့က သတိပေးလိုက်သည်။

ယွဲ့ကူးနှင့် ဂူးလှျံတို့လည်း ကပျာကယာ ရှောင်တိမ်းလိုက်ကြလေသည်။

လက်နက်ပုန်းလေးတစ်ခုသည် စားပွဲပေါ်မှ မီးအိမ်ကို ထိမှန်သွားလေသည်။

"ခွမ်း"

မီးအိမ်ကွဲသွားပြီး ဧည့်ခန်းဆောင်တစ်ခုလုံး မှောင်အတိကျသွားလေတော့သည်။

♠ ♠ ♠

ဝမ်းပို့ ဒေါသထွက်နေသည်။

ရုပ်ဆိုးမသည် မီးအိမ်ကို ခွဲပစ်လိုက်ပြီး အမှောင်ကျသွားသည်ကို အခွင့်ကောင်းယူကာ ထွက်ပြေးသွားဖို့ ကြံစည်းစားခြင်းဟု နားလည်လိုက်သည်။

ထို့ကြောင့်...

"မင်းတို့ ဘာလုပ်နေကြတာလဲ၊ မြန်မြန်မီးထွန်းလိုက်ကြစမ်း"

ဟုအော်ပြောလိုက်လေသည်။

အမှောင်ထဲမှ လှုပ်ရှားသံများ ထွက်ပေါ်လာသည်။

မကြာပါချေ။

မီးရောင်များ ထွက်ပေါ်လာတော့သည်။

ယွဲ့ကူးနှင့် ဂူးလျှံတို့က ဖယောင်းတိုင်များ ထွန်းညှိလိုက်ကြခြင်း ဖြစ်လေသည်။

မီးရောင်ဖြင့် လင်းလင်းချင်းချင်း ဖြစ်လာသောအခါ ခန်းမဆောင်ထဲ၌ ရုပ်ဆိုးမကို မတွေ့ရတော့ပါချေ။

ယွဲ့ကူးက...

"သူက ချန်းလုံဆီကို သွားမယ်ထင်တယ်"

စိုးရိမ်တကြီး ပြောလေသည်။

ဝမ်းပို့ ငေါက်လိုက်သည်။

"မင်းတို့ ဘာလုပ်နေကြတာလဲ မြန်မြန်သွားကြပါလား"

ယွဲ့ကူးနှင့် ဂူးလျှံတို့ ဓားဆွဲကာ ချန်းလုံအား ဖမ်းဆီးထားသော အခန်းဆီသို့ ပြေးလွှားသွားကြလေသည်။



ဝမ်းပို့လည်း လိုက်သွားလေသည်။

"ဝုန်း"

ယွဲ့ကူးက အခန်းတံခါးကို ကန်ကျောက်ဖွင့်လိုက်လေသည်။

ဂူးလျှံ၏လက်တစ်ဘက်က ဖယောင်းတိုင်ကိုင်ထားပြီး ကျန်လက်တစ်ဘက်က ဓားဆွဲထားလေသည်။

ယွဲ့ကူးနှင့် ဂူးလျှံတို့သည် သတိကြီးစွာထားကာ အခန်းထဲသို့ လှမ်းဝင်လိုက်ကြလေသည်။

အခန်းထဲ၌ လင်းလင်းချင်းချင်း ဖြစ်သွားပြီး မည်သူတစ်ဦးတစ်ယောက်မှ မတွေ့ရဘဲ ရှင်းရှင်းလင်းလင်း ဖြစ်နေ၏။

ချန်းလုံ မရှိတော့ပါ။

"တောက်"

အခန်းဝသို့ ရောက်လာသော ဝမ်းပို့ ဒေါသတကြီး တက်ခေါက်လိုက်လေသည်။

"ရုပ်ဆိုးမ ခေါ်သွားပြီကိုး"

ခေါင်မိုးပေါ်၌ အပေါက်ကြီးတစ်ခု ရှိနေပါသည်။

ထိုအပေါက်ကြီးမှ လရောင်ထိုးကျနေ၏။

ရုပ်ဆိုးမသည် ခေါင်မိုးကို အပေါက်ဖောက်ကာ ချန်းလုံအား ကယ်တင်သွားသည့်သဘောမျိုး ဖြစ်လေသည်။

ဝမ်းပို့ ခံပြင်းနေသည်။

"မင်းတို့ သခင်မလေး ပြန်လာယင် အပြစ်ပေးခံရမှာ မကြောက်ဘူးလား၊ ဘာငိုင်နေကြတာလဲ၊ လိုက်ရှာကြစမ်း"

ဟုငေါက်လိုက်လေသည်။

ယွဲ့ကူးနှင့် ဂူးလျှံတို့ ဒရောသောပါး ပြေးထွက်သွားကြလေတော့သည်။

ယွဲ့ကူးတို့သည် ကျင်းကျင်း ပြန်ရောက်လာပါက အပြစ်ပေးခံရမည်ကို လွန်စွာမှပင် ကြောက်ရွံ့ထိတ်လန့်နေကြလေသည်။

ထို့အတူ ဝမ်းပို့လည်း မဝံ့မရဲ ဖြစ်နေသည်။

"ကျင်းကျင်း ပြန်လာယင် ငါ့ကိုလည်း အပြစ်တင်တော့မှာပဲ"

လီထင်းအား လက်ရဖမ်းဆီး ခေါ်ဆောင်လာနိုင်ခြင်း မရှိသဖြင့် ကျင်းကျင်းသည် သူ့အား အမြဲပင် အပြစ်တင်နေသည်။

ယခုလည်း ချန်းလုံအား စောင့်ကြည့်ပြီး ရုပ်ဆိုးမ ရောက်လာပါက ဖမ်းဆီးထားရန် မှာကြားသွားခဲ့သည်။

သူမ သေသေချာချာ မှာထားသော်လည်း ရုပ်ဆိုးမက ချန်းလုံအား ခေါ်သွားချေပြီ။

"မဖြစ်သေးပါဘူး"

ဝမ်းပို့လည်း အပြင်ဘက်သို့ ပြေးထွက်သွားလေတော့၏။

♠ ♠ ♠

## ငယ်ကျွမ်း

ယွဲ့ကူး၊ ဂူးလျှံနှင့် ဝမ်းပို့တို့သည် အဆောက်အဦး အပြင်ဘက် ပြေးထွက်သွားကြပြီး ရုပ်ဆိုးမနှင့် ချန်းလုံတို့အား ဝိုင်းရံရှာဖွေကြလေသည်။

ထိုအချိန်တွင် ရုပ်ဆိုးမကော ချန်းလုံပါ အဆောက်အဦးအတွင်း၌ ရှိနေကြသေး၏။

ရုပ်ဆိုးမသည် ချန်းလုံကိုခေါ်ကာ အမှောင်ရိပ်ကျနေသော အခန်းထောင့်တစ်နေရာ၌ ပုန်းအောင်းနေခဲ့ခြင်း ဖြစ်လေသည်။

ဝမ်းပို့တို့ ထွက်သွားတော့မှ ပြတင်းတံခါးကို ဖွင့်ကာ အပြင်ဘက် ထွက်လာခဲ့ကြသည်။

အဆောက်အဦး အနောက်ဘက်သို့ ပြေးလာခဲ့ကြသည်။

အဆောက်အဦး အနောက်ဘက်၌ မြင်းဇောင်းတစ်ခု ရှိနေပါသည်။

မြင်းဇောင်းထဲ၌ ချန်းလုံ စီးနင်းလာသော မြင်းကြီးလည်း ရှိနေသည်။

ရုပ်ဆိုးမသည် ချန်းလုံအား မြင်းပေါ်တင်ပြီး သူမလည်း ခုန်တက်ကာ ဒုန်းစိုင်းထွက်လာခဲ့လေသည်။

"ခွပ်ခွပ်...ခွပ်ခွပ်"

တိတ်ဆိတ်နေသော ညဥ့်ယံတွင် မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

မကြာပါချေ။

"ပြေးပြီဟေ့...ပြေးပြီ"

"လိုက်ကြ"

ယွဲ့ကူး၊ ဂူးလျှံနှင့် ဝမ်းပို့တို့၏ အော်ပြောသံများကို ကြားရလေသည်။

မည်သို့ဆိုစေ သူတို့သုံးယောက် ရုပ်ဆိုးမနောက်သို့ မီအောင် မလိုက်နိုင်ကြတော့ပါ။

ရုပ်ဆိုးမသည် ချန်းလုံကို ကယ်တင်ပြီး မြင်းဒုန်းစိုင်းကာ ထွက်ပြေးလွတ်မြောက်သွားလေတော့သည်။

♠ ♠ ♠



တောင်ကုန်းပေါ်၌ ဘုံကျောင်းပျက်လေးတခု ရှိနေသည်။

ဘုံကျောင်းပျက်လေးရှေ့၌ မြင်းတစ်ကောင်က မြက်စားနေသည်။

ချန်းလုံ၏မြင်း ဖြစ်သည်။

ရုပ်ဆိုးမနှင့် ချန်းလုံတို့သည် ဘုံကျောင်းပျက်ထဲ၌ ရှိနေကြသည်။

ချန်းလုံမှာ သခင်မလေးကျင်းကျင်း၏ ဆေးခတ်ထားသော အရက်ကို သောက်မိထားသဖြင့် အတွင်းအားကုန်ခမ်းနေပြီး သိုင်းပညာအသုံးပြု၍ မရအောင် ဖြစ်နေသည်။

ရုပ်ဆိုးမသည် ချန်းလုံ၏အခြေအနေကို နားလည်ထားသဖြင့် ဘုံကျောင်းပျက်ကလေးသို့ ရောက်ရှိလာလျှင် သွေးကြောများမှ တဆင့် အတွင်းအားပို့ဆောင်ပေးသောနည်းဖြင့် ကုသပေးလိုက်လေသည်။

ချန်းလုံ၏တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်များ စို့ရွဲသွား၏။

"ဝေါ့"

ဝမ်းဗိုက်ထဲမှ အရက်များကိုလည်း အန်ထုတ်ပစ်လိုက်၏။

ထို့နောက် သက်သာသွားပြီး ကောင်းစွာ သတိရလာလေတော့သည်။

ရုပ်ဆိုးမသည် ချန်းလုံ သက်သာလာသည်ကို မြင်လျှင် ဝမ်းသာသွားလေသည်။

"အစ်ကို သက်သာသွားပြီနော်"

ချန်းလုံက ရုပ်ဆိုးမကို ကြည့်လိုက်သည်။

"လက်စသပ်တော့ မင်းကိုး၊ ကျုပ်ကို ကယ်တင်လာခဲ့တာ မင်းဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"မင်းက…"

"ကျွန်မ ဘယ်သူလဲဆိုတာ အစ်ကို သိပါတယ်"

သူမ၏လက်တစ်ဘက်ဖြင့် မျက်နှာကို ပွတ်သပ်လိုက်သည်။

ထိုအခါ ရုပ်ဆိုးမအသွင် ကွယ်ပျောက်ကာ အလွန်ချောမော လှပသော မိန်းကလေးတစ်ယောက်၏ရုပ်သွင် ဖြစ်ပေါ်လာလေတော့သည်။

"မင်း…မင်း ယန့်ချစ်"

"ဟုတ်ပါတယ် အစ်ကို"

ယန့်ချစ်သည် ချန်းတုနန် သေဆုံးသွားခြင်းကြောင့် ချန်းလုံက သူတို့သားအဖအပေါ် မုန်းတီးသွားပြီဟု ယုံကြည်နေပါသည်။

ထို့ကြောင့် ချန်းလုံနှင့် ပြန်လည်တွေ့ဆုံလိုက်ရသောအခါ မဝံ့မရဲ ဖြစ်နေတော့သည်။

ချန်းလုံက…

"ညီမရဲ့ ဖေဖေကော"

ယန့်ချစ် သက်ပြင်းချလိုက်သည်။

"ဖေဖေ ကွယ်လွန်သွားပါပြီရှင်"

"ဩော်"

"ဖေဖေဟာ သူခဘုံရဲ့ စိတ်ပြောင်းဆေးတွေကြောင့် ဖြေ



ဆေးကို ကြိုတင်သောက်ထားခဲ့ပေမယ့် နောက်ဆုံး စိတ်မူမမှန်တော့ပါဘူး၊ ဒဏ်ရာတွေ ရထားခဲ့လို့လဲ ရောဂါဝေဒနာဝင်ပြီး နောက်ဆုံး ကွယ်လွန်သွားခဲ့ရတာပါပဲရှင်"

ယန့်ထိ သေဆုံးသွားချေပြီ။

ချန်းလုံ စိတ်မကောင်း ဖြစ်သွားလေသည်၊ ယန့်ချစ်က…

"ဖေဖေဟာ တစ်ချက်တစ်ချက် သတိပြန်ကောင်းလာတဲ့ အချိန်မှာ အစ်ကို့ဖေဖေအကြောင်းကို ပြောပြပါတယ်၊ သူတို့နှစ်ယောက် သုခဘုံက ထွက်ပြေးကြယင်း ရန်သူတွေနဲ့ တိုက်ပွဲဖြစ်ပြီး အစ်ကို့ဖေဖေ သေဆုံးသွားခဲ့ရတယ်လို့ ပြောပါတယ်"

ချန်းလုံ ခေါင်းညိတ်လိုက်သည်။

"ကျုပ်အဖေ သေဆုံးသွားခဲ့ရတာဟာ ညီမအဖေရဲ့ လက်ချက်ကြောင့် မဟုတ်ဘူးဆိုတာ ကျုပ်သိထားပြီးပါပြီ ညီမရယ်"

ယန့်ချစ် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"အစ်ကို တကယ် ပြောတာလားဟင်"

"တကယ်ပြောတာပါ၊ ညီမတို့အပေါ် အထင်လွဲပြီး ပြောဆိုမိခဲ့တာတွေကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ် ညီမရယ်"

"အို ကျွန်မကို တောင်းပန်စရာမလိုပါဘူး၊ ကျွန်မ ဘယ်လိုမှ သဘောမထားပါဘူး၊ အစ်ကို ခုလို အဖြစ်မှန်ကို သိသွားတာပဲ ဝမ်းသာမဆုံးပါဘူးရှင်"

ချစ်သူနှစ်ဦး ပြန်လည်ဆုံတွေ့မိကြပြီး အထင်လွဲမှားမှုများ ပျောက်ကွယ်သွားပြီဖြစ်၍ ကြည်နူးဝမ်းသာစရာ ကောင်းလှပေတော့သည်။

သူတို့သည် နတ်မိမယ်နှင့် သုခဘုံအကြောင်း၊ သခင်မလေးကျင်းကျင်း၏အကြောင်းများကိုလည်း သိထားကြပြီးပြီ မဟုတ်ပါလား။

ယန့်ချစ်က...

"ဖေဖေ ကွယ်လွန်သွားပြီးတဲ့နောက်ပိုင်း ဖေဖေနဲ့အတူပါလာတဲ့ လျှို့ဝှက်သိုင်းမှတ်တမ်းက သိုင်းကွက်တွေကို ကျွန်မ လေ့လာနေခဲ့မိတယ်၊ ဒါကြောင့် သိုင်းလောကနဲ့ အဆက်ပြတ်သွားခဲ့တာပါ"

"ကျုပ်လည်း သိုင်းလောကထဲ ထွက်လာခဲ့ပြီး နောက်ပြီး ကျင်းလိမ်မြို့စားကြီးဆီမှာ အမှုထမ်းခဲ့တယ်၊ ဒါကလည်း ကျင်းလိမ်မြို့စားကြီးဟာ သိုင်းလောကထဲက ဒုစရိုက်မှုတွေကို တိုက်ဖျက်နေတဲ့လူ ဖြစ်တာကြောင့် မြို့စားကြီးဆီမှာ တာဝန်ထမ်းဆောင်ယင်း နတ်မိမယ်နဲ့ သုခဘုံအကြောင်း စုံစမ်းဖော်ထုတ်နိုင်မယ်လို့ ယုံကြည်ထားခဲ့တာကြောင့်ပါပဲ"

"ကျင်းလိမ်မြို့စားကြီးဟာ နတ်မိမယ်နဲ့ သုခဘုံကို သာမက သံမဏိမြို့စားရဲ့သမီး သခင်မလေးကျင်းကျင်းက လီမျိုးနွယ်ဂေဟာကို တိုက်ခိုက်ဖျက်ဆီးလိုက်တဲ့ ကိစ္စကိုပါ စုံစမ်းနေတယ်လို့ သတင်းကြားခဲ့ရပါတယ်"

ချန်းလုံ ပြုံးလိုက်သည်။

"မြို့စားကြီးဟာ သည်ကိစ္စတွေကို စုံစမ်းဖော်ထုတ်ဖို့ ကျုပ်ကို ရှေ့တော်ပြေးအနေနဲ့ စေလွှတ်လိုက်တာပါ၊ ခုတော့ မြို့စားကြီးကိုယ်တိုင် သိုင်းလောကထဲဆင်းပြီး ဆောင်ရွက်နေပြီဆိုတော့ သခင်



မလေးကျင်းကျင်း မလွယ်တော့ပါဘူး"

သိုင်းလောက၌ ဖြစ်ပေါ်နေသော ပြဿနာများအား ဖန်တီးနေသည့် အဓိကတရားခံမှာ သခင်မလေးကျင်းကျင်း ဖြစ်ပါသည်။

သခင်မလေးကျင်းကျင်း၏လုပ်ရပ်များကို သက်သေအထောက်အထားဖြင့် ဖော်ထုတ်ကာ အရေးယူဆုံးမနိုင်မည်ဆိုလျှင် သိုင်းလောကတစ်ခုလုံး အေးချမ်းသာယာသွားလိမ့်မည် ဖြစ်လေ၏။

သိုင်းလောကအရေး မျှော်တွေးပြီး ချန်းလုံနှင့် ယန့်ချစ်တို့ ဝမ်းသာနေကြ၏။

ထိုအချိန်မှာပင်...

"ဟူး...ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာကာ လူနှစ်ယောက် ပြေးလွှားရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

♠ ♠ ♠

## ဆေးတစ်ခွက်

ဘုံကျောင်းပျက်လေးသို့ လူနှစ်ယောက် ရောက်ရှိလာကြလေသည်။

ထိုလူနှစ်ယောက်ကား ယွဲ့ကူးနှင့် ဂူးလျှံတို့ ဖြစ်လေသည်။

ချန်းလုံ ရင်ထိတ်သွား၏။

ယွဲ့ကူးက...

"ညည်းတို့ ဘယ်ပြေးမလဲ"

ဟုအော်ငေါက်လိုက်လေသည်။

ယန့်ချစ် မဲ့ပြုံးပြုံးလိုက်သည်။



"ညည်းတို့လည်း သေချင်လို့ သည်နေရာအထိ လိုက်လာကြတာပဲ"

သူမသည် ချန်းလုံအား နောက်ဆုတ်ခိုင်းပြီး ယွဲ့ကူးတို့နှင့် ရင်ဆိုင်လိုက်လေသည်။

ယွဲ့ကူးနှင့် ဂူးလျှံတို့မှာ ယန့်ချစ်အား ရင်ဆိုင်ဖို့ ခက်ခဲမှန်းနားလည်နေကြပြီ ဖြစ်သည်။

သို့သော် ကျင်းကျင်း ပြန်ရောက်လာလျှင် အပြစ်ပေးခံရမည်ကို ကြောက်ရွံ့ကာ ရင်ဆိုင်ဖို့ ကြိုးစားနေကြခြင်း ဖြစ်ပေသည်။

"ခြွမ်း...ခြွမ်း"

ယွဲ့ကူးနှင့် ဂူးလျှံတို့က လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြလေသည်။

ယန့်ချစ်လည်း ဓားထုတ်လိုက်သည်။

ယွဲ့ကူးတို့အား ပြတ်ပြတ်သားသား တိုက်ခိုက်ရတော့မည်မဟုတ်ပါလား။

ဝမ်းပို့ ရောက်လာလျှင် ချန်းလုံအား အကာအကွယ်ပေးဖို့ ခက်ခဲသွားမည်ဟု သူမ နားလည်ထားလေသည်။

ချန်းလုံမှာ နာလန်ထစ လူမမာတစ်ယောက်နှင့် တူနေ၏။

ဝေဒနာ သက်သာသလို ရှိသော်လည်း သိုင်းပညာ အသုံးမပြုနိုင်သေးချေ။

ထို့အပြင် ဦးခေါင်းထဲ မရှင်းမလင်း ဖြစ်နေသေး၏။

"ယား"

"သေပေတော့"

ယွဲ့ကူးနှင့် ဂူးလျှံတို့က ညာသံပေးကာ စတင်တိုက်ခိုက်လာကြလေသည်။

ယန့်ချစ်လည်း ပြန်လည်တိုက်ခိုက်လိုက်၏။

ယန့်ချစ်၏သိုင်းပညာမှာ ယခင်ကနှင့်မတူဘဲ များစွာတိုးတက်လာသည်ကို ချန်းလုံ သတိပြုမိလေသည်။

ယန့်ချစ်၏သိုင်းကွက်များသည် တစ်ကွက်နှင့်တစ်ကွက် မတူဘဲ ကွဲပြားခြားနားနေသည်။

ထိပ်တန်းသိုင်းသမားကြီးများ၏ အစွမ်းအထက်ဆုံး သိုင်းကွက်များအား မှတ်တမ်းတင်ထားသည့် သိုင်းမှတ်စုကို သူမ လေ့လာခဲ့ရသည် မဟုတ်ပါလား။

သိုင်းကွက်အမျိုးမျိုး ပြောင်းလဲအသုံးပြုလိုက်သည်နှင့် ယွဲ့ကူးတို့ မယှဉ်နိုင်ကြတော့ချေ။

"ဝှစ်"

"ခြွမ်း...ခြွမ်း"

ဓား ဓားချင်း ပြင်းထန်စွာ ထိတွေ့မိသော အသံများ ထွက်ပေါ်လာလေသည်။

ယွဲ့ကူးနှင့် ဂူးလျှံတို့ နောက်ဆုတ်ပေးလိုက်ရ၏။

ယန့်ချစ် ရယ်မောလိုက်သည်။

"ဝမ်းပို့ ရောက်လာတဲ့အထိ ကျွန်မကို အချိန်ဆွဲထားလို့ရမယ် ထင်ယင် မှားသွားလိမ့်မယ်"

စကားဆုံးလျှင် ပြင်းထန်စွာ ဖိ၍ တိုက်ခိုက်လိုက်လေသည်။

ယွဲ့ကူးနှင့် ဂူးလျှံတို့ အထိတ်တလန့် ဖြစ်သွားကြသည်။



ယန့်ချစ်အား မယှဉ်နိုင်မှန်း သေချာနေသဖြင့် ဘုံကျောင်းပျက်အပြင်ဘက်သို့ ပြေးထွက်သွားကြ၏။

သူတို့ ထွက်ပြေးရှောင်တိမ်းသွားကြရန် ကြိုးစားလိုက်ကြခြင်း ဖြစ်လေသည်။

ယန့်ချစ်က အလွတ်မပေးပါ။

"သည်လို ထွက်ပြေးလို့ ရမလား"

အော်ငေါက်ယင်း လက်ထဲမှဓားဖြင့် ပစ်ပေါက်လိုက်သည်။

"ဝှစ်"

"ဒုတ်"

"အား"

ယန့်ချစ်၏ဓားသည် ဂူးလျှံ၏နောက်ကျောခြမ်း ထိုးဖောက်စိုက်ဝင်သွား၏။

ဂူးလျှံ စူးရှစွာ အော်ဟစ်ကာ လဲကျသွားလေသည်။

ယွဲ့ကူး ပိုပြီး ထိတ်လန့်သွား၏။

ပြေးမလွတ်နိုင်မှန်းသိ၍ ယန့်ချစ်ဘက်လှည့်ကာ အကြောက်အကန် ရင်ဆိုင်လိုက်လေသည်။

သို့သော် ယန့်ချစ်အား မယှဉ်နိုင်တော့ချေ။

ယန့်ချစ်သည် ယွဲ့ကူး၏လက်ထဲမှ ဓားကို လုယူကာ သူမ၏ရင်ဝ၌ ပြန်လည်ထိုးစိုက်ချလိုက်လေသည်။

"အမယ်လေး"

ယွဲ့ကူးလည်း ပုံလျက်သား လဲကျသွားလေတော့သည်။

♠ ♠ ♠

တိုက်ပွဲ ပြီးဆုံးသွားပြီ ဖြစ်ပါသည်။

ယန့်ချစ်သည် သခင်မလေးကျင်းကျင်း၏ အခြွေအရံများ ဖြစ်ကြသည့် ယဲ့ကူးနှင့် ဂူးလျှံတို့အား ဆုံးမလိုက်ပြီ ဖြစ်သည်။

ယန့်ချစ်က ချန်းလုံအား ပြုံးပြလိုက်သည်။

"သူတို့နှစ်ယောက်အတွက် ပူစရာ မလိုတော့ပါဘူးရှင်"

ချန်းလုံက...

"ဒါပေမယ့် ရွှေမင်းသားဝမ်းပို့ ရှိနေသေးတယ် မဟုတ်လား"

ယန့်ချစ် သက်ပြင်းချလိုက်သည်။

"ဝမ်းပို့ဟာ အတော်ကြောက်စရာကောင်းတဲ့ လူတစ်ယောက်ပါပဲ၊ မတူညီတဲ့ သိုင်းပညာရပ်နှစ်မျိုးကို တစ်ချိန်တည်း တပြိုင်တည်း အသုံးပြုနိုင်စွမ်း ရှိတယ်၊ သူနဲ့ ကျွန်မ တစ်ကြိမ်ယှဉ်ပြိုင်ပြီးပါပြီ၊ နောက်တစ်ခါ သူ့ကို ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာ ကျွန်မ တွေးမိပါတယ်၊ သိုင်းကွက်သုံးဆယ်လောက်အထိ ယှဉ်နိုင်မယ်ဆိုယင်တော့ ပူစရာမလိုတော့ပါဘူး"

ထိုစဉ် ချန်းလုံ၏မျက်နှာ ရှုံ့မဲ့သွားလေသည်။

ဦးခေါင်းကို လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်ယင်း ညည်းတွားလိုက်လေသည်။

"အားကျွတ်ကျွတ်"

ယန့်ချစ် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"အစ်ကို ဘာဖြစ်လို့လဲဟင်"

ချန်းလုံက...



"ခေါင်းကိုက်လိုက်တာ ညီမရယ်"

ယန့်ချစ်သည် ချန်းလုံအား သက်တောင့်သက်သာ ထိုင်စေပြီး သွေးကြောများအား စစ်ဆေးကြည့်လိုက်လေသည်။

ဤတွင် စိတ်ပြောင်းဆေးကြောင့် ချန်းလုံတွင် ဦးခေါင်းမူးဝေ ကိုက်ခဲသော ဝေဒနာစွဲကပ်ကျန်ရစ်ခဲ့ကြောင်း သိလိုက်ရလေတော့သည်။

ချန်းလုံသည် ခေတ္တခဏ ငြိမ်ငြိမ်ကလေး ထိုင်နေလိုက်ပြီးလျှင် ခေါင်းကိုက်သည့် ဝေဒနာ သက်သာပျောက်ကင်းသွားကာ လူကောင်းပကတိ ဖြစ်သွားလေသည်။

ယန့်ချစ်က...

"အစ်ကို သက်သာသွားပြီ ဟုတ်လား"

"ဟုတ်ပါတယ် ညီမရယ်"

"နတ်မိမယ်ရဲ့ စိတ်ပြောင်းဆေးဟာ အတော့်ကို ပြင်းပါတယ်၊ အချိန်မီ ဆေးဝါးကုသမှု ခံယူနိုင်မှ ဖြစ်မယ်"

"ကျုပ်က..."

"ဒါမှမဟုတ်ယင် အတွင်းအား ပြန်ပြည့်ဝလာနိုင်မှာ မဟုတ်ဘူး၊ သိုင်းပညာ အသုံးပြုလို့ရမှာ မဟုတ်ဘူး၊ ခေါင်းကိုက်ဝေဒနာလည်း စွဲကပ်နေလိမ့်မယ်"

"ဖေဖေဟာ နတ်မိမယ်ရဲ့ စိတ်ပြောင်းဆေးကြောင့် ဘယ်လိုဝေဒနာ ခံစားရတယ်၊ ဘယ်လိုဒုက္ခရောက်ခဲ့ရတယ်ဆိုတာ ကျွန်မ မျက်မြင်ကိုယ်တွေ့ပါ၊ ဒါကြောင့် အစ်ကို့ကို အချိန်မီ ဆေးဝါးကုသစေချင်ပါတယ်"

ချန်းလုံ ညည်းတွားလိုက်သည်။

"အရေးအကြောင်းကြုံမှ ခုလို ဖြစ်ရတာ အတော်စိတ်ပျက်စရာ ကောင်းတာပဲ"

ယန့်ချစ် အားပေးလိုက်သည်။

"နတ်မိမယ်ဟာ သခင်မလေးကျင်းကျင်း ဖြစ်တာကို ကျွန်မတို့ သိထားကြပြီပဲရှင်၊ သူ့အကြောင်း ဖော်ထုတ်ပြီး အချိန်မရွေး ဆုံးမနိုင်ပါတယ်၊ ခုချိန်မှာ အရေးကြီးဆုံး အစ်ကို့ရဲ့ ဝေဒနာ သက်သာပျောက်ကင်းသွားဖို့ပါ၊ ဒါကြောင့် သမားတော်ကျူးနဲ့ သမားတော်ချန်းယုတို့ဆီကို အရောက်သွားနိုင်ဖို့ အရေးကြီးပါတယ်"

သမားတော်ကျူးနှင့် သမားတော်ချန်းယုတို့သည် သိုင်းလောက၌ အထင်ရှားဆုံး သမားတော်များ ဖြစ်ကြလေသည်။

မည်သို့သော ရောဂါဝေဒနာမျိုးကိုမဆို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်သည်ဟု သတင်းကြီးပေသည်။

ယန့်ချစ်က...

"သမားတော်ကျူးနဲ့ သမားတော်ချန်းယုတို့ဟာ သခင်မလေးကျင်းကျင်းကြောင့် ပျက်စီးသွားရတဲ့ 'လီဂေဟာ'နဲ့ ခင်မင်ရင်းနှီးမှု ရှိကြတယ်၊ သူတို့ဟာ ထွက်ပြေးလွတ်မြောက်နေတဲ့ လီထင်းကို ကူညီဖို့ စိတ်ဝင်စားနေကြတယ်လို့ သတင်းကြားမိပါတယ်၊ တကယ်တော့ သခင်မလေးကျင်းကျင်းရဲ့ မကောင်းတဲ့လုပ်ရပ်တွေကို ဖော်ထုတ်တဲ့နေရာမှာ လီထင်းဟာ အဓိကကျတဲ့ သက်သေတစ်ယောက်ပါ၊ သမားတော်ကြီးနှစ်ယောက်ဆီကို သွားယင်း လီထင်းနဲ့ တွေ့ကောင်းတွေ့နိုင်ပါတယ်၊ ကျွန်မဟာ လျှို့ဝှက်သိုင်းမှတ်စုကို ရထား



သလို လီထင်းဟာလည်း လက်ဝါးသိုင်းကျမ်း ရထားမယ်ဆိုယင် ကျွန်မတို့ ပူးပေါင်းပြီး သခင်မလေးကျင်းကျင်းနဲ့ ရွှေမင်းသားဝမ်းပို့ကို ရင်ဆိုင်နိုင်မှာ သေချာပါတယ်"

ဝမ်းပို့နှင့် သခင်မလေးကျင်းကျင်းတို့၏ သိုင်းပညာမှာ ကြောက်မက်ဖွယ်ကောင်းအောင် ထက်မြက်နေကြသည်။

မိမိနှင့် ယန့်ချစ်တို့နှစ်ယောက် လက်တွဲကာ ရင်ဆိုင်သည့်တိုင်အောင် ယှဉ်နိုင်မည် မဟုတ်ဟု ချန်းလုံ နားလည်ထား၏။

ထို့ကြောင့် ယန့်ချစ်၏စကားကို လက်ခံလိုက်ရသည်။

လီထင်းအား တွေ့လိုစိတ်များလည်း ဖြစ်ပေါ်လာလေ၏။

"အစ်ကို ကျွန်မတို့ သမားတော်ကြီးကျူးဆီကို သွားကြမယ်နော်"

"ကောင်းပါပြီ ညီမရယ်"

ချန်းလုံ သဘောတူလိုက်သည်။

ထို့နောက် ဘုံကျောင်းပျက်လေးမှ ထွက်ကာ ခရီးပြင်းနှင်လိုက်ကြလေတော့သည်။

♠ ♠ ♠

သိုင်းလောက၌ နတ်မိမယ်နှင့် သုခဘုံ ပေါ်ပေါက်လာသဖြင့် လူတိုင်း စိတ်ဝင်စားခဲ့ကြသည်။

သိုင်းလောကအား ဖျက်ဆီးမည့် နတ်မိမယ်နှင့် သုခဘုံကို ဖော်ထုတ်ချေမှုန်းရန် ကြိုးစားကြသည်။

ထို့ကြောင့် လီမျိုးနွယ်ဂေဟာ ဖျက်ဆီးခံလိုက်ရသည့် ကိစ္စမှာ မေ့မှိန်ကွယ်ပျောက်သွားခဲ့ရသည်ဟု ဆိုနိုင်သည်။

လီမျိုးနွယ်ဂေဟာ ဖျက်ဆီးခံလိုက်ရသည့် ကိစ္စမှာ ကြေကွဲစရာကောင်းသော ကိစ္စတစ်ခု ဖြစ်လေသည်။

လီမျိုးနွယ်ဂေဟာကိစ္စသည် သခင်မလေးကျင်းကျင်း၏ အမိန့်ဖြင့် ရွှေရောင်မင်းသားဝမ်းပို့ ခေါင်းဆောင်သော ဓားစကြာအဖွဲ့က တိုက်ခိုက်ဖျက်ဆီးပစ်လိုက်ခြင်း ဖြစ်သည်။

ဂေဟာပိုင်ရှင်လီစု သေဆုံးသွားသော်လည်း သားဖြစ်သူ လီထင်း ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

လီထင်း မည်သည့်နေရာ၌ ရောက်ရှိနေပါသနည်း။

လီထင်းသည် ရှေးဟောင်းလျှို့ဝှက် လက်ဝါးကျမ်းကို ရရှိထားသည်လော။

လီထင်းသည်...

♠ ♠ ♠

## သေပြေးရှင်ပြေး

မိုးက ရွာနေဆဲ... လေက တိုက်နေဆဲ...

မြင်းတစ်ကောင်သည် 'လီမင်း'ဂေဟာအတွင်းသို့ ခပ်မှန်မှန် ဝင်ရောက်သွားပေသည်။

မြင်းပေါ်မှ လူငယ်တစ်ဦးက သတိရတစ်ချက် မရတစ်ချက်။

လူငယ်သည် မြင်းပေါ်မှ အားယူ၍ ဆင်းကာ အိမ်တံခါးဝကြီးဆီသို့ ဒယီးဒယိုင်နှင့် လျှောက်သွားလေသည်။

သူသည် ပိတ်ထားသော တံခါးကြီး၏နံဘေးမှ လူခေါ်ခေါင်းလောင်းပေါ်သို့ သူ၏လက်ကို အနိုင်နိုင် ပစ်တင်လိုက်လေ၏။

"ဒေါင်...ဒေါင်...ဒေါင်"

လူခေါ်ခေါင်းလောင်းက မြည်ဟည်းလာသည်။

သို့သော် တံခါးက ပွင့်မလာပါ။

"ဒေါင်...ဒေါင်...ဒေါင်"

ဒုတိယအကြိမ် လူခေါ်ခေါင်းလောင်းသံ မြည်လာသောအခါမှ တံခါးမကြီးက အနည်းငယ်ဟလာ၏။

ထိုစဉ် တံခါးကြားမှ အသက်ငါးဆယ်နီးပါးရှိ ခန့်ညားသည့် လူကြီးတစ်ဦး ထွက်လာသည်။

ထိုလူကြီးက လီမင်းဂေဟာ၏ အရှင်သခင်ဖြစ်သော 'လီမင်း'ကိုယ်တိုင်ပင် ဖြစ်လေသည်။

လီမင်းသည် တံခါးရှေ့တွင် လဲကျနေသော လူငယ်အား ကြည့်လိုက်၍ ခပ်လှမ်းလှမ်းတွင် ရပ်တန့်ထားသည့် မြင်းကြီးကို ကြည့်လိုက်နှင့် ကြောင်အမ်းအမ်း ဖြစ်နေပေသည်။

လီမင်းသည် လဲကျနေသော လူငယ်ကို အတန်ကြာ စူးစိုက်ကြည့်နေ၏။

ပြီးမှ လူငယ်၏အနီးတွင် ဒူးထောက်ထိုင်ချလိုက်လေသည်။

ထို့နောက် လူငယ်၏မျက်နှာကို သူက သေသေချာချာ ငုံ့ကြည့်လိုက်သည်။

လီမင်း၏မျက်လုံးအစုံသည် အဆမတန်ပင် ပြူးကျယ်သွားတော့၏။

အဘယ်ကြောင့်ဆိုသော် ထိုလဲကျနေသော လူငယ်မှာ သူ၏တူဖြစ်သူ 'လီထင်း'ပင် ဖြစ်နေသောကြောင့်ပင်...

♠ ♠ ♠



လီမင်းတွင် အကြီးဆုံးအစ်ကိုကြီးတစ်ဦး ရှိသည်။

သူ၏အစ်ကိုကြီးမှာ ကျင်းကျူးမြို့တွင် နေထိုင်၏။

သူတို့မောင်နှမသုံးဦးထဲတွင် ကျင်းကျူးမြို့တွင် နေထိုင်သော အစ်ကိုကြီးဖြစ်သူ 'လီစု'တစ်ယောက်သာ အိမ်ထောင်ပြုခဲ့၏။

အငယ်ဆုံးနှစ်ဦးဖြစ်သော လီမင်းနှင့် လီဝါးတို့မှာ ယခုအချိန်အထိတိုင် အိမ်ထောင်မပြုသေးကြဘဲ လူပျိုကြီး အပျိုကြီးဘဝနှင့်ပင် နေထိုင်ခဲ့သူ ဖြစ်ပေသည်။

လီမင်းသည် တူအရင်းဖြစ်သူ လီထင်းအား သေချာစွာကြည့်၍ သက်ပြင်းတစ်ချက်ချလိုက်သည်။

လီထင်းသည် လဲကျနေရာမှ တဖြည်းဖြည်းချင်း လူးလဲထလိုက်လေသည်။

"ငါ့တူ၊ မင်း ဘယ်လိုဖြစ်တာလဲ"

ဟုလီမင်း မေးလိုက်သည်။

လီထင်းသည် ပင်ပန်းမောဟိုက်စွာဖြင့် ဦးလေးဖြစ်သူအား မျက်လုံးလှန်၍ ကြည့်လိုက်သည်။

သူ၏မျက်နှာမှာ သွေးအားနည်းပါးမှုကြောင့် ဖြူဖွေးနေ၏။

ထို့ပြင် တစ်လမ်းလုံး မိုးမိလာသဖြင့် အသားများမှာ ပြာနှမ်းနေသည်။

လီထင်းသည် အသက်ကို မြင့်၍ရှူယင်းမှ...

"ရန်သူ...ရန်သူတွေက တိုက်ခိုက်လို့"

လီထင်းက ပြောလိုက်သည်နှင့် လီမင်းသည် ဂေဟာ၏အ

ပြင်ဘက်ဆီသို့ မျက်လုံးဝေ့၍ ကြည့်လိုက်မိလေသည်။

သူသည် ဒဏ်ရာရရှိလာသော လူတစ်ယောက်အား အလျင်စလို ပြုစုကုသရန် စိုးရွံ့ထိတ်လန့်နေပုံရသည်။

"ဘာလဲ မင်းကို ဓားပြတိုက်တာလား"

ဟုမေးလိုက်သည်။

လီထင်း ခေါင်းယမ်းလိုက်သည်။

"ဓားပြမဟုတ်ဘူး"

လီမင်းက...

"သည်လောက် ဒဏ်ရာတွေရအောင် ဘယ်သူက တိုက်ခိုက်တာလဲ"

လီထင်း အနည်းငယ် အမောပြေလာ၏။

ထို့ပြင် သူသည် ဦးလေးဖြစ်သူ၏အိမ်သို့ ရောက်ရှိလာပြီဖြစ်၍လည်း အတော်ကလေး အားတက်လာပုံရသည်။

ထို့ကြောင့် လီထင်းသည် လဲလျောင်းရာမှ ထထိုင်လိုက်လေသည်။

လီမင်းသည် တူဖြစ်သော လီထင်းကို မျက်မှောင်ကုပ်၍ကြည့်ယင်းမှ...

"ဘယ်သူနဲ့ တိုက်ခိုက်လာတာလဲ"

ဟုမေးလိုက်၏။

လီထင်း မျက်နှာပျက်သွားပြီး...

"သူတို့က လာပြီး တိုက်ခိုက်တာပါ"

"သူတို့ဆိုတာ ဘယ်သူလဲ မြန်မြန်ပြောပြစမ်းပါ"



"ဓား...ဓားစကြာ"

လီမင်းမှာ ထိုစကားကြားလိုက်ရသည်နှင့် မျက်နှာကွက်ခနဲ ပျက်သွားတော့သည်။

"ဘာဓားစကြာ ဟုတ်လား"

"ဟုတ်ပါတယ်"

"သွား...သွား မင်းခပ်မြန်မြန် သည်က ထွက်သွားပါတော့ကွာ"

ဟုမောင်းထုတ်၏။

လီမင်း၏အသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာတော့၏။ ထို့ပြင်...

"ဝုန်း"

ဟူသော အသံနှင့်အတူ တံခါးမကြီးက ရုတ်တရက် ပြန်ပိတ်သွားလေတော့သည်။

♠ ♠ ♠

ဆူဆူညံညံ အသံများကြောင့်…

အသက်လေးဆယ်ကျော် ငါးဆယ်နီးပါးရှိ အမျိုးသမီးကြီး တစ်ဦးက ပြေးထွက်လာသည်။

သူမသည် တံခါးကို ဆောင့်၍ ပိတ်လိုက်သော လီမင်းအား စူးစမ်းသည့်သဘောဖြင့် ကြည့်လိုက်ပြီး…

"ဘာဖြစ်တာလဲ အစ်ကို"

ဟုမေးလိုက်၏။

သူမသည် လီမင်း၏ညီမ လီဝါးပင် ဖြစ်တော့၏။

လီမင်းက လီဝါးအား ခက်ထန်သော မျက်နှာဖြင့် လှမ်းကြည့်လိုက်၏။

လီဝါးအနေနှင့် ဤမျှခက်ထန်သော သူမ၏အစ်ကို မျက်နှာကို တစ်ခါမှ မမြင်ဘူးပေ။

ခက်ထန်သည်ဆိုခြင်းထက် ကြောက်ရွံ့ထိတ်လန့်နေသော အသွင်သဏ္ဌာန် ပေါ်နေသည်ဟုဆိုပါက ပို၍ မှန်ပေသည်။

"ဘာမှ မဟုတ်ဘူး"

ဟုပြော၏။

လီဝါးမှာ ကြောင်တက်တက် ဖြစ်သွားသည်။

သူမက တံခါးမကြီးကို ကြည့်လိုက်၏။

"ခုနက အစ်ကို ဘယ်သူနဲ့ စကားပြောနေတာလဲဟင်"

လီမင်းသည် ညီမဖြစ်သူအား စူးစူးဝါးဝါး ကြည့်လိုက်လေသည်။

"နင်ဘာလို့ မေးနေရတာလဲ"



ဟုမေး၏။ လီဝါးက စိတ်ဆိုးဟန်မဖြစ်…

"မဟုတ်ပါဘူး၊ အစ်ကိုက သည်လိုတစ်ခါမှ ဒေါသမဖြစ်ဘူး လို့ပါ"

လီမင်းအား လေသံအေးအေးဖြင့် ပြန်ပြောလိုက်ခြင်း ဖြစ်ပေ၏။

"ကဲ လီဝါး၊ နင်အိမ်ထဲ ပြန်သွားတော့"

လီမင်းက ခပ်ထန်ထန် ပြောလိုက်သည်။

လီဝါးသည် အစ်ကိုဖြစ်သူအား နားမလည်သလို ကြည့်လိုက်ပြီး အိပ်ခန်းထဲသို့ ပြန်ဝင်သွား၏။

"ဒေါင်…ဒေါင်…ဒေါင်"

လူခေါ်ခေါင်းလောင်းက မြည်လာပြန်သဖြင့် လီဝါး၏လှမ်းနေသော ခြေလှမ်းများက ပြန်လည်ရပ်တန့်သွားသည်။

သူမက လီမင်းအား ကြည့်ကာ…

"အပြင်က ခေါ်နေတယ် အစ်ကိုရဲ့"

ဟုပြောလိုက်၏။

လီမင်း၏မျက်နှာမှာ ဒေါသကြောင့် နီရဲနေ၏။

"သည်ကောင်ကတော့ ငါသတ်လိုက်မှ အေးမယ်နဲ့တူ တယ်"

ထိုစကားကြောင့် လီဝါး၏မျက်လုံးအစုံမှာ ပြူးကျယ်သွား၏။

"ဘယ်သူ့ကို သတ်မှာလဲ အစ်ကို၊ အပြင်က ဘယ်သူလဲ ဟင်"

"ဘယ်သူဖြစ်ရမှာလဲ မင်းရဲ့တူတော်မောင်ပေါ့"

လီဝါး၏မျက်နှာမှာ ရုတ်တရက် ဝင်းလက်သွား၏။

"ဟင် လီထင်းဟုတ်လား"

"ဟုတ်တယ်"

လီဝါးသည် အစ်ကိုဖြစ်သောသူ လီမင်းအား အပြစ်တင်သော မျက်လုံးအစုံဖြင့် လှမ်းကြည့်ပြီး...

"အစ်ကိုရယ်၊ ကျွန်မတို့ရဲ့တူကလေးက ကိုယ့်ဦးလေးအဒေါ်ဆီကို လာလည်တာ ဘာလို့ သည်လိုပြုမူရတာလဲ"

ဟုပြောလိုက်သည်။

တဆက်တည်းပင် သူမသည် တံခါးမကြီးဆီသို့ ပြေးသွား၏။

လီမင်းက လီဝါး၏လက်မောင်းကို ဖမ်းဆွဲထားလိုက်လေသည်။

"ဖွင့်မပေးနဲ့"

လီမင်းက ကျယ်လောင်စွာ အော်လိုက်သည်။

လီဝါးက...

"ဘာလို့ မဖွင့်ရမှာလဲ"

"လီဝါး၊ နင် ငါ့စကားကို နားထောင်စမ်း မဖွင့်နဲ့ဆို မဖွင့်နဲ့"

လီဝါးသည် လီမင်းအား စူးစူးဝါးဝါး ပြန်ကြည့်လိုက်လေ၏။

"အစ်ကို ဘယ်လိုဖြစ်နေတာလဲ"

ဟုမေးလိုက်၏။

လီမင်းက ခေါင်းခါယမ်းကာ...



"ငါ ဘာမှ မဖြစ်ဘူး၊ နင့်ရဲ့တူမှာ ဒဏ်ရာရလာတယ် သိလား"

"ဒဏ်ရာရလာတယ် ဟုတ်သလား၊ အောင်မလေး ဒုက္ခပါပဲ၊ ဒါတောင် အစ်ကိုက တံခါးမဖွင့်ပေးတာ အံ့ပါရဲ့"

လီမင်းက...

"သူဟာ ဘယ်သူနဲ့ တိုက်ခိုက်ခဲ့တယ်ဆိုတာ နင်သိသလား"

"သူဟာသူ ဘယ်သူနဲ့ တိုက်ခဲ့တိုက်ခဲ့ ကျွန်မတို့ရဲ့တူကလေးကို ဒုက္ခမရောက်အောင်တော့ ကယ်ဆယ်ရမှာပေါ့"

လီမင်းက သူမအား ဒေါသဖြင့် တစ်ချက်ကြည့်လိုက်လေသည်။

"နင်ဘာသိလို့လဲ"

"ဘာဖြစ်လို့လဲ"

"အေး မင်းရဲ့တူဟာ ဓားစကြာအဖွဲ့နဲ့ ရန်ဖြစ်လာတာ"

"ဟင်"

သည်တစ်ခါတော့ လီဝါးပါ မျက်နှာကွက်ခနဲ ပျက်သွား၏။

သို့သော် သူမသည် လုံးဝအလျှော့မပေးဘဲ...

"ဘာပဲဖြစ်ဖြစ်ပေါ့ အစ်ကိုရယ်၊ ကျွန်မတို့တူကလေးကိုတော့ သည်အတိုင်း ပစ်ထားလို့ ဘယ်ဖြစ်ပါ့မလဲ"

"ဓားစကြာအဖွဲ့အကြောင်းကို နင်သိတယ် မဟုတ်လား"

"သိပါတယ် ဒါပေမယ့်..."

"ဒါပေမယ့် လုပ်မနေနဲ့၊ ငါတော့ သူတို့နဲ့ မပတ်သက်ချင်ဘူး"

သူမသည် အတန်ကြာအောင် ငေးငိုင်နေမိသည်။

"ဒေါင်...ဒေါင်"

ခေါင်းလောင်းသံ။

လူခေါ်ခေါင်းလောင်းသံက ထပ်မံပေါ်လာသောအခါ လီဝါးမှာ မနေသာတော့ပါ။

"ဘာပဲဖြစ်ဖြစ်ပေါ့ အစ်ကိုရယ်၊ ကျွန်မတို့တူကလေးကိုတော့ သည်အတိုင်း ကျွန်မ မထားရက်နိုင်သာဘူးရှင်"

သူမသည် လီမင်း၏စကားကိုပင် စောင့်ဆိုင်းမနေတော့ဘဲ တံခါးမကြီးကို ဖွင့်ပေးလိုက်တော့၏။

လီဝါးသည် လီထင်းအား ကပျာကယာ တွဲခေါ်သွားတော့၏။ ဘာပြော၍ ဘာဆိုရမှန်းမသိဘဲ ငေးမောကြည့်နေသော လီမင်းက အလုပ်သမားတစ်ဦးအား ခေါ်ကာ လီထင်း၏မြင်းကို မြင်းဇောင်းဆီသို့ ပို့ခိုင်းလိုက်လေသည်။

ထို့နောက် သူက အခန်းထဲသို့ လိုက်ဝင်သွားသည်။

လီဝါးက လီထင်း၏ဒဏ်ရာများကို ဆေးထည့်ပေးယင်းမှ...

"ဓားစကြာအဖွဲ့နဲ့မှ ပတ်သက်ရသလား ငါ့တူရယ်"

ဟုညည်းညည်းညူညူ ပြော၏။

"ကျွန်တော်တို့က ပတ်သက်တာ မဟုတ်ပါဘူး ဒေါ်လေးရဲ့"

"အင်း ဆက်ပြောပါဦး"

"သူတို့ကသာ ကျွန်တော်တို့ကို လာပြီးတော့ တိုက်ခိုက်တာပါ"



လီထင်း၏စကားကို လီမင်းက နားထောင်နေယင်းမှ...

"ဘယ်လို ကျွန်တော်တို့ဆိုတာက မင်းနဲ့ ဘယ်သူနဲ့ကို လာတိုက်တာလဲ"

"ကျွန်တော် အပြင်က ပြန်လာတော့ အိမ်မှာ တိုက်ပွဲဖြစ်နေတာ တွေ့ရပါတယ်"

လီမင်းသည် ထိတ်လန့်အံ့သြသွားပြီး...

"ဟင် ဒါဆို မင်းတို့အိမ်ကို ဓားစကြာအဖွဲ့က လာတိုက်တာပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ အဖေကော အမေကော ကျဆုံးသွားတယ်"

လီမင်း၏မျက်နှာသည် သိသိသာသာပင် ပျက်သွား၏။

"ကျွန်တော်လဲ အမေက မင်းခပ်မြန်မြန်ပြေးပါ သားရယ်လို့ သေကာနီး လှမ်းအော်လိုက်မှ ကျွန်တော်လဲ အားချင်းမမျှတာကို သတိရပြီး လက်လွတ်ထွက်ပြေးလာရတာပဲ"

လီမင်းက...

"မင်းနောက်က ရန်သူ လိုက်မလာဘူးလား"

"ကျွန်တော်လဲ အသက်လုပြီး ပြေးလာရတာနဲ့ သေသေချာချာ အကဲမခတ်နိုင်ပါဘူး၊ နောက်ပြီး လေကောမိုးပါ ပြင်းထန်နေတာမို့ လိုက်လာမယ် မထင်ပါဘူး"

"မင်း မထင်နဲ့ ဓားစကြာအဖွဲ့အကြောင်း ငါကောင်းကောင်းသိထားတယ်"

လီဝါး၏မျက်နှာသည်လည်း ခက်ထန်လာပေသည်။

"အို ဘာအဖွဲ့ပဲဖြစ်ဖြစ် မတရားလုပ်လာယင်တော့ ပြန်ပြီး

တိုက်ခိုက်ရမှာပါ"

"အို အင်အားမမျှတဲ့လူကို တိုက်ခိုက်တော့ သေတာပဲ အဖတ်တင်မှာပေါ့"

ထိုစဉ်မှာပင်...

"ဒေါင်...ဒေါင်"

ခေါင်းလောင်းသံက အသံကျယ်လောင်စွာဖြင့် မြည်ဟည်းလာပြီး...

"ဝုန်း"

"ဝုန်း...ဒုန်း"

ဟူသော တံခါးထုသံ တွန်းသံများပါ ဆက်တိုက်ပေါ်ထွက်လာလေတော့သည်။

♠ ♠ ♠



လီမင်း၏မျက်နှာသည် သွေးဆုတ်သကဲ့သို့ ဖြူဖွေးသွားလေ၏။

လီမင်းသည် အခန်းထဲမှ ထွက်သွားပြီး အပြင်မှ တံခါးထုနေသူများကို ချောင်းကြည့်လိုက်၏။

ထို့နောက် သူသည် အမောတကော ပြေးဝင်လာပြီး လီထင်းအား လက်ညှိုးထိုးကာ...

"မင်း...မင်းကြောင့်"

လီဝါးက...

"ဘယ်သူတွေလဲ အစ်ကို"

လီမင်းသည် ဒေါသဖြင့်...

"ဘယ်သူတွေလဲဆိုတာ ငါပြောနေရအုံးမှာလား၊ ဓားစကြာအဖွဲ့ပေါ့"

လီဝါး၏မျက်နှာသည် သိသိသာသာ ပျက်သွားတော့လေသည်။

"ဓားစကြာ"

သူမ၏နှုတ်မှ ယင်းသို့ ရေရွတ်ယင်း လီထင်းကို ကြင်နာစွာဖြင့် လှမ်းကြည့်လိုက်၏။

လီမင်းက...

"ကဲ လီထင်း၊ မင်းရဲ့ကိစ္စ မင်းဟာမင်း သွားရှင်းပေတော့"

ဟုပြော၏။

"အို အစ်ကို၊ ကျွန်မတူလေး ဘာမှ ထွက်တွေ့စရာ မလိုဘူး၊ သည်ကိုတောင် လိုက်လာပြီး မတရားစော်ကားတာပဲ ပြန်တိုက်

လိုက်ရုံပေါ့"

သူမက ပြောပြောဆိုဆို ဓားတစ်လက်ဆွဲကိုင်လိုက်၏။

"နင် သူတို့ကို နိုင်မယ် ထင်သလား"

"အစ်ကိုက ကြောက်လို့လား"

လီမင်း၏မျက်နှာ ရဲခနဲ ဖြစ်သွား၏။

သူသည် ဘာမှဆက်မပြောတော့ဘဲ ခါးကြားမှ ဓားကိုဆွဲထုတ်ကာ အပြင်သို့ ပြေးထွက်သွားတော့၏။

လီဝါးက...

"ကဲ ငါ့တူလေး၊ မင်းရဲ့မြင်းလဲ နောက်ဖေးမှာ ရှိတယ်၊ အဲဒါ နောက်ဖေးပေါက်ကပဲ အမြန်ဆုံး ပြေးပေတော့"

လီထင်းက ထိုင်၍ ငိုင်နေယင်းမှ...

"မဟုတ်တာဘဲ ဒေါ်လေးရယ်၊ ကျွန်တော်ပါ တိုက်မယ်" ဟုပြောလိုက်၏။

လီဝါးက...

"နင် ငါပြောတာကို နားမထောင်ဘူးလား၊ သွားစုချက်ချင်း သွားဆိုသွားပါ"

"ကျွန်တော်..."

"မင်းဒဏ်ရာတွေနဲ့မို့ အမြန်ဆုံးပြေးပါလို့ ငါပြောနေတာ မကြားဘူးလား"

လီထင်းမှာ သူသေကိုယ်သေ ပြန်လည်တိုက်ခိုက်တော့မည်ဟု စဉ်းစားမိလေသည်။

လီဝါးက...



"ဒေါ်လေးပြောတဲ့ စကားကို နားထောင်ပါ ငါ့တူရယ်"

"မဟုတ်ပါဘူး ဒေါ်လေးရယ်၊ ကျွန်တော်..."

"အို မဖြစ်နိုင်တာ မပြောပါနဲ့၊ အခု ငါတို့ မလွဲသာမရှောင်သာလို့ သေသွားယင် ဘယ်သူက သူတို့ကို လက်စားချေနိုင်မှာလဲ"

လီထင်း ငိုင်သွားသည်။

သူ့ဒေါ်လေး ပြောသည်မှာ မှန်ပေသည်။

သူက ယခု ဝင်ရောက်ယှဉ်ပြိုင်လျှင် သက်သက်အသေခံသလို ဖြစ်ရပေမည်။

ထို့ကြောင့် လီထင်းသည် ဒေါ်လေးဖြစ်သူအား ရီဝေသောမျက်လုံးအစုံဖြင့် ကြည့်လိုက်ကာ လေးစားစွာဖြင့် ဂါရဝတစ်ချက်ပြုလိုက်ပြီး ဂေဟာ၏နောက်ဖေးဆောင်ဘက်သို့ ပြေးထွက်ခဲ့သည်။

မကြာမီ လီထင်းသည် လီမင်းဂေဟာနှင့် အတော်ဝေးသော နေရာသို့ ရောက်ရှိသွားတော့သည်။

♠ ♠ ♠

## အဘိုးအို

လီထင်းသည် လမ်းဆုံတစ်ခုပေါ်ရှိ စားသောက်ဆိုင်ရှေ့တွင် မြင်းကို ရပ်တန့်လိုက်သည်။

အတွင်းသို့ လှမ်းကြည့်လိုက်သည်။

စားသောက်သူတစ်ဦးမှ မတွေ့ရ။

ဆိုင်ရှင်ဖြစ်ဟန်တူသော အဘိုးအိုတစ်ယောက်က ငိုက်မြည်းနေပေသည်။

ဆိုင်ထဲသို့ သူဝင်သွားသောအခါ အဘိုးအိုက တစ်ချက်ခေါင်းထောင်ကြည့်လိုက်သည်။

သို့သော် စိတ်ဝင်စားမစားဟန်ဖြင့် သူ၏မျက်လုံးကို ပြန်မှိတ်ထားလိုက်သည်။



တည်းခိုစားသောက်သူ နည်းပါးပြီး ဤမျှ ခေါင်လွန်းသော နေရာတွင် ဆိုင်တည်ထားသဖြင့် လူသူကင်းရှင်းခြင်း ဖြစ်လိမ့်မည်ဟု လီထင်းက ထင်မိသည်။

"အဘိုး"

လီထင်းက ခပ်တိုးတိုးပင် ခေါ်လိုက်သည်။

အဘိုးအိုက ခေါင်းထောင်ရင်း မျက်လုံးဖွင့်လိုက်သည်။

"မင်းလဲ မိုးရွာလို့ ခဏဝင်နိတည် တာပဲ မဟုတ်လား"

လီထင်းမှာ ကြောင်သွား၏။

ဆိုင်ရှင်အဘိုးအို၏စိတ်ထဲတွင် သူ့အား မိုးရွာ၍ ဝင်ရောက်ခိုလှုံသူဟုသာ သတ်မှတ်ထားပုံရသည်။

ထို့ကြောင့် စိတ်ဝင်စားဟန် မပြခြင်း ဖြစ်ပေသည်။

"အဘိုး အရက်နဲ့ စားစရာရမလား"

အဘိုးအိုသည် သူ၏မျက်လုံးကို ရုတ်တရက် ပွတ်လိုက်ပြီး လီထင်းကို ကြည့်လိုက်သည်။

"မင်း အရက်သောက်မလို့ ဟုတ်လား"

လီထင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

"ထမင်းလဲ စားမယ်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"အင်း မဆိုးဘူး"

"ဘာမဆိုးတာလဲ အဘိုး"

"ဒီအတိုင်းဆို ငါ့ဆိုင် တည်မြဲနိုင်သေးတယ်"

"ဘာလဲ အဘိုးဆိုင်က ရောင်းမကောင်းလို့လား"

"ခရီးသွားသမားတွေကို အားကိုးရောင်းရတဲ့ဆိုင်ပဲကွာ၊ မိုးက ဒီလောက်ကောင်းနေမှတော့ ဘယ်သူက ခရီးသွားကြမှာလဲ"

"အနည်းအကျဉ်းတော့ သွားတဲ့လာတဲ့လူ ရှိပါရဲ့၊ ဒါပေမယ့် မိုးဝင်ခိုတာကလွဲပြီးတော့ ကြေးပြားတစ်ပြားဖိုးစားမယ့်လူ မရှိပါဘူးကွာ"

"ကဲပါ အဘိုးရယ် စိတ်မပျက်နေပါနဲ့၊ ကျွန်တော်နဲ့ ဈေးဦးပေါက်ပြီးယင် ရောင်းကောင်းတတ်ပါတယ်"

အဘိုးအိုက သဘောကျစွာ ခေါင်းညိတ်၍ ရယ်မောလိုက်လေသည်။

"အေး မင်းပြောတဲ့အတိုင်း ဖြစ်ပါစေကွာ၊ အရက်တော့ နှစ်မျိုးရတယ်ကွ၊ မင်း ဘယ်ဟာ သောက်မလဲ"

"နည်းနည်းကောင်းတဲ့ အရက်ပေးပါ"

အဘိုးအိုက အကောင်းစားအရက်တစ်အိုးကို လာချပေး၏။

ယင်းသို့ လာချပေးယင်းမှ...

"မင်းကို ကြည့်ရတာ တော်တော်နေမကောင်းပုံရတယ်"

လီထင်းသည် သူ၏ဒဏ်ရာများကို အင်္ကျီနှင့်ဖုံးကာ...

"ဟုတ်တယ် နည်းနည်းတော့ နေမကောင်းဘူး"

"အေး...အေး ဒါဆို မင်းနဲ့ သင့်တော်မယ့် အစားအစာတွေ ငါစီမံပေးမယ်ကွာ"

"ကျေးဇူးပါပဲ အဘိုး"

♠ ♠ ♠



အဘိုးအို၏ဆိုင်ထဲ၌ စားသောက်သူနှစ်ဦး ရှိသွားပြီ ဖြစ်၏။

လီထင်း ရောက်ရှိလာပြီး မကြာမီမှာပင် မျက်ခုံးမွေးနှင့် မုတ်ဆိတ်မွေးများ ဆွတ်ဆွတ်ဖြူနေသော ခရီးသည်အဘိုးအိုတစ်ယောက် ထပ်တိုးလာသည်။

ယင်းအဘိုးအိုသည်လည်း ရောက်ရောက်ချင်း အရက်တစ်အိုးမှာယူကာ တစ်နေရာ၌ ငြိမ်သက်စွာထိုင်၍ သောက်နေသည်။

ထိုအဘိုးအိုအား ကြည့်ရသည်မှာ သမားတော်တစ်ယောက်ဟုလည်း ထင်ရပေသည်။

ထို့အပြင် ထက်မြက်သော သိုင်းပညာရှင်ကြီးတစ်ဦးနှင့်လည်း တူပေသည်။

မည်သို့ပင်ဖြစ်စေ ယင်းအဘိုးအို၏ဥပဓိရုပ်သည် ခန့်ညားတည်ငြိမ်ပြီး အပြစ်ကင်းစင်လှသည်။

တနည်းဆိုသော်...

ကျက်သရေရှိလှသည်ဟု ထင်ရပေသည်။

သို့သော် ထိုအဘိုးအို၏မျက်နှာမှာ တစ်စုံတစ်ခုအတွက် စိတ်သောက ရောက်နေသလိုလို စိတ်ဆင်းရဲမှု တစ်စုံတစ်ရာကို ခံစားနေရသလိုလို ရှိနေပေသည်။

ဆိုင်ရှင်အဘိုးသည် ယင်းခရီးသည်အဘိုးအိုအား သိကျွမ်းခင်မင်နေပုံရ၏။

အဘယ်ကြောင့်ဆိုသော်...

ဆိုင်ရှင်အဘိုးအိုမှာ သူ၏အလုပ်များ ပြီးသွားသည်နှင့် ခရီးသည်အဘိုးအိုအနားသို့ သွားရောက်ထိုင်ကာ ရယ်ရယ်မောမောနှင့်

စကားများ ပြောကြားနေရသည်ကို တွေ့လိုက်ရသောကြောင့်ပင်။

"သမားတော်ကြီးကျူး ဒီဘက်ကို မရောက်တာ အတော်ကြာသွားပြီနော်"

ဆိုင်ရှင်အဘိုးအိုက နှုတ်ဆက်စကား ပြောလိုက်ခြင်း ဖြစ်လေသည်။

မုတ်ဆိတ်မွေးအဖြူနှင့်အဘိုးအိုမှာ 'သမားတော်ကြီးကျူး' ဟူ၍ သိလိုက်ရသည်။

သို့သော် သမားတော်လား သိုင်းဆရာလားဆိုသည်ကိုတော့ လီထင်းက မဝေခွဲတတ်ပါ။

သမားတော်ကြီးကျူးက...

"မရောက်ဆိုလဲ ငါ့အလုပ်နဲ့ ငါပေါ့ကွာ၊ အခု ဒီဘက်ကို တစ်ခါရောက်လာပြန်တော့လဲ တစ်ခါဆိုသလိုပဲ စိတ်ဆင်းရဲရတယ်"

သမားတော်ကြီးကျူးက ဆိုင်ရှင်အဘိုးအိုအား ပြောပြနေခြင်း ဖြစ်သည်။

လီထင်းက ဂရုစိုက်၍ နားထောင်နေမိသည်။

"ဘာတွေများ စိတ်ဆင်းရဲစရာတွေ လာပြန်ရတာလဲ သမားတော်ကြီးကျူးရဲ့"

"တခြားတော့ မဟုတ်ပါဘူးကွာ၊ ကျင်းကျူးမြို့ထဲက ကိစ္စပါ"

လီထင်းသည် 'ကျင်းကျူးမြို့'ထဲက ကိစ္စဆိုသည့်အသံကို ကြားလိုက်ရသဖြင့် ပိုမို၍ နားစိုက်ထောင်နေမိသည်။

ဆိုင်ရှင်အဘိုးအိုက...



"ကျင်းကျူးမြို့မှာ ဘာတွေ ဖြစ်နေပြန်ပြီလဲ"

"လီမိသားစုတော့ တစ်ယောက်မှ ကျန်တော့မှာ မဟုတ်ဘူး"

ဆိုင်ရှင်အဘိုးအိုမှာ အံ့သြသွားပုံရ၏။

ပို၍ ထိတ်လန့်အံ့သြသွားရသည်က လီထင်းပင် ဖြစ်ပေတော့သည်။

"ဦးလေးနဲ့ ဒေါ်လေး"

သူ၏စိတ်ထဲတွင် စိုးရိမ်စိတ်များက ချက်ချင်းဝင်ရောက်လာတော့၏။

သမားတော်ကြီးကျူးက ဆက်လက်၍...

"အင်း လီမင်းတို့ကလဲ ဘာတွေ ချား သွားပြီး ရန်စသလဲ တော့ မသိဘူး၊ ဓားစကြာအဖွဲ့သားတွေက ဂေဟာထဲမှာ ရှိသမျှ လူတွေအားလုံးကို သတ်သွားတယ်"

လီတင်း၏ဦးခေါင်းပေါ်သို့ မိုးကြိုးပစ်ချသည့်အလား ခံစားလိုက်ရသည်။

သူသည် အသံကျယ်လောင်စွာဖြင့် ထပြီး မငိုမိစေရန် မနည်းထိန်းချုပ်ထားလိုက်ရလေတော့၏။

♠ ♠ ♠

တစ်ခွက်...

နောက်တစ်ခွက်...

လီထင်းသည် တစ်ခွက်ပြီးတစ်ခွက် ဆက်တိုက်ပင် သောက်နေမိတော့၏။

သူ၏မျက်လုံးများသည် ခြသေ့်တစ်ကောင်၏မျက်လုံးကဲ့သို့ နီရဲနေမိတော့၏။

ယခုဆိုလျှင် အရက်ကော်တော်များများသည် သူ၏ဝမ်းဗိုက်ထဲသို့ ဆက်တိုက်ရောက်ရှိသွား၏။

ထိုအခါ ဦးခေါင်းတစ်ခုလုံး ချာချာလည်သွား၏။

သူ၏စိတ်ထဲတွင်လည်း လောကကြီးတစ်ခုလုံးအား မေ့သွားလျှင် ပိုကောင်းမည်ဟု တွေးတောလိုက်မိလေသည်။

သမားတော်ကြီးကျူးဆိုသည့်သူသည် သူ့အား အကဲခတ်ကြည့်ရှုနေသည်ကို လုံးဝမသိပါချေ။

သမားတော်ကြီးကျူး၏စိတ်ထဲတွင် ဤလူငယ်သည် အဘယ်ကြောင့် အရက်များကို တစ်ခွက်ပြီးတစ်ခွက် သောက်နေရပါသနည်း။

လူငယ်ကလေးတစ်ယောက်သည် အရက်များကို ဤမျှဆက်ကာဆက်ကာ သောက်နေသည်မှာ ကြုံကြိုက်၍တွေ့မဟုတ် တန်ရာဟု ဝါရင့်နေသော သမားတော်ကြီးကျူးက တွေးမိလိုက်သည်။

ထို့ကြောင့် သမားတော်ကျူးက လူငယ်ဖြစ်သူလီထင်းအား တစ်စုံတစ်ခု မေးမြန်းမည်ကြံစဉ်မှာပင် လူငယ်တစ်ယောက် လှမ်းဝင်လာသဖြင့် ဆရာကြီးသည် အံ့အားသင့်စွာဖြင့် ငေးမောကြည့်နေ



လိုက်မိတော့သည်။

♠ ♠ ♠

ထိုလူအား ရုတ်တရက် မြင်လိုက်ရသဖြင့် လီထင်းပင် အံ့အားသင့် ထိတ်လန့်သွားပြီး မူးနေသော အရက်များ ပြေပျောက်သွားမည်ဟု ထင်လိုက်ရလေသည်။

ဝင်လာသောလူမှာ မင်းညီမင်းသားများလို ဝတ်ဆင်ထားသည့် ခန့်ညားသော လူတစ်ယောက် ဖြစ်ပေသည်။

ထိုလူသည် လီထင်းအား သေချာစွာ စူးစိုက်ကြည့်လိုက်ပြီး မခို့တရို့ ပြုံးလိုက်လေသည်။

"လက်စသတ်တော့ မင်းက သည်မှာကိုး"

လီထင်း ထိုင်ရာမှ ရုတ်တရက် ထလိုက်သည်။

သူ၏မျက်နှာတွင် စိုးရွံ့ထိတ်လန့်မှုများ ရှိနေသော်လည်း နာကျည်းမုန်းတီးမှုများ ဖြစ်ပေါ်နေသဖြင့် ခက်ထန်မာကျောနေပေသည်။

မင်းညီမင်းသား အဝတ်အစားနှင့်လူသည် လီထင်း၏စားပွဲအနီးသို့ လျှောက်သွားပြီး သူ၏ညာလက်ဝါးနှင့် တအားတွန်းထုတ်လိုက်၏။

"ဝုန်း"

ဟူသော အသံနှင့်အတူ လီထင်းမှာ လွင့်စင်သွားလေတော့သည်။

သမားတော်ကြီးကျုးနှင့် ဆိုင်ရှင်အဘိုးအိုမှာ နားမလည်နိုင်ဘဲ မော့ကြည့်နေကြသည်။

မင်းသားအဝတ်အစားနှင့်လူသည် အဘိုးအိုနှစ်ဦးအား တစ်ချက်ငွေ့ကြည့်လိုက်သည်။

သို့သော် လုံးဝဂရုမစိုက်သည့်ဟန်ဖြင့် လီထင်းဘက်သို့ ပြန်လှည့်လိုက်လေသည်။

လီထင်းသည် လဲကျနေရာမှ ရုတ်တရက် ကုန်းထလာပြီး မင်းသားအဝတ်အစားနှင့်လူအား ပြေး၍ ရင်ဆိုင်လိုက်ပြန်သည်။

သို့သော် သူ၏ဝင်ရောက်တိုက်ခိုက်မှုမှာ လုံးဝမထိရောက်ဘဲ ဖြစ်နေပေသည်။

မင်းညီမင်းသား အဝတ်အစားနှင့်လူ၏ သိုင်းပညာအဆင့်က လွန်စွာ မြင့်မားနေပေသည်။

တဖန် လီထင်းမှာ ဒဏ်ရာများ ရရှိနေသဖြင့် မင်းသားအဝတ်အစားနှင့်လူအား လုံးဝမယှဉ်နိုင်ပေ။

မင်းသားအဝတ်အစားနှင့်လူသည် လီထင်းအား အသေသတ်ချင်နေပုံရသည်။

သူသည် ပြေးဝင်လာသော လီထင်းအား ညာဘက်လက်နှင့်ပင် သိမ်းကြုံး၍ ရိုက်ပစ်လိုက်ရာ...

"ဝုန်း"

လီထင်းသည် နောက်သို့ လွင့်စင်သွားပြီး ခွေလဲကျသွားပြန်တော့သည်။

သို့သော် ထိုလူသည် အားမရနိုင်ဘဲ လီထင်း၏ရင်ဝဆီသို့



သူ၏ခြေထောက်နှင့် တအားဖိကန်လိုက်ရာ လီထင်းမှာ...

"အင့်"

ဟုတစ်ချက် အော်လိုက်သည်။

ပါးစပ်မှ သွေးများက ယိုစီးလာသည်။

နောက်တစ်ချက် အရှိန်ပြင်းစွာဖြင့် ဆောင့်ကန်လိုက်လေရာသည်တစ်ကြိမ်တွင် သူ၏ခြေထောက်သည် လီထင်းအား မကန်မိကုလားထိုင်တစ်လုံးကို ကန်မိလျက်သား ဖြစ်သွားသည်။

သမားတော်ကြီးကျုးဆိုသူက လျင်မြန်စွာ ဝင်ရောက်၍ ကုလားထိုင်တစ်လုံးကို ခံပေးလိုက်ခြင်းပင် ဖြစ်၏။

မင်းသားအဝတ်အစားနှင့်လူသည် အတော်ပင် ဒေါသထွက်သွားပုံရလေသည်။

သူ၏မျက်နှာတစ်ခုလုံးမှာ ရုတ်ခြည်းခက်ထန်သွားပြီး...

"အဘိုးကြီး ဘာဝင်ရှုပ်တာလဲ"

သမားတော်ကြီးကျုး အနည်းငယ် ပြုံးလိုက်သည်။

"မင်းသိပ်တရားလွန်နေပြီကွာ"

"ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ"

"ကျုပ်နဲ့တော့ မဆိုင်ဘူးပေါ့ကွာ"

"မဆိုင်ရင် ဝင်မရှုပ်ပါနဲ့"

သမားတော်ကြီးကျုးသည် လီထင်းအား လှည့်ကြည့်လိုက်သည်။

လီထင်းကလည်း သမားတော်ကြီးကျုးက သူ့ဘက်မှ ရပ်တန့်လိုက်သဖြင့် စိတ်သက်သာရာ ရရှိသွားမိလေသည်။

ထိုအချိန်တွင် သမားတော်ကြီးကျူးက လီထင်းအား ခပ်မြန်မြန်ထွက်ပြေးရန် မျက်ရိပ်ပြလိုက်သဖြင့် လီထင်းသည် လဲနေရာမှ လူးလိမ့်ထပြီး သူ့မြင်းရှိရာသို့ တချိုးတည်း ပြေးလေတော့သည်။

မင်းသားအဝတ်အစားနှင့်လူသည် လီထင်းအား လိုက်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော် သမားတော်ကြီးကျူးက ရှေ့မှကာဆီးထားလိုက်လေသည်။

လီထင်းသည် မြင်းပေါ်မှနေ၍ ဆိုင်ထဲသို့ တစ်ချက်လှမ်းကြည့်လိုက်ရာ သမားတော်ကျူးနှင့် မင်းသားတို့သည် သဲသဲမဲမဲ တိုက်ခိုက်နေသည်ကို တွေ့လိုက်ရလေသည်။

သူသည် ကြာရှည်ကြည့်မနေအားပါ။

ရရှိသည့် အခွင့်အရေးကလေးကို အသုံးချရန်အတွက် သူ၏မြင်းကို တအားပင် မောင်းနှင်လိုက်လေတော့သည်။

♠ ♠ ♠



လီထင်းသည် ပင်ပန်းနွမ်းနယ်စွာဖြင့် မြင်းပေါ်မှ လိုက်ပါလာလေသည်။

သူ့တစ်ကိုယ်လုံးလည်း အတော်ပင် စိတ်ပျက်နေမိပြီ ဖြစ်လေသည်။

သုံးကြိမ်တိတိ

မှန်ပေသည်။

သူ၏အသက်ဘေးအတွက် သုံးကြိမ်တိတိ ပြေးလွှားခဲ့ရပြီ ဖြစ်ပေသည်။

ပထမဦးဆုံး မိဘနှစ်ပါး၏အိမ်မှ အသက်လုပြီး ပြေးခဲ့ရလေသည်။

ဦးလေး၏အိမ် ရောက်ပြန်တော့လည်း ရန်သူတွေက ထပ်ကြပ်မကွာ လိုက်လာပြီး တိုက်ခိုက်ခဲ့သဖြင့် ဦးလေးနှင့် အဒေါ်လည်း ဆုံးခဲ့ရ၏။

သူလည်း လက်လွတ်ထွက်ပြေးခဲ့ရလေသည်။

ယခုလည်း ရန်သူက လိုက်လာပြန်သည်။

သူ၏ဘက်မှ ရပ်တည်ပေးခဲ့သော အဘိုးအိုသမားတော်ကြီးသည် ဘယ်အခြေအနေသို့ ဆိုက်နေမှန်းမသိ သူကတော့ ထွက်ပြေးခဲ့ရပြန်သည်။

ရှေ့တွင်လည်း သူ့အတွက်ကြောင့် လူတွေ ဘယ်လောက်ထပ်မံ၍ သေဆုံးကြဦးမည်နည်း။

သည်တစ်သက် သူကော ပြေးလွှား၍ ဆုံးခန်းတိုင်ပါဦးမည်လော။

လီထင်းသည် သူ့ကိုယ်သူ စိတ်ပျက်လာမိတော့၏။

သူသည် လောကကြီးတွင် အသက်ရှင်နေထိုင်ဖို့ မကောင်းတော့ဟုလည်း ထင်မြင်လာတော့သည်။

သူ၏မြင်းကြီးသည် လမ်းမတလျှောက် ဦးတည်ရာသို့ ပြေးလွှားနေပေသည်။

သူသည် တတိယအကြိမ် မြင်းပေါ်၌ မလှုပ်မယှက် ပါရှိလာခြင်း ဖြစ်လေသည်။

ထိုစဉ် သူ၏ပါးစပ်မှလည်း သွေးများ ယိုစီးကျလာလေ၏။

မင်းသားအဝတ်အစားနှင့်လူ၏ကနန်ချက်မှာ သူ၏ရင်ဘတ်ကို ထိထိမိမိကြီး ခံထားရပေသည်။

ဒဏ်ရာကြောင့် နာသည်ကတစ်မျိုး၊ အကနန်ခံထားရသည့်အတွက် ရင်ဘတ်တစ်ခုလုံး အောင့်နေသည်ကတစ်ဖုံကြောင့် သူ့အဖို့ အသက်ကို မနည်းကြိုးစားရှူနေရသည်။

မြင်းက ပြေးလွှားနေ၍ လှုပ်ရှားနေသည်နှင့်အမျှ သူ၏ပါးစပ်မှ သွေးများက အဆမတန် ပို၍ ယိုစီးကျလာပေသည်။

မျက်လုံးများလည်း တဖြည်းဖြည်း ပြာဝေ၍ လာပေသည်။

ထိုအခိုက်...

သူသည် နတ်ကွန်းပျက်တစ်ခုကို တွေ့ရှိလိုက်ရသည်။

ထိုအခါ သူ၏မြင်းကို နတ်ကွမ်းပျက်ဆီသို့ မောင်းသွင်းလိုက်လေသည်။

သူသည် မြင်းပေါ်မှ အနိုင်နိုင် အားယူ၍ ဆင်းရပြန်သည်။ နတ်ကွန်းပျက်ထဲသို့ မရောက်မီ သူ၏မျက်လုံးများက ဘာမှ မမြင်ရအောင်ပင် ပြာဝေ၍ လာလေသည်။



ထို့နောက် ခေါင်းထဲ၌ မိုက်ခနဲဖြစ်ကာ အရုပ်ကြိုးပြတ်ကျသွားလေတော့သည်။

သူနောက်ဆုံးသတိထား၍ ကြားလိုက်ရသည်မှာ နောက်မှ လိုက်လာသော မြင်းခွာသံတစ်သံပင် ဖြစ်တော့သည်။

♠ ♠ ♠

## သမားတော်

မြို့စားဂေဟာ...

သံမဏိမြို့၏ မြို့စားဂေဟာသည် ထည်ဝါခန့်ညားလွန်းလှပေသည်။

အဆောင်ပေါင်းများစွာ ပါရှိသော အိမ်ကြီးမှာ နတ်ဘုံနတ်နန်းတမျှ လှပတင့်တယ်လှသည်။

ထို့ပြင် ဂေဟာအတွင်းရှိ ပန်းမာလ်ဥယျာဉ်နှင့် ရေကန်ကလည်း ဂေဟာကြီးတစ်ခုလုံးကို အလှတန်ဆာ ဆင်ထားလေသည်။

ထို့ကြောင့်လည်း သံမဏိမြို့တွင် မြို့စားကြီး၏ဂေဟာသည် လှပတင့်တယ်ကြောင်း ခမ်းနားကြီးကျယ်ကြောင်း သတင်း



မွှေးလျက် ရှိလှပေသည်။

သို့သော် ဂေဟာကသာ သတင်းမွှေးသည်။

ဂေဟာ၏အရှင်သခင် မြို့စားကြီး၏သတင်းက မမွှေးလှပါချေ။

သတင်းမမွှေးပေမယ့် တိုင်းသိပြည်သိ ကျော်ကြားလှ၏။

ကောင်းသတင်း ကျော်ကြားခြင်းတော့ မဖြစ်နိုင်ပါ။

ဆိုးသတင်းသာ ဖြစ်ပေမည်။

အဘယ်ကြောင့်ဆိုသော်...

မြို့စားကြီး၏သမီးသည် ဆိုးလွန်း၍သာ ဖြစ်ပေသည်။

သူမ၏လက်အောက်တွင် ထိပ်တန်းသိုင်းသမားများစွာ ရှိနေပေသည်။

အခြေအရံ အသင်းအပင်း ပြည့်စုံလှသည်။

သူမ လက်ညှိုးညွှန်ရာ ရေဖြစ်ရမည်ပင်။

ဂေဟာ၏အလယ်ခန်းမဆောင်ထဲသို့ လူတစ်ဦးက ရေးကြီးသုတ်ပျာနှင့် ရောက်လာလေသည်။

ထိုလူသည် အသက်အားဖြင့် နှစ်ဆယ်ကျော်ကျော်သာ ရှိပေဦးမည့် လူငယ်တစ်ဦးပင် ဖြစ်လေသည်။

သူ၏အဝတ်အစားများမှာ အဖိုးတန် ပိုးဖဲကတ္တီပါများနှင့် ချုပ်လုပ်ထားသဖြင့် ထိုလူငယ်နှင့် အလွန်ပင် ပဏာရလှသည်။

လူငယ်၏ရုပ်ရည်မှာ ချောမောသည်ဟု မဆိုနိုင်သော်လည်း အရုပ်ဆိုးအကျည်းတန်ခြင်း မရှိလှပါ။

ခန့်ညားသော သူ၏ရုပ်သွင်သည် သစ်လွင်တောက်ပသော

သူ၏အဝတ်အစားနှင့် လိုက်ဖက်ညီလှပေသည်။

အဘယ်ကြောင့်ဆိုသော်...

သူ၏အဝတ်အစားများမှာ မင်းညီမင်းသားများ ဝတ်ဆင်သည့် အဝတ်အစားများကြောင့်ပင်။

ရွှေရောင်မင်းသားဝမ်းပို့...

သူသည် ခပ်မှန်မှန်ဖြင့် ခန်းမကြီးအတွင်းသို့ လှမ်းဝင်သွားပေသည်။

ခန်းမကြီး၏ကုလားထိုင်တစ်လုံးပေါ်တွင် အစိမ်းရောင်ပိုးဖဲဝတ်စုံနှင့် မိန်းကလေးတစ်ဦး ထိုင်နေသည်။

သူမ၏ဘေး တစ်ဘက်တစ်ချက်စွင် ထိပ်တန်းသိုင်းသမားနှစ်ဦးစီရပ်နေသည်။

ထို့ပြင် အလွန်လှပသော မိန်းကလေးနှစ်ဦးကလည်း တစ်ဘက်စီ၌ ရပ်နေသည်။

ယင်းမိန်းကလေးနှစ်ဦးသည်လည်း သိုင်းပညာရှင်ကိုယ်ရံတော်များပင် ဖြစ်လေသည်။

သူမ၏ရှေ့တွင်တော့ ထိပ်တန်းသိုင်းသမားများက ဘေးနှစ်ဘက်၌ တန်းစီး၍ ရပ်တန့်နေကြပေသည်။

ရွှေရောင်မင်းသားဝမ်းပို့သည် ကုလားထိုင်ပေါ်မှ အစိမ်းရောင်ဝတ်ဆင်ထားသည့် လှပသော မိန်းကလေး ရှေ့တည့်တည့်တွင် ရပ်တန့်ကာ အရိုအသေ ပေးလိုက်လေသည်။

"ဘယ်လိုလဲ ရှင် မဖမ်းခဲ့နိုင်ဘူး မဟုတ်လား"

ဝမ်းပို့က ခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်သည်။



"သူက ဒဏ်ရာတွေနဲ့မို့ ကျုပ်က ခပ်ညှာညှာပဲ တိုက်ခိုက်ပြီး ခေါ်ခဲ့ဖို့ စိတ်ကူးပါတယ်၊ ဒါပေမယ့်..."

သူ၏စကားမဆုံးမီ သခင်မကျင်းကျင်းက...

"ထွက်ပြေးလွတ်မြောက်သွားတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်၊ အဘိုးအိုတစ်ယောက်က ရုတ်တရက် အကာအကွယ်ပေးလိုက်လို့ပါ"

သခင်မလေးကျင်းကျင်းက မျက်မှောင်ကုပ်လိုက်သည်။

"အဘိုးအို ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်က အဘိုးအိုလဲ၊ ဘယ်သူလဲ"

"အဲဒါတော့ ကျုပ်လဲ မသိဘူး၊ အဲဒီ အဘိုးအိုလဲ ထွက်ပြေးလွတ်မြောက်သွားတယ်"

"သူတို့ရဲ့ အမျိုးအနွယ်ပဲလား"

ဝမ်းပို့က ခေါင်းယမ်းလိုက်သည်။

"မဖြစ်နိုင်ပါဘူး၊ တည်းခိုခန်းထဲမှာ သူတို့ဟာ တစ်ယောက်တခြားစီ ထိုင်နေကြတာပါပဲ၊ ကျုပ်က လီထင်းကို တိုက်ခိုက်နေယင်း အဲဒီ အဘိုးအိုက ဝင်ကူတာပါ"

သခင်မလေးကျင်းကျင်းက မျက်မှောင်ကြုတ်၍ အတန်ကြာအောင် စဉ်းစားနေပေသည်။

အတော်ကြီးကြာမှ...

"သူနဲ့ ပတ်သက်တဲ့ လူတွေကော"

"အားလုံး ရှင်းလိုက်ပါပြီ၊ အဲ သူတစ်ယောက်ပဲ လွတ်သွား

တာ၊ ဒါထက် သခင်မလေးက သူ့ကို ဘာကြောင့် အပြတ်ရှင်းခွင့် မပေးတာလဲ"

သခင်မလေးကျင်းကျင်း၏မျက်နှာမှာ အလိုမကျသလို သုန်မှုန်နေပေသည်။

ဝမ်းပို့က မေးသည်ကို ကျင်းကျင်းက အနည်းငယ် ပြုံးလိုက်ပြီး ပြန်ဖြေလိုက်သည်။

"ဘာလို့ မရှင်းနိုင်းတာလဲဆိုတာ ရှင်သိပါတယ်"

"လှို့ဝှက်သိုင်းကျမ်းကြောင့် မဟုတ်လား"

"ဟုတ်တယ်လေ၊ အဲဒီ လှို့ဝှက်သိုင်းကျမ်းဟာ သူ့ဆီမှာပဲ ရှိရမယ်၊ အဲဒါကို မရခင် သူ့ကို သတ်လို့ကော ဘာများထူးမှာလဲ"

ဝမ်းပို့က မော့ကြည့်လိုက်ပြီး…

"သူ့ဆီမှာ ရှိတယ်ဆိုတာ သခင်မလေးက အမှန်သိလို့လား"

သခင်မလေးက စဉ်းစဉ်းစားစားဖြင့်…

"သူ့မိဘတွေဟာ သူ့လက်ထဲကို မထည့်ထားယင်တောင် ဘယ်မှာရှိဆိုတာကိုတော့ သူ့ကို ပြောခဲ့မှာပဲ"

ဝမ်းပို့က စိတ်ပျက်စွာ ခေါင်းယမ်းလိုက်သည်။

"ဒီလှို့ဝှက်သိုင်းကျမ်းကို မလိုချင်ပါနဲ့တော့ဗျာ၊ သူ့ကို တစ်ခါတည်း အပြတ်ရှင်းလိုက်စမ်းပါ၊ ဒါမှ လီအမျိုးအနွယ်တွေ ပြုတ်သွားမှာ"

သခင်မလေးကျင်းကျင်းက သွားများပေါ်အောင် ရယ်မောလိုက်လေသည်။



"ရှင်ဟာ တခြားနေရာတွေမှာ အစစအရာရာ တော်ပေမယ့် တွေးတောမြော်မြင်တဲ့နေရာမှာ နုသေးတယ်"

ဝမ်းပို့၏မျက်နှာမှာ ရဲခနဲ ဖြစ်သွားသည်။

သူ့အား လူလယ်ခေါင်တွင် နုသေးသည်ဟု အပြောခံရသဖြင့် ရှက်သွားပုံရလေသည်။

သို့သော် သူက ဘာမှ ပြန်မပြော အံကိုသာ မသိမသာကြိတ်ထား၏။

သခင်မလေးကျင်းကျင်းက ဆက်ပြော၏။

"ကျွန်မတို့ရဲ့ အဓိကရန်သူဟာ အဲဒီ လှို့ဝှက်သိုင်းကျမ်းရှိနေတဲ့လူပဲရှင်၊ အဲဒီ သိုင်းပညာကို ရရှိသွားယင် ရှင့်လို လူမျိုးတစ်ထောင်လောက်ကိုလဲ မှုစရာမလိုတော့ဘူးဆိုတာ ရှင်သိရဲ့လား"

ဝမ်းပို့က ခေါင်းတစ်ချက် မော့ကြည့်လိုက်သည်။

သို့သော် ဘာမှ ပြန်မပြောဘဲ မျက်နှာကို တခြားဘက်သို့ လှည့်နေလိုက်၏။

"အို ရှင့်ကို ဒါတွေ ပြောလဲ သဘောပေါက်မှာ မဟုတ်ဘူး၊ ကျွန်မလိုချင်တာ လှို့ဝှက်သိုင်းကျမ်း မရခင် သူ့ကို မသတ်နဲ့ ကျွန်မကိုယ်တိုင် စစ်ဆေးစုံစမ်းမယ် ဒါပဲ"

ဝမ်းပို့သည် ကျင်းကျင်းအား တစ်ချက်မော့ကြည့်လိုက်၏။

ထို့နောက် ဘာမှမပြောဘဲ တခြားအခန်းတစ်ခုဆီသို့ လျှောက်သွားလေတော့၏။

♠ ♠ ♠

လီထင်း....

သူသည် ပင်ပန်းနွမ်းနယ်စွာဖြင့် ပြေးလွှားလာယင်းမှ ရင်ဘတ်မှအောင့်ပြီး ပါးစပ်မှသွေးများအန်ကာ နောက်ဆုံးလဲကျသွားတော့သည်။

သူသတိလစ်ကာနီး အချိန်ကလေးတွင် နောက်မှလိုက်လာသော မြင်းခွာသံတစ်သံကို ကြားလိုက်ရသည်။

ထို့နောက်တော့ သူဘာမှ မသိတော့ပေ။

ယခု သူက မျက်လုံးဖွင့်ကြည့်လိုက်သောအခါတွင် ဖက်များမိုး၍ မြက်များကာရံထားသော တဲတစ်လုံးအတွင်း၌ ရောက်ရှိနေသည်ကို တွေ့ရလေသည်။

လီထင်းသည် မျက်လုံးကို ပြန်မှိတ်၍ စဉ်းစားလိုက်သည်။

သူနောက်ဆုံး သတိမလစ်ခင် နတ်ကွန်းပျက်တစ်ခုကို တွေ့ရှိလိုက်ရလေသည်။

ထိုနတ်ကွန်းပျက်ထဲသို့ သူက ဝင်ရောက်သွား၏။

သို့သော် သူသည် ခေါင်းထဲမှ မိုက်ခနဲ ဖြစ်လာပြီး လဲကျသွားသည်။

ထို့နောက် မြင်းခွာသံကို ကြားလိုက်ရ၏။

ယခု သူရောက်ရှိနေသည့်နေရာက နတ်ကွန်းပျက်မဟုတ်ပါချေ။

တဲငယ်ကလေးတလုံး ဖြစ်သည်။

သူ့အား မည်သူက ခေါ်လာ၍ ဤနေရာသို့ ရောက်ရှိနေပါသနည်း။



ဤနေရာသည် မည်သည့်နေရာ ဖြစ်သနည်း။

သူသည် ရင်ဘတ်မှ ဒဏ်ရာကို စမ်းသပ်ကြည့်လိုက်သည်။

သိပ်ပြီး နာကျင်လှသည်ကို မတွေ့ရပေ။

အောင့်နေသော ရင်ဘတ်သည်လည်း သက်သာလာသည်ဟု ထင်ရ၏။

ဤသို့ဆိုလျှင် သူ့အား မည်သူက ဆေးဝါးများ ကုသပေးပါသနည်း။

လီထင်းသည် အမျိုးမျိုး စဉ်းစားယင်းမှ ထထိုင်လိုက်လေသည်။

ယင်းသို့ ထိုင်လိုက်ယင်းမှ အပြင်ဘက်ဆီသို့ လှမ်းကြည့်လိုက်သည်။

အပြင်ဘက်တွင် မိုးမရွာ လေမတိုက်ဘဲ သာသာယာယာရှိနေသည်။

ထိုအခိုက် တဲပေါ်သို့ တက်လာသော ခြေသံကြားလိုက်ရပြီး အခန်းကလေးထဲသို့ လူတစ်ယောက် ဝင်ရောက်လာ၏။

ထိုလူအား တွေ့လိုက်ရသည်နှင့် လီထင်းသည် အံ့သြဝမ်းသာဖြစ်၍ သွားတော့သည်။

အဘယ်ကြောင့်ဆိုသော် ဆေးခွက်ကိုင်၍ သူ့အခန်းထဲသို့ ဝင်လာသူမှာ စားသောက်ဆိုင်တွင် သူ့ဘက်မှ ဝိုင်းဝန်းတိုက်ခိုက်ပေးသည့် သမားတော်ကြီးကျူး ဖြစ်နေသောကြောင့်ပင်။

"အော် မင်းသတိရနေပြီကိုး"

သမားတော်ကြီးကျူးက ပြုံးရွှင်စွာ လှမ်းနှုတ်ဆက်သည်။

"ဟုတ်...ဟုတ်ကဲ့ ဆရာကြီး"

"မင်း နှစ်ရက်လုံးလုံး သတိလစ်နေတာ"

လီထင်း အံ့သြသွားလေသည်။

"ဗျာ နှစ်ရက်တောင်"

"ဟုတ်တယ်၊ မနေ့ကဆိုယင် မင်းဟာ ငါ့ဆေးတောင် နိုင်မှာ မဟုတ်တော့ဘူးလို့ ထင်မိတာ"

လီထင်းသည် သမားတော်ကြီးကျူးအား လေးစားကျေးဇူးတင်စွာ ကြည့်နေမိသည်။

"ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်၊ ကျွန်တော့်မှာ ဆရာကြီးပေးတဲ့ အသက်ပဲ ရှိပါတော့တယ်"

"အင်း ငါနဲ့ တိုက်ဆိုင်ရတာ မင်းအဖို့ ကံကောင်းတယ်လို့ ဆိုရမှာပေါ့လေ"

"မှန်ပါတယ် ခင်ဗျာ"

"လီမင်းတို့ သေသွားတာကိုပဲ မင်းက ကျေးဇူးတင်ရအုံးမယ်ကွ"

"ဗျာ"

လီထင်းမှာ ထိုစကားကြောင့် စိတ်ထဲတွင် တစ်မျိုးခံစားလိုက်ရပြီး အံ့အားသင့်သွားတော့၏။

"မင်း ဘာဖြစ်သွားတာလဲ"

"အို ဟို ဘာမှမဖြစ်ပါဘူး ဆရာကြီး"

"ငါက မှန်တာကို ပြောတာ၊ အကယ်၍သာ လီမင်းတို့ဂေဟာမှာ ဘာမှမဖြစ်ခဲ့ယင် ငါလဲခရီးထွက်ဖြစ်မှာ မဟုတ်သေးဘူး"



လီထင်းက ငြိမ်၍ နားထောင်နေသည်။

သမားတော်ကြီးကျူးက...

"အင်း အခုတော့ မထင်မှတ်ဘဲ သူတို့ အသတ်ခံလိုက်တော့ ငါလဲ လုံးဝစိတ်မကောင်းတာနဲ့ ခရီးချက်ချင်း ထွက်လာခဲ့လို့ မင်းနဲ့ လာတွေ့ရတာပေါ့"

ထိုအခါမှ လီထင်းမှာ သမားတော်ကြီးကျူး ဘာကိုဆိုလိုသည်ကို သဘောပေါက်သွားသည်။

လီထင်းသည် သမားတော်ကြီးကျူးအား မော့ကြည့်လိုက်သည်။ ပြီးမှ...

"ဒါနဲ့ ဆရာကြီးက လီမျိုးနွယ်ဂေဟာနဲ့ ရင်းနှီးသလား"

ဟုမေးလိုက်သည်။

သမားတော်ကြီးကျူးသည် လီထင်းအား တစ်ချက်စူးစိုက်၍ ပြန်ကြည့်လိုက်သည်။

ထို့နောက် သူသည် လီထင်းအနားတွင် ထိုင်လိုက်ပြီး ရင်ဘတ်ကိုဖွင့်ကာ သူယူလာသော ခွက်ထဲမှ ဆေးများကို လိမ်းကျံပေးလိုက်သည်။

ပြီးမှ သူ၏အမေးကို မဖြေဘဲ ဆရာကြီးက ပြန်လည်၍ မေးခွန်းထုတ်လိုက်လေသည်။

"ဒါထက် မင်းက ဘယ်သူလဲ"

ဟုမေး၏။

လီထင်းက တစ်ချက်အံ့သြသွားပြန်သည်။

သူ့စိတ်ထဲတွင် သမားတော်ကြီးကျူးသည် သူ့အား သိ

ကျွမ်း၍သာ တိုက်ပွဲ၌ ဝင်ရောက်ကူညီပြီး ယခုကဲ့သို့လည်း ပြုစုစောင့်ရှောက်နေသည်ဟု ထင်မိလေသည်။

ယခု သမားတော်ကြီးကျူးက သူ့ကိုမသိသေး။

အကယ်၍ သူက လီမိသားစုထဲကပါဟု ပြောလျှင် သမားတော်ကြီးကျူးက သူ့အပေါ် မည်ကဲ့သို့ သဘောထားမည်နည်း။

သူ၏အမည်ကို ဖုံးကွယ်၍ ပြောရလျှင် ကောင်းလေမည်လား မကောင်းပါချေ။

ကိုယ်၏ကျေးဇူးရှင်အား လိမ်ညာလှည့်ပတ်ပြောရန် မသင့်ပေ။

ထို့ပြင် စောစောက သမားတော်ကြီးကျူး၏စကားထဲတွင် လီမိသားစုအတွက် စိတ်မကောင်းပါဟု ပါရှိနေသည်။

ထို့ကြောင့် သမားတော်ကြီးကျူးသည် သူ့အပေါ် သဘောထားမပြောင်းနိုင်ဟု ထင်မိလိုက်သည်။

ထို့ကြောင့် သူက...

"ကျွန်တော့်နာမည် လီထင်းပါ"

ဟုပြောလိုက်သည်။

သမားတော်ကြီးကျူး၏မျက်ခုံးအစုံက အပေါ်သို့ အနည်းငယ်မြင့်တက်သွားသည်။

"ဟင် ဒါဆို မင်းက လီမိသားစုထဲကပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်၊ လီမင်းနဲ့ လီဝါးက ကျွန်တော့်ရဲ့ဦးလေးနဲ့ အဒေါ်ပါ၊ ကျွန်တော်ဟာ လီစုရဲ့သား လီထင်းပါဗျာ"

သမားတော်ကြီးကျူးသည် စိတ်မကောင်းဟန်ဖြင့် ခေါင်း



ကို ခါယမ်းလိုက်ပြီး...

"အို တိုက်တိုက်ဆိုင်ဆိုင် မင်းကိုမှ လာတွေ့ရတယ်"

ဟုညည်းညည်းညူညူ ပြောသည်။

လီထင်းက...

"ဆရာကြီးက ကျွန်တော့်ရဲ့မိဘနဲ့ ဦးလေးတွေကို သိသလား"

သမားတော်ကြီးကျူးက ခေါင်းကို လေးတွဲ့စွာ ညိတ်ပြလိုက်လေသည်။

"အင်း ဟိုးအယင်က အတော်ရင်းနှီးခဲ့တယ်ဆိုပါတော့ကွယ်၊ ဒါပေမယ့် ကွဲကွာနေတာလဲ ကြာပါပြီ၊ ဒါထက် မင်းရဲ့ ကြုံတွေ့ရတဲ့ အဖြစ်အပျက်ကို ပြောပြစမ်းပါဦး"

ထိုအခါ လီထင်းသည် သူ၏မိဘနှစ်ပါး အသတ်ခံရသည်မှစ၍ တည်းခိုခန်း၌ ရွှေရောင်မင်းသားနှင့် တွေ့ဆုံတိုက်ခိုက်ရသည်အထိ အစအဆုံး ပြောပြလိုက်လေတော့သည်။

♠ ♠ ♠

သမားတော်ကြီးကျူးသည် လီထင်း ပြောပြနေသည်ကို ဂရုစိုက် နားထောင်နေ၏။

သူ၏မျက်နှာသည် အဝေးတစ်နေရာသို့ လှမ်းကြည့်နေ၏။

သို့သော် သူ၏မျက်နှာတွင် ကြေကွဲဝမ်းနည်းမှုများက အထင်းသား ဖော်ပြနေပေသည်။

အတန်ကြာသောအခါ သမားတော်ကြီးကျူးသည် သက်ပြင်းတစ်ချက်ကို ရှည်လျားစွာ ချလိုက်သည်။

သူသည် တဖြည်းဖြည်းချင်း လီထင်းဘက်သို့ လှည့်လိုက်လေသည်။

"မင်းတို့ရဲ့မိသားစုအပေါ် ဘာကြောင့် သည်အထိ ရန်ငြိုးထားတယ်ဆိုတာကိုကော မင်းက သိသလား"

လီထင်း ခေါင်းခါယမ်းလိုက်၏။

"မသိပါဘူး ဆရာကြီး"

သမားတော်ကြီးကျူးက ခေါင်းညိတ်ကာ...

"ဓားစကြာအဖွဲ့ကို မင်းတို့က ရန်ကော သွားစသေးသလား"

"ကျွန်တော်တို့ မိသားစုဟာ အေးအေးပဲ နေပါတယ် ဆရာကြီး"

"အကြောင်းမဲ့သက်သက်တော့ မဖြစ်နိုင်ဘူး၊ မင်းတို့မိသားစုအပေါ် မကျေနပ်ချက် တစ်ချက်တော့ ရှိကိုရှိရမယ်"

"ကျွန်တော်တော့ ဘာမှ စဉ်းစားလို့ မရဘူး"

"မင်းအဖေက အယင်ကရော ဓားစကြာအဖွဲ့နဲ့ ဆက်သွယ်သေးသလား"



လီထင်းသည် သူ၏မေးခွန်းကို အတန်ကြာအောင် ပွတ်၍ စဉ်းစားနေယင်းမှ...

"အနည်းအကျဉ်းတော့ ဆက်သွယ်မှုရှိတယ်လို့ ထင်ရတာပဲ"

"ဘာအကြောင်းနဲ့ ဆက်သွယ်သလဲ"

"အဲဒါကတော့ ကျွန်တော် မသိဘူး"

သမားတော်ကြီးကျူးသည် ထိုင်ရာမှထသွားပြီး ပြတင်းပေါက်၌ သွားရပ်နေသည်။

သူသည် တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေပုံ ရပေသည်။

လီထင်းသည် သမားတော်ကြီးကျူးအနီးသို့ လျှောက်သွားသည်။

"ဆရာကြီး"

သမားတော်ကြီးကျူးက သူ့အား မျက်မှောင်ကုပ်၍ လှည့်ကြည့်လိုက်သည်။

"မင်းဘာပြောချင်လို့လဲ"

ဟုမေးသည်။

"ဆရာကြီး ဘယ်သူဘယ်ဝါဆိုတာကို ကျွန်တော် သိခွင့်မရှိဘူးလား"

"ဘာလဲ မင်းက ငါ့ကို တစ်ခုခု ဖွင့်ပြောရမှာ အယုံအကြည်မရှိလို့လား"

လီထင်းက ကပျာကယာ လက်ကာပြလိုက်၏။

"သည်လို မဟုတ်ပါဘူး ဆရာကြီးရယ်၊ ကိုယ့်ကျေးဇူးရှင်တစ်ယောက်ဟာ ဘယ်သူဘယ်ဝါဆိုတာ သိထားသင့်တာပေါ့ ဆရာကြီးရယ်"

သမားတော်ကြီးကျူး ပြုံးလိုက်၏။

"မင်း သမားတော်ကြီးကျူးဆိုတာဆိုတာကော ကြားဖူးလား"

ဟုမေးသည်။

လီထင်းက စဉ်းစားပြီးမှ မျက်လုံးဝိုင်းသွားပြီး...

"ကြားဖူးတယ်...ကြားဖူးတယ်၊ အဖေ စကားပြောတဲ့အထဲမှာ မကြာခဏဆိုသလို ပါတတ်တယ်"

"အေး အဲဒါ ငါပဲ"

"အို သမားတော်ကြီးကျူးဆိုတာတော့ စားသောက်ဆိုင်က အဘိုးကြီးခေါ်လို့ ကျွန်တော် ကြားမိပေမယ့် အဖေ့မိတ်ဆွေ ဆရာကြီးလို့ ကျွန်တော် မထင်ခဲ့မိဘူး"

"ငါထင်တာကတော့ မင်းရဲ့မိဘနှစ်ပါးဟာ မျိုးချစ်သိုင်းသမားတွေကို အားပေးအားမြှောက် ပြုနေသလားကွာ"

လီထင်းက ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းလိုက်သည်။

"အဲဒါတော့ မဖြစ်နိုင်ဘူး ဆရာကြီး၊ ဖေဖေဟာ ခပ်အေးအေးပဲ နေထိုင်လာခဲ့တာ ကြာပါပြီ"

သမားတော်ကြီးကျူးသည် စဉ်းစားရကြပ်ဟန်ဖြင့် သက်ပြင်းတစ်ချက်ကို ရှည်လျားစွာ ချလိုက်သည်။



အတန်ကြာမှ...

"ဒါဆိုယင်တော့ နောက်ထပ် စဉ်းစားစရာ အချက်တစ်ခုပဲ ရှိတော့တယ်"

လီထင်း စိတ်ဝင်စားဟန်ဖြင့် ကြည့်လိုက်သည်။

"ဘာများလဲ ဆရာကြီး"

"လှို့ဝှက်သိုင်းကျမ်း"

♠ ♠ ♠

"အဲသည် လှို့ဝှက်သိုင်းကျမ်းရဲ့ ကိစ္စကော မင်း ဘာသိသလဲ"

လီထင်းထံမှ မည်သည့်အသံမှ ထွက်မလာပါ။

သူသည် ကြိုးစား၍ စဉ်းစားနေပုံရသည်။

သမားတော်ကြီးကျူးက ဆက်၍...

"သည်ကိစ္စလဲ မင်းမသိဘူး မဟုတ်လား"

"ဆရာကြီး အခုပြောမှ ကျွန်တော် ကြားဖူးတယ်"

"အင်း သည်လိုပဲ ဖြစ်ရမယ်လေ"

"အဲသည် သိုင်းကျမ်းက အဖေ့ဆီမှာ ရှိလို့လားဟင် ဆရာကြီး"

ဆရာကြီးသည် လီထင်းအား စူးစိုက်၍ ကြည့်လိုက်ပြီး...

"ဟုတ်မဟုတ်တော့ ငါလဲ မသိဘူး၊ အဲသည် သိုင်းကျမ်းက မင်းအဖေဆီမှာ ရှိတယ်ဆိုတာတော့ လူတော်တော်များများက ပြောနေကြတယ်"

"ကျွန်တော့်မိသားစုဟာ အဲသည် သိုင်းကျမ်းကြောင့် အသတ်ခံလိုက်ရတယ်ဆိုယင် အဲဒါက အတော်အရေးကြီးလို့လား"

"ဘယ့်နှယ်ပြောပါလိမ့်ကွာ"

"ပြောပြပါလား ဆရာကြီး"

သမားတော်ကြီးကျူးက...

"အဲသည် သိုင်းကျမ်းဟာ လိုတရဆိုတဲ့အတိုင်း ကိုယ်လိုချင်တဲ့ သိုင်းပညာ အစုံအလင် အဲသည်မှာ ရှိပါတယ်"

ဟုပြောသည်။

လီထင်းက ငြိမ်သက်စွာ နားထောင်နေသည်။

"ဒါပေမယ့် သိုင်းကျမ်းထဲက ပညာရပ်ကို လူတိုင်း နားမလည်ကြပါဘူး"

"ဒါဖြင့် သူတို့က ဘာ့ကြောင့် သည်လောက်တောင် မက်နေရတာလဲ"

"သူတို့က မက်မောတယ်ဆိုတာထက် အဲသည် သိုင်းကျမ်းကို ကြောက်နေတယ်လို့ ပြောယင် ပိုမှန်မယ်"

လီထင်းမှာ သိပ်နားမရှင်းပေ။

"ဘယ်လိုလဲ ဆရာကြီး"

သမားတော်ကြီးကျူးက...

"အဲသည် သိုင်းကျမ်းထဲက ပညာရပ်ကို တစ်စုံတစ်ယောက်



သာ ရရှိသွားယင် သူတို့တတွေ ဘယ်သူမှ မယှဉ်နိုင်တော့ဘူးကွ"

လီထင်းသည် ပါးစပ်အဟောင်းသားဖြင့် အံ့သြသွားလေတော့သည်။

♠ ♠ ♠

"လျှို့ဝှက်သိုင်းကျမ်း"

လီထင်းသည် ပါးစပ်မှ ခပ်တိုးတိုး ရေရွတ်နေမိ၏။

ဤလျှို့ဝှက်သိုင်းကျမ်းသာ သူ့ထံ၌ ရှိပါလျှင် သူသည် စဉ်းစားနေယင်း အံကို တင်းတင်းကြိတ်လိုက်သည်။

သူ့စိတ်ထဲတွင် အသေဆိုးနှင့် သေသွားရသော မိဘနှမ်ပါးနှင့် ဦးလေးဒေါ်လေးများကို မြင်ယောင်နေမိသည်။

အပြစ်ကင်းစင်လှသော မိသားစုကို သတ်သွားသည့် ရန်သူကို မည်ကဲ့သို့ ပြန်လည်ရင်ဆိုင်ရမည်ကို စဉ်းစားတွေးတောနေမိ၏။

"လူလေး"

သမားတော်ကြီးကျူးအား ကြင်နာစွာ ခေါ်လိုက်လေ၏။

"ဗျာ ဘဘ"

"မင်းက ဘာတွေတွေးနေသလဲဆိုတာကို ငါသိပါတယ်"

လီထင်း နှုတ်ဆိတ်နေလိုက်၏။

သမားတော်ကြီးကျူးက...

"မင်းနဲ့ စားသောက်ဆိုင်မှာ တိုက်ခိုက်တဲ့လူဟာ ဘယ်သူ

လဲဆိုတာ မင်းသိရဲ့လား”

ဟုမေးသည်။

လီထင်း စဉ်းစားလိုက်ပြီး...

“ဓားစကြာအဖွဲ့ထဲက ဖြစ်မှာပေါ့”

“အေး မင်း သူ့ကိုတွေ့ရင် ရှောင်လိုက်ပါ”

လီထင်း သမားတော်ကြီးကျူးအား မော့ကြည့်လိုက်၏။

“သူ့ပညာက...”

“ဟုတ်တယ်၊ သူ့ညာဟာ သိပ်ပြီးတော့ အဆင့်မြင့်နေတယ်၊ ရွှေလက်ဝါးသိုင်း ခြောက်ကွက်ဆိုတာ မင်းကြားဖူးမှာပေါ့”

လီထင်းမှာ အံ့ဩထိတ်လန့်သွား၏။

“ဒါဖြင့် သူဟာ လက်ဝါးသိုင်းခြောက်ကွက် သိုင်းသမား ရွှေရောင်မင်းသားလေးဆိုတာပေါ့ ဟုတ်လား”

“အေး ဟုတ်တယ်၊ အဲသည် လက်ဝါးသိုင်းခြောက်ကွက်ကို မင်းကိုယ်တိုင် မတတ်ဘဲနဲ့ ယှဉ်ယင်တော့ သေဖို့ပဲ ရှိမှာပဲ”

လီထင်းသည် စိတ်ပျက်စွာဖြင့် သက်ပြင်းတစ်ချက်ချလိုက်လေသည်။

♠ ♠ ♠



ည...

ညသည် အလွန်တိတ်ဆိတ်လွန်းလှသည်။

တောထဲတောင်ထဲ၌ လူသူနေထိုင်သော တဲဟူ၍ ဤတစ်လုံးသာ ရှိနေပေသည်။

မိုးမရွာ လေမကျသော်လည်း လရောင်မဲ့သောကြောင့် အလင်းရောင် လုံးဝမရှိပေ။

တဲရှေ့ရှိ သစ်တုံးတစ်တုံးပေါ်၌ လီထင်း ငုတ်တုတ်ထိုင်နေ၏။

အတော်ညဉ့်နက်နေပြီ ဖြစ်သော်လည်း အိပ်ချင်စိတ်က လုံးဝမရှိပေ။

မကြာမီမှာပင်...

သမားတော်ကြီးကျူးက သူ့အနားသို့ ရောက်ရှိလာ၏။

“လူလေး”

လီထင်းက သမားတော်ကြီးကျူးကို မော့ကြည့်လိုက်ကာ

“ခင်ဗျာ”

“မင်း မအိပ်သေးဘူးလား”

“အိပ်မပျော်သေးလို့ပါဘဘ”

သမားတော်ကြီးကျူးက အနီးရှိ သစ်ငုတ်ပေါ်၌ ထိုင်ချလိုက်သည်။

“မင်း သံမဏိမြို့စားကြီးရဲ့သမီးကို သိသလား”

“သိတော့ မသိဘူး ကြားဖူးတယ်”

“မြင်ကောမြင်ဖူးလား”

"မမြင်ဖူးဘူး"

"မြင်ဖူးယင် မင်း သိပ်အံ့သြသွားမယ်"

လီထင်းက နားမလည်သလို သမားတော်ကြီးကျူးအား ကြည့်လိုက်သည်။

"ဘာလို့လဲ ဆရာကြီး"

သမားတော်ကြီးကျူးက အနည်းငယ် ပြုံးပြလိုက်ပြီး....

"ချောမောလှပသလောက် စိတ်က ခက်ထန်ကြမ်းကြုတ်တယ်"

"စိတ်ထားခက်ထန်တယ်ဆိုတာတော့ ကြားဖူးပါတယ်၊ သူက တော်တော်ချောသလား ဆရာကြီး"

ဟုမေးလိုက်၏။

သမားတော်ကြီးကျူး လီထင်းကို ပြုံး၍ ကြည့်လိုက်သည်။

"ယောကျ်ားတွေတော့ မပြောနဲ့ မိန်းမချင်းတောင် ငေးပြီး ကြည့်ရလောက်အောင် ချောတယ်"

"ရုပ်ချောသလောက် ဘာလို့ စိတ်ထားက ကြမ်းတမ်းနေပါလိမ့်၊ အင်း ဒါကတော့ အကြောင်းအမျိုးမျိုး ရှိတာပေါ့ကွာ၊ တချို့တော့လဲ ရုပ်ရည်မလှပပေမယ့် စိတ်ထားဖြူစင်တဲ့ လူတွေလဲ ရှိကြတာပေါ့ကွာ"

လီထင်းက...

"ဓားစကြာအဖွဲ့ကို ဖွဲ့စည်းထားတာကတော့ သူပဲ မဟုတ်လား ဆရာကြီး"

"ဟုတ်တယ်လေ၊ သံမဏိမြို့တစ်မြို့လုံးဟာ ဓားစကြာရဲ့



လက်အောက်မှာ နေကြရတာပဲ၊ မြို့စားကြီးကိုယ်တိုင်က အုပ်ချုပ်ရေး အာဏာကို သူ့သမီးနဲ့ လွှဲပြောင်းပေးထားတာပဲ"

လီထင်းသည် တောက်တစ်ချက်ကို ပြင်းထန်စွာ ခေါက်လိုက်သည်။

သမားတော်ကြီးကျူး ပြုံးလိုက်သည်။

"လူလေး"

"ပြောပါ ဆရာကြီး"

"ရန်သူကို ရင်ဆိုင်နိုင်ဖို့ဆိုတာက ကိုယ့်မှာလဲ ယှဉ်ပြိုင်နိုင်တဲ့ အားမာန်ရှိရတယ် လူလေးရဲ့"

လီထင်းသည် သမားတော်ကြီးကျူး၏စကားကို သဘောပေါက်မိသည်။

ကိုယ့်မှာ ယှဉ်ပြိုင်နိုင်အား မရှိဘဲနဲ့ ယှဉ်ပြိုင်လျှင် ကိုယ်သာ ရှုံးနိမ့်ရမည်ဟု သွယ်ဝိုက်၍ ပြောပြနေခြင်းပင် ဖြစ်သည်။

နောက်တစ်ချက် အားအင်မရှိဘဲ ကြိမ်းဝါးနေခြင်းသည်လည်း လုံးဝအဓိပ္ပါယ် မရှိကြောင်းကို ဆိုလိုခြင်း ဖြစ်ပေသည်။

ရွှေလက်ဝါးသိုင်းခြောက်ကွက်...

ထိုသိုင်းကို မည်သူတတ်ကျွမ်းပါသနည်း။

မင်းသားလေးသည် မည်သူ့ထံက သင်ယူထားပါသနည်း။

ထိုသိုင်းကွက်ကို နိုင်သော သိုင်းပညာမျိုး မရှိလေရော့သလား။

သခင်မလေးကျင်းကျင်းသည် ထိုသိုင်းပညာမျိုးကို တတ်ကျွမ်းထားပါသလော။

သူသည် တောင်စဉ်ရေမရ တွေးတောနေယင်းမှ...

"ဆရာကြီး"

"ဟင်"

"ကျွန်တော် ဘာလုပ်သင့်သလဲ ဆရာကြီးရယ်"

ဟုမေးလိုက်၏။

သမားတော်ကြီးကျူးက...

"မင်းက ဘာလုပ်ချင်လို့လဲ"

လီထင်း အံကြိတ်လိုက်သည်။

"သည်လူတွေဟာ ကျွန်တော့်ကို တစ်နေ့နေ့ သတ်မှာပဲ"

သမားတော်ကြီးကျူးသည် စိတ်မကောင်းစွာဖြင့် မျက်နှာတစ်ဘက် လှည့်ထားလေသည်။

"မင်းကို သိုင်းပညာ သင်မပေးနိုင်တာ ဝမ်းနည်းပါတယ် လူလေးရယ်"

သမားတော်ကြီးကျူး အသံသည် ပြောယင်းမှ တိမ်၍ ဝင်သွားသည်။

ဝန်းကျင်တစ်ခုလုံး ငြိမ်သက်နေသည်။

သမားတော်ကြီးကျူးကပင် ဆက်၍...

"တကယ်တော့ ဘဘဟာ သိုင်းပညာထက် ဆေးပညာကို ပိုပြီး ကျွမ်းကျင်တယ်"

ခပ်ဝါးဝါး အမှောင်ထဲမှာပင် လီထင်းက လှည့်ကြည့်လိုက်သည်။

သမားတော်ကြီးကျူး၏မျက်နှာမှာ ကြေကွဲဝမ်းနည်းမှု



အပြည့်အဝ ရှိနေပေသည်။

လီထင်းက...

"လက်ဝါးသိုင်းခြောက်ကွက်ကို သူတို့ ဘယ်က ရထားတယ်ဆိုတာ ဆရာကြီး သိမှာပေါ့"

သမားတော်ကြီးကျူးက သူ့အား အတန်ကြာအောင် စိုက်ကြည့်လိုက်သည်။

"အဲဒါလဲ ငါ မသိတာ အမှန်ပဲ၊ ဒါပေမယ့် သိတယ်ပဲထားအုံး၊ အဲသည် ဆရာက မင်းကို သင်ပေးပါ့မလား"

လီထင်းမှာ သက်ပြင်းတစ်ချက်ကို မသိမသာ ချလိုက်မိ၏။

"ကျွန်တော် သည်နေ့ကစပြီး ထူးချွန်တဲ့ သိုင်းပညာကို လိုက်ရှာတော့မယ်"

သမားတော်ကြီးကျူး ပြုံးလိုက်သည်။

"ငါတစ်ခုတော့ ပြောချင်တယ်"

"ပြောပါ ဆရာကြီး"

"လူလေး တစ်နေ့ကစ်ချိန်မှာ ပညာတတ်မြောက်လာသည်ပဲဖြစ်စေ၊ ယှဉ်ပြိုင်တိုက်နိုင်သည်ဖြစ်စေ တုံ့ပြန်ကလဲ့စားချေတဲ့ အလုပ်မျိုးကိုတော့ ဘဘ မနှစ်သက်ဘူး"

လီထင်းက ဘာမှမပြောဘဲ ငြိမ်သက်စွာ စဉ်းစားနေ၏။

"ဘာလို့လဲဆိုတော့ ကလဲ့စားချေတယ်ဆိုတဲ့ အလုပ်ဟာ အင်မတန်မှ အောက်တန်းကျတဲ့ အလုပ်ပဲ လူလေး"

"ဒါဖြင့် သူတို့ကို ကျွန်တော် တစ်သက်လုံး အရှုံးပေးရတော့မလား"

"သည်လိုလဲ မဟုတ်သေးဘူး လူလေးရယ်၊ ဘဘပြောမယ်၊ လောကမှာ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ရယ်လို့ နှစ်မျိုးရှိတယ်ကွယ်"

"ဟုတ်ကဲ့"

"ပထမအချက်ကတော့ ကိုယ့်အသားကို ထိမှန်ပြီး ကလဲ့စားချေတဲ့ ပုံစံမျိုး မဟုတ်ဘဲ တိုင်းပြည်ရဲ့ ဆူးငြောင့်ကို သားကောင်းပီပီ သုတ်သင်ရှင်းလင်းတဲ့ သဘောမျိုး ဖြစ်ရမယ်"

"ဟုတ်ကဲ့ ဘဘ"

"ဒုတိယအချက်ကတော့ ကိုယ့်အပေါ် မတရားလုပ်လာယင် တတ်နိုင်သမျှသည်းခံ၊ မခံနိုင်သည့်အဆုံးမှ ပြန်လည်တုံ့ပြန်ရတာမျိုး၊ အရေးကြီးဆုံးကတော့ သူတို့ကို တုံ့ပြန်နိုင်တဲ့ အင်အားလဲ ရှိနေရမှာပေါ့ကွာ"

"ကျွန်တော် သဘောပေါက်ပါပြီ ဘဘရယ်"

"အေး အဲသည်တော့ လောလောဆယ်မှာ မင်းပညာရှာပါ၊ ဘဘလဲ မင်းကို တတ်နိုင်တဲ့ဘက်က ကူညီပါ့မယ်"

"ဒါထက် ဘဘ"

"ပြောလေ"

"ကျွန်တော် ဘဘကို အမြဲတမ်း ဘယ်မှာ တွေ့နိုင်မလဲ"

"ဘဘက သံမဏိမြို့အနားက ဝါးဖြူတောင်မှာ အမြဲတမ်းရှိပါတယ်"

အတန်ကြာအောင် တိတ်ဆိတ်သွားသည်။

အတော်ကြီးကြာမှ သမားတော်ကြီးကျူးက…



"ငါတစ်ခု စဉ်းစားမိတာ ရှိတယ်"

"ဘာများလဲဘဘ"

သမားတော်ကြီးကျူးသည် စကားမဆက်ဘဲ စဉ်းစားနေသည်။

သူသည် ပြောသင့်မပြောသင့် ချင့်ချိန်နေပုံရသည်။

"ငါထူးဆန်းတဲ့ လျှို့ဝှက်အဆောက်အအုံတစ်ခုကို တွေ့ထားတယ်"

လီထင်း အံ့ဩသွားသည်။

"ဗျာ လျှို့ဝှက်အဆောက်အအုံ ဟုတ်လား ဆရာကြီး"

"ဟုတ်တယ်၊ ငါနဲ့လဲ မဆိုင်လို့ ဘယ်သူမှ မပြောဘူးလို့နေခဲ့တာ၊ မင်းကို ပြောပြရတာလဲ တစ်ခုခုများ မင်းအတွက် အကျိုးထူးမလားလို့ပါ"

"ကျွန်တော် စိတ်ဝင်စားပါတယ် ဆရာကြီး ပြောပါ"

"အေး အဲသည် အဆောက်အအုံကတော့ ဘဘနေတဲ့ ဝါးဖြူတောင်ရဲ့ နောက်ကျောက တောနက်ကြီးထဲမှာပဲ၊ အဲသည်ကို မင်းအယင်ဆုံးသွားပြီးတော့ လေ့လာသင့်တယ်လို့ ဘဘထင်တယ်"

"ဘယ်လို လျှို့ဝှက်အဆောက်အအုံမျိုးလဲ ဘဘ"

"မင်းရောက်တဲ့အခါ သိမှာပါလေ"

"ဒါဖြင့် ကျွန်တော် မနက်ဖြန်သွားမယ်"

သမားတော်ကြီးကျူး ပြုံးလိုက်ပြီး…

"သိပ်ဆန္ဒမစောပါနဲ့၊ မင်းကျောင်းကောင်း ကျန်းမာသွားအောင်တော့ သုံးရက်လောက် သည်မှာ ဆေးစားအနားယူပါဦး"

ထိုအခါမှ သူ့ကျန်းမာရေး သိပ်မကောင်းသေးသည်ကို သတိရမိသွားသည်။

"ဟုတ်သားပဲ ဘဘရယ်၊ ကျွန်တော် ဆန္ဒစောသွားတယ်"

"မင်းသွားနေတဲ့ နေရာကို ဘဘဆေးဝါး အစုံအလင် ပေးလိုက်ပါ့မယ်"

လီထင်း ခေါင်းညိတ်လိုက်ကာ…

"ကျေးဇူးကြီးလှပါတယ် ဘဘရယ်"

"အေးအေး မင်းလဲ အနားယူတော့"

သမားတော်ကြီးကျူး ပြောပြီး ထွက်သွားတော့၏။

♠ ♠ ♠

## ဖွေးဟောင်းသချိုင်းဂူ

ချောင်းကူးကျေးရွာ…

လူနေအိမ်ခြေ များများစားစား မရှိ။

အားလုံးမှာ စားသောက်ဆိုင်နှင့် တည်းခိုခန်းများသာ ဖြစ်ပေသည်။

အဘယ်ကြောင့်ဆိုသော်…

ထိုကျေးရွာကလေးသည် အဓိကကျလှသည့် လမ်းမကြီးသုံးသွယ်၏လမ်းဆုံ လမ်းခွဲပေါ်တွင် တည်ရှိနေသဖြင့် ခရီးသွားများ တည်းခိုစားသောက်ရန် အသင့်လျော်ဆုံး နေရာတစ်ခု ဖြစ်ပေသည်။

ထို့ကြောင့် သေးငယ်သော ရွာကလေးတစ်ခု ဖြစ်သော်

လည်း စည်ကားလှပေသည်။

လီထင်းသည် ထိုကျေးရွာရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် စားသောက်နေယင်းမှ ခပ်လှမ်းလှမ်းရှိ တောင်ကုန်းကြီးကို ငေးမော ကြည့်ရှုနေပေသည်။

ယင်းတောင်တန်းကြီးကား ဝါးဖြူတောင်ပင် ဖြစ်တော့၏။

လျှို့ဝှက်အဆောက်အအုံသည် မည်သို့သော အဆောက်အအုံ ဖြစ်သည်ကို သူမသိပေ။

ထို့အတူ သမားတော်ကြီးကျူးကလည်း သေချာမသိပါ။

သူသည်•ဆေးမြစ်ဝါးမြစ်များ သွားရောက်ရှာဖွေရာမှ ယင်း အဆောက်အအုံကို တွေ့ခဲ့သည်ဟု ဆိုသည်။

သမားတော်ကြီးကျူးသည် အဆောက်အအုံတွင်း၌ဘာ ရှိသည်ကို လုံးဝမပြော။

ဤအချက်သည် သူ့အဖို့ ပဟေဠိ ဆန်နေပေသည်။

လီထင်းသည် စဉ်းစားနေယင်းမှ ဦးနှောက်ခြောက်လာသဖြင့် ဆက်လက်မစဉ်းစားတော့ပေ။

သူသည် စားသောက်စရာများကို ဖိ၍စားပြီး စားစရာအချို့ဝယ်ယူကာ ညို့မှိုင်းမှိုင်းတောင်တန်းဆီသို့ ခရီးဆက်ခဲ့တော့လေသည်။

♠ ♠ ♠



ဝါးဖြူတောင်ပေါ်သို့ ရောက်သည်နှင့် အအေးဓာတ်က လွှမ်းလာတော့၏။

သူသည် တောင်ပေါ်သို့ ခက်ရခက်ဆစ် တက်နေရပေ၏။

သူသည် ဆက်လက်၍ မတက်နိုင်တော့ပါ။

ရှေ့တွင် လူသွားလမ်းဟူ၍ သီးသန့်မရှိတော့ပေ။

သမားတော်ကြီးကျူးသည် ဝါးဖြူတောင်ပေါ်တွင် နေသည်ဟုဆိုသည်။

တောင်ခြေတွင်သာ နေပေမည်။

သို့သော် သမားတော်ကြီးကျူးက ဤနေရာတွင် မရှိသေးသဖြင့် သူက မေးမြန်းစုံစမ်းခြင်း မပြုတော့ဘဲ တောင်ပေါ်သို့သာ တက်ခဲ့ခြင်း ဖြစ်သည်။

ထိုအခိုက် ခပ်လှမ်းလှမ်းဆီမှ မြင်းဟီသံကို ကြားလိုက်ရ၏။

သူကဲ့သို့ပင် မြင်းနှင့်လာသော တစ်ယောက်ယောက် ရှိနေရမည် ဖြစ်သည်။

ထို့ကြောင့် သူသည် စောစောက မြင်းဟီသံကြားရာဆီသို့ သူ၏မြင်းကို တဖြည်းဖြည်း မောင်းနှင်သွားသည်။

မကြာမီ ကြီးမားကျယ်ပြန့်သော တဲကြီးတစ်လုံးကို တွေ့လိုက်ရလေသည်။

တဲကြီးမှာ အကာအရံ မရှိပေ။

ထိုတဲအတွင်း မြင်းညိုကြီးတစ်ကောင်ကို တွေ့လိုက်ရ၏။

မြင်းစားခွက်ထဲတွင် မြင်းစာများ အပြည့်ထည့်ထားသည်

ကို တွေ့လိုက်ရ၏။

လီထင်းလည်း တာရှည်မတွေးတောအားပါ။

သူ၏မြင်းကို ထိုတဲအတွင်းသို့ မောင်းနှင်လိုက်သည်။

နေဝင်နေပြီဖြစ်၍ မီးဖိုကို ထင်းချောင်းများထည့်၍ မီးမွှေးလိုက်သည်။

ယင်းအခိုက်...

"မင်းဘယ်ကလဲ"

ယင်းအသံနှင့်အတူ လူတစ်ဦးက နောက်မှာ ရပ်တန့်နေသည်ကို လီထင်း တွေ့လိုက်ရ၏။

ယင်းပုဂ္ဂိုလ်မှာ အသက်ခြောက်ဆယ်နီးပါး ရှိသည်ဟု ခန့်မှန်းရသည်။

အသက်ကြီးသော်လည်း ကျန်းမာသန်စွမ်းသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပေသည်။

"ကျွန်တော်...ကျွန်တော် ခရီးသည်တစ်ယောက်ပါ"

"ဘာခရီးသည် ဟုတ်လား"

"ဟုတ်ပါတယ်"

"သည်တောင်ပေါ်မှာ ဘယ်မြို့ကိုမှ ဖြတ်သန်းသွားလို့ရတဲ့လမ်း မရှိဘူးကွ"

"သည်လိုပါ"

"အင်းပြောပါဦး"

"ကျွန်တော် ဝါးဖြူတောင်က ဆရာကြီးတစ်ယောက်ကို ရှာယင်းနဲ့ သည်ကို မျက်စိလည်ပြီး ရောက်လာတာပါ"



"မင်းရှာတဲ့လူက ဘယ်သူလဲ"

"သမားတော်ကြီးကျူးပါ"

"သမားတော်ကြီးကျူးကို ငါသိသားပဲကွ၊ ဒါပေမယ့် သူ အခုသည်မှာ မရှိတာကြာပြီ၊ ခရီးထွက်နေတယ်"

"ဟင် ဆရာကြီးနဲ့ သိတယ်၊ ကျွန်တော် ဝမ်းသာလိုက်တာ သူ ဘယ်မှာနေသလဲ"

"ဟိုဘက်တောင်ခြေက ကျောက်ဂူမှာ နေတာကွ၊ ဒါပေမယ့် သူမရှိဘူး"

"ဟင် ဒုက္ခပါပဲ၊ ဒါဖြင့် ကျွန်တော်လဲ ပြန်ရုံပဲ ရှိတော့တာပေါ့၊ ဒါထက် ဆရာကြီးက ဘယ်သူလဲဟင်"

"မင်းက ငါ့ကို သိချင်တယ်ပေါ့"

"ဟုတ်ကဲ့"

"ဒါဆို မင်းဘယ်သူလဲဆိုတာ အမှန်အတိုင်းပြော"

လီထင်းမှာ ရုတ်တရက် ပါးစပ်ပိတ်သွား၏။

ထိုပုဂ္ဂိုလ်အား သူက အမှန်အတိုင်းပြော၍ ဖြစ်ပါမည်လော။

သူ့လက်ထဲတွင် ဆေးပင်ဝါးပင်များ ကိုင်ဆောင်လာသည်ကို ထောက်၍ သမားတော်ကြီးတစ်ဦးသာ ဖြစ်ရမည်ဟု တွေးမိလိုက်လေသည်။

ထို့ကြောင့် သူက...

"ကျွန်တော့်နာမည် လီထင်းလို့ ခေါ်ပါတယ်"

"ငါထင်သားပဲ"

"ဗျာ"

"မင်းဟာ လီမျိုးနွယ်ထဲကပဲ ဖြစ်ရမယ်၊ ငါစဉ်းစားမိသလောက် ပြောရယင် တလောက လီမိသားစုတွေ အသတ်ခံရလို့ မင်းထွက်ပြေးနေတာ ဖြစ်ရမယ် ငါပြောတာ မဟုတ်လား၊ ဒါပေမယ့် ငါ့ကို မင်းမကြောက်ပါနဲ့၊ မင်းတို့မိသားစုအတွက် ငါစိတ်မကောင်းတောင် ဖြစ်မိသေးတယ်"

"ငါဘယ်သူလဲဆိုတာ မင်းသိချင်မှာပဲ"

"ဟုတ်ပါတယ်"

"သိုင်းဆရာချန်းယုဆိုတာ ငါပဲ"

"ဆရာကြီးနဲ့ တွေ့ရတာ ကျွန်တော် ကံကောင်းတာပဲ"

"မင်းဆက်မပြောနဲ့ ငါသိတယ်"

"ဗျာ"

"မင်း ငါ့ဆီက သိုင်းပညာသင်ချင်တယ်လို့ ပြောမလို့ မဟုတ်လား"

"ဟုတ်ပါတယ်"

"မဖြစ်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ငါ သည်နေ့ တစ်စုံတစ်ယောက်ကို သိုင်းပညာသင်ပေးယင် နောက်နေ့ အသတ်ခံရမှာပဲ"

"ဘယ်သူက တားမြစ်ထားလို့လဲ ဆရာကြီး"

"ဓားစကြာအဖွဲ့"

ဆရာကြီးချန်းယုသည် တွေ့စက ခက်ထန်သယောင်ရှိသော်လည်း ယခုအခါ လီထင်းအပေါ် သွေးသားရင်းချာပမာ ဆက်



ဆံပြောဆိုသည်ကို တွေ့မြင်လာရပေသည်။

"ငါဟာ သိုင်းပညာရှင်တစ်ဦးပါ၊ ငါ့ရဲ့ပညာကို လူငယ်တွေကို ပြန့်ပွားစေချင်ပေမယ့် သူတို့ကို အံတုမှာစိုးလို့ မသင်ပေးရဘူးလို့ ဓိတ်ပင်ထားတယ်ကွ"

"သည်မိန်းကလေးက သူထင်တာ လျှောက်လုပ်နေတာပဲ"

"ဘယ်မိန်းကလေးကို ပြောတာလဲ"

"သခင်မလေးကျင်းကျင်း"

"တကယ်တော့ သူက သည်လောက်မဟုတ်ပါဘူးကွာ၊ သူတို့ရှေ့ရပ်ပြီး လူစွမ်းကောင်းလုပ်နေတဲ့ ရွှေရောင်မင်းသားက ချယ်လှယ်နေတာပဲ၊ ရွှေရောင်မင်းသားဟာ သိုင်းပညာလဲ ထူးချွန်တယ်၊ ပစ္စည်းဥစ္စာလဲပေါတယ်၊ ပညာဗဟုသုတကလဲ ပြည့်စုံတယ်ဆိုတော့ မြို့စားကြီးကိုယ်တိုင်က သူ့သမီးနဲ့ သဘောတူပြီး မြှောက်စားထားတာကွ"

"ဪ"

"သူကလဲ မြို့စားကြီးနဲ့ သခင်မလေး ခိုင်းတာမှန်သမျှ အခုကုန်လုပ်ကိုင်ဆောင်ရွက်ပေးတော့ သဘောကျနေတာပေါ့ကွာ၊ အခုတော့ သူဟာ မြို့စားကြီးတို့က ခိုင်းခိုင်းမခိုင်းခိုင်း သူလုပ်ချင်တာကို အကုန်လုပ်နေတော့တာပဲ"

"ကျွန်တော့်မိဘဆွေမျိုးတွေကို သတ်တာလဲ သူ့သဘောနဲ့ သူ လုပ်တာပဲလား မသိဘူး"

"အဲဒါတော့ အတိအကျ မပြောနိုင်ဘူးပေါ့ကွာ၊ မင်းအနေနဲ့ တဖြည်းဖြည်း စုံစမ်းကြည့်ယင်တော့ သိကောင်းသိမှာပဲ"

မည်သို့ပင်ဖြစ်စေ သူ့အား လောလောဆယ် လိုက်လံ၍ အန္တရာယ်ပေးနေသူမှာ ရွှေရောင်မင်းသားပင် မဟုတ်လား။

လီထင်းသည် ချန်းယုနှင့် ညက စကားတပြောပြောနှင့် အတူတကွပင် အိပ်ကြလေသည်။

နံနက်မိုးလင်းသည်နှင့် ချန်းယုက…

"မင်း အခု ဘယ်ကို ဆက်သွားမယ် စိတ်ကူးထားလဲ"

လီထင်းက ခပ်လွယ်လွယ်ပင် ပြန်ဖြေလိုက်သည်။

"ကျွန်တော် သည်မှာ သုံးလေးရက်လောက် နိုနားပြီး မြောက်ပိုင်းကို ခရီးဆက်ဖို့ စီစဉ်ထားပါတယ်"

"အင်း ကောင်းပါတယ်ကွာ၊ မင်းအဖို့က လောလောဆယ် သည်မှာ အန္တရာယ်ရှိတယ်၊ မြောက်ပိုင်းမှာ သိုင်းပညာရှင်တွေ ပေါပါတယ်ကွာ၊ ပညာတစ်ခုခုတော့ ထူးချွန်အောင် မင်းသင်ထားသင့်တယ်၊ ငါ့အနေနဲ့ကတော့ ဆေးပညာကိုပဲ ကြိုးစားပြီး လိုက်စားနေတာကွ၊ မင်းကို ဘာအကူအညီမှ မပေးနိုင်ဘူး"

"ကိစ္စမရှိပါဘူး၊ အခုလို ပြောဆိုဆုံးမတာကိုပဲ ကျေးဇူးတင်လှပါပြီ"

ချန်းယုသည် လီထင်းအား ကြင်နာစွာ တစ်ချက်ကြည့်၍ ထွက်ခွာသွားတော့သည်။

♠ ♠ ♠



လီထင်းသည် ဝါးဖြူတောင်၏တောင်ထိပ်ပေါ်သို့ တက်လာခဲ့သည်။

လီထင်းသည် ခက်ရာခက်ဆစ်သွားရာ အတန်ကြာသောအခါ တောင်ထိပ်သို့ ရောက်လာ၏။

တောင်ထိပ်မှနေ၍ ခပ်လှမ်းလှမ်းရှိ တောင်အောက်သို့ လှည့်ကြည့်လိုက်ရာ သံမဏိမြို့ကို ခပ်မှိုင်းမှိုင်း တွေ့ရပေသည်။

ယခုအခါ သူသည် ဝါးဖြူတောင်ထိပ်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။

သမားတော်ကြီးကျူးက ဝါးဖြူတောင်၏နောက်ကျောတောနက်ထဲတွင် ရှိသည်ဟုဆိုသည်။

ဤသို့ဆိုလျှင် သူသည် နောက်ကျောဘက်သို့ ဆင်းသွားရန်သာ ဖြစ်ပေသည်။

တောင်၏နောက်ကျောဘက်သည် သမားတော်ကြီးကျူး ပြောသလို သစ်ပင်ချုံနွယ်များက တိုးမပေါက်နိုင်အောင် ပိတ်နေပေသည်။

လီထင်းသည် သူ၏ဓားဖြင့် ချုံနွယ်များကို ရှင်းလင်းကာ တဖြည်းဖြည်းချင်း တောင်အောက်သို့ ဆင်းလာခဲ့ပေသည်။

တောသည်လည်း တစ်စထက်တစ်စ ပို၍ နက်ရှိုင်းလာတော့၏။

သူသည် ယခုကဲ့သို့ ခြေဦးတည့်ရာ ခုတ်ထွင်ရှင်းလင်းသွားနေ၍ မဖြစ်နိုင်ပါ။

ပတ်ဝန်းကျင်၏အခြေအနေကို သိထားဖို့လည်း လိုပေ၏။

ဦးတည်ချက်မရှိဘဲ လျှောက်သွားနေပါက ဤတောထဲတွင် လပေါင်းများစွာ ကြာသွားမည်။

မည်သည့် အဆောက်အအုံကိုမျှ သူ တွေ့ရမည် မဟုတ်ပေ။

ထို့ကြောင့် သူက မြင့်မားလှသော သစ်ပင်ကြီးများကို တွေ့သည်နှင့် လီထင်းသည် သစ်ပင်၏ထိပ်ဖျားကို ရောက်အောင်တက်လျက် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လေသည်။

ပထမတစ်ပင် မည်သည့်ထူးခြားချက်ကိုမှ မတွေ့ရချေ။

ထို့ကြောင့် နေ့လည်ဘက်တွင် နောက်ထပ်တစ်ပင် တက်ကြည့်သည်။

ဘာမှ ထူးခြားမှုမရှိ။

သူသည် သမားတော်ကြီးကျူး၏စကားကိုပင် သံသယဖြစ်လာမိ၏။



သို့သော် သူ့လုံ့လကိုတော့ မလျှော့ပါ။

တောနက်ထဲ၌ လှည့်ပတ်လျှောက်သွားလျက်ပင် ရှိ၏။

ညနေစောင်းသောအခါ သစ်ပင်ကြီးတစ်ပင်၏ ထိပ်ဖျားပေါ်သို့ တက်၍ကြည့်ပြန်သည်။

ထိုအခါ သူ၏မျက်လုံးသည် အရောင်တဝင်းဝင်း တောက်ပလျက် ပြူးကျယ်သွား၏။

အဘယ်ကြောင့်ဆိုသော် သူတက်ကြည့်သော သစ်ပင်နှင့် မနီးမဝေးတွင် အရာဝတ္ထုတစ်ခုကို တွေ့မြင်လိုက်ရသောကြောင့်ပင်။

ယင်းအရာဝတ္ထုမှာ မြင့်မားသော တိုက်ကြီးတစ်တိုက်ကဲ့သို့ ဖြစ်နေ၏။

ဤသို့လည်း မဟုတ်ပါ။

မြင့်မားသော ကန်ဘောင်ကြီးနှင့် တည်ဆောက်ထားသည့် ရေကန်တစ်ကန်နှင့်လည်း တူလှပေသည်။

မည်သို့ပင်ဖြစ်စေ သူ့အဖို့ ထူးဆန်းသော အဆောက်အအုံတစ်ခုအား တွေ့ရှိရပြီဖြစ်၍ သစ်ပင်ပေါ်မှ ကပျာကယာဆင်းကာ ထိုနေရာသို့ ခြေလှမ်းကျဲကျဲဖြင့် ပြေးလွှားသွားလေသည်။

အတန်ကြာ သွားလိုက်ရ၏။

မကြာမီမှာပင် သူသစ်ပင်ပေါ်မှ တွေ့လိုက်ရသော အဆောက်အအုံ အမြင့်ရှေ့ဆီသို့ ရောက်ရှိလာတော့သည်။

လီထင်းသည် အံ့သြစွာဖြင့်ပင် အဆောက်အအုံကြီးကို မော့ကြည့်လိုက်၏။

အတောင်သုံးဆယ်မျှ မြင့်မားသည့် အုတ်နံရံကြီး ဖြစ်၏။

သူသည် လေးဘက်လေးတန် လှည့်ပတ်၍ ဝင်ပေါက်ကို ရှာသည်။

သေသေချာချာ ရှာကြည့်၏။

ဝင်ပေါက်ဟူ၍ လုံးဝမတွေ့ပါ။

ကြွက်ကလေးတစ်ကောင်မျှပင် မဝင်နိုင်သော အဆောက်အအုံကြီးပင်။

ရေများကို သိုလှောင်ထားသော ကန်ကြီးတစ်ခုပင် ဖြစ်မည်လော။

ဖြစ်နိုင်ပေသည်။

အဘယ်ကြောင့်ဆိုသော် ဤကန်ကြီးသည် အမိုးလုံးဝ မရှိပါချေ။

လေးဘက်လေးတန် မြင့်မားသော အုတ်နံရံများသာ ကာရံထားသည်။

ထို့ကြောင့် ဤကန်ကြီးထဲတွင် မိုးရေများသာ ရှိနိုင်ပေမည်။

သမားတော်ကြီးကျူးကလည်း လျှို့ဝှက်အဆောက်အအုံထဲတွင် မည်သည့်အရာများ ရှိသည်ကို သူ့အား မပြောပြချေ။

ဤကန်ကြီးထဲတွင် မိုးရေများ ရှိလျှင်တော့ ဤလျှို့ဝှက်အဆောက်အအုံမှာ ဘာမှ ထူးခြားမှု မရှိနိုင်ပါချေ။

သူသည် အတန်ကြာ ငိုင်နေမိသည်။

စဉ်းစား၍လည်း မရ။

လီထင်းသည် စဉ်းစားယင်း ချက်ချင်းပင် စိတ်ဓာတ်ကျ



သွားလေသည်။

သူသည် ဘာဆက်လုပ်ရမှန်းပင် မသိနိုင်ပါတော့ချေ။

ထို့ကြောင့် သူက အဓိပ္ပါယ်ကင်းမဲ့စွာဖြင့် လေးဘက်လေးတန် ကာရံထားသော မြင့်မားလှသော အုတ်နံရံကြီးကို မော့ဟိုက်စွာဖြင့် ငေးမောကြည့်နေမိသည်။

ဤအုတ်နံရံကြီးသည် အလျား အတောင်လေးဆယ်ခန့် ရှိသည်။

လျှို့ဝှက်ချက် တစ်စုံတစ်ရာ ရှိသည့်တိုင်အောင် မည်ကဲ့သို့ ဤမျှ မြင့်မားသော အုတ်နံရံကို ကျော်၍ အတွင်းသို့ရောက်အောင် ဝင်ရပါမည်နည်း။

ကုပ်ဖက်တွယ်တက်၍လည်း မလွယ်ပါ။

မိုးရွာထားသောကြောင့် လေးဘက်လေးတန်စလုံး ရေညှိများကအပြည့်။

ဤမျှ ချောကျိနေသော အုတ်နံရံကို တွယ်ဖက်တက်ဖို့ဝေးစ အပြားလိုက်ကြီး ရှိနေသည့်တိုင်အောင် လမ်းလျှောက်၍ မလွယ်ကူပေ။

အတွင်း၌ မည်သည့်အရာမျိုး ရှိနေသည်ကို တစေ့တစောင်းဖြင့် သူက အကဲခတ်၍ ကြည့်ရအောင်ကလည်း ဤအနီးအနားတွင် ရှိသည့် သစ်ပင်ကြီးများမှာ ဤမြင့်မားလှသော အုတ်နံရံအား ကျော်လွန်သည့် သစ်ပင်ဟူ၍ တစ်ပင်မှမရှိ။

ထိုအထဲသို့ သူက ခက်ရခက်ဆစ် ဝင်လိုက်ပြီ ဖြစ်ပေသည်။

သို့သော် ဘာမှ ထူးခြားချက် မရှိပါက သူပင်ပင်ပန်းပန်း

ဖြင့် ကြိုးစားထားရသမျှ အလကား ဖြစ်ပေတော့မည်။

တစ်စုံတစ်ခုသည် ရှိနေပါသည်ဟု အမှန်ပြောနိုင်လျှင်လည်း အကောင်းသား။

ယခုတော့ ဤအခေါက်အအုံထဲတွင် ဘာရှိသည်ကို မသိနိုင်ပေ။

သမားတော်ကြီးကျူးကိုယ်တိုင်က ဘာရှိလို့ရှိမှန်းပင် မသိ။

လီထင်းသည် သူ၏ဦးခေါင်းကို တသွင်သွင် ခါယမ်းယင်းမှ ထိုအုတ်နံ့ရံအားမှီကာ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်၏။

သူသည် ခရီးကလည်း ပန်းလာပြီ ဖြစ်၏။

မိုးကလည်း ချုပ်ပြီ။

သည်ညအဖို့ ယင်းအုတ်နံရံများကိုမှီ၍ အိပ်ရုံသာ ရှိတော့၏။

ထို့ကြောင့် သူသည် စိတ်ပျက်အားလျော့စွာဖြင့် အုတ်နံရံကို မှီ၍ထိုင်လျက်မှ စိတ်ချလက်ချပင် မျက်လုံးကို စုံမှိတ်လိုက်လေတော့သည်။

♠ ♠ ♠

## နံ့ရံနောက်မှလျှို့ဝှက်ချက်

အချိန်မည်မျှ ကြာသွားမှန်းမသိ...

လီထင်းသည် အုတ်နံ့ရံကို မှီကာ အိပ်ပျော်နေရာမှ လန့်နိုးလာလေသည်။

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေသည်။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး အေးမြသာယာနေသည်။

လီထင်း၏တစ်ကိုယ်လုံး နှင်းရည်များ စိုစွတ်ကာ အေးစက်နေလေသည်။

လီထင်း ကပျာကယာ လူးလိမ့်ထလိုက်သည်။

သူက ထူးခြားမှုတစ်ခုအား သတိပြုမိလိုက်ခြင်းကြောင့် ဖြစ်လေသည်။

လေးဘက်လေးတန် ဝင်ပေါက်မရှိ ကာရံထားသော အုတ်နံရံကြီးအတွင်းဘက်မှ ထူးခြားသော အလင်းရောင်များ ထွက်ပေါ်နေသည် မဟုတ်ပါလား။

လီထင်း အံ့သြသွားလေသည်။

"အလင်းရောင်တွေ ထွက်ပေါ်နေပါလား၊ ထူးခြားလှချည်လား"

အုတ်နံရံအတွင်းဘက်မှ အဘယ်ကြောင့် အလင်းရောင်များ ထွက်ပေါ်နေသည်ကို နားမလည်နိုင်အောင် ဖြစ်နေပါတော့သည်။

မည်သို့ဆိုစေ ထိုအလင်းရောင်များသည် သူ့အား ဆွဲဆောင်ထားလိုက်ပြီ ဖြစ်လေသည်။

"ဒါဟာ မီးရောင်လည်း မဟုတ်ဘူး၊ သတ္တုတစ်ခုခုက ရောင်ပြန်အလင်း ထွက်လာတာမျိုးပဲ"

လီထင်းသည် အုတ်နံရံအတွင်းဘက်မှ ထွက်ပေါ်နေသော အလင်းရောင်နှင့် ပတ်သက်ပြီး မှတ်ချက်ချမိလေသည်။

မီးအိမ်မှ အလင်းရောင် ဖရောင်းတိုင် အလင်းရောင်စသည်ဖြင့် မီးအလင်းရောင်မျိုး မဟုတ်ဘဲ ရောင်ပြန်ထွက်နိုင်သည့် သတ္တုတစ်ခုခု၏ အလင်းရောင်မျိုးဖြစ်ကြောင်း လီထင်း ခွဲခြားနားလည်ထားလေသည်။

အုတ်နံရံအား လှည့်လည်စစ်ဆေးကြည့်လိုက်သည်။

အုတ်နံရံတွင် ဝင်ပေါက်ထွက်ပေါက် မရှိပါချေ။



အလွန်ထူးခြားသော နေရာတစ်ခုသို့ ရောက်ရှိလာခြင်း ဖြစ်သည်။

လီထင်း အတန်ကြာ စစ်ဆေးကြည့်ရှုပြီးမှ နံရံတွင် တွယ်ကပ်လျက် သစ်မြစ်အချို့ ထိုးထွက်နေသည်ကို တွေ့လိုက်ရ၏။

"သည်သစ်မြစ်တွေ နွယ်ပင်တွေကို အားပြုပြီး အပေါ်ဘက်ကို တက်သွားလို့ရတာပဲ"

လီထင်းသည် အုတ်နံရံ၌ တွယ်ကပ်ပေါက်ရောက်နေသော သစ်မြစ်များ နွယ်ပင်များကို အားပြုကာ အပေါ်ဘက် တက်သွားဖို့ ကြိုးစားလိုက်လေသည်။

ကုပ်ကပ်တွယ်တက်သွားယင်းမှ အုတ်နံရံ၌ အုပ်ချပ်များ လွတ်ကာ အပေါက်ကလေးများ ရှိနေသည်ကို သတိပြုမိလိုက်ပြန်သည်။

ထိုအုပ်ချပ်လွတ်နေသော အပေါက်ကလေးများသည် နံရံအောက်ခြေမှ သည်အပေါ်ဘက်သို့တိုင်အောင် အစဉ်လိုက် ရှိနေသည်ကို တွေ့ရလေသည်။

"အုပ်ချပ်လွတ်နေတဲ့ အပေါက်ကလေးတွေဟာ လှေကားထစ်ကလေးတွေလို ရှိနေတာကိုး"

ထိုလွတ်နေသော အပေါက်ကလေးများကို ခြေကုပ်ယူပြီး သစ်မြစ်များ နွယ်ပင်များကို အားပြုကာ တက်သွားရာ မြင့်မားလှသော အုတ်နံရံအပေါ်ဘက်သို့ ရောက်မှန်းမသိ ရောက်ရှိသွားလေတော့သည်။

လရောင်ကြောင့် ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း

ရှိနေပါသည်။

အုတ်နံရံအတွင်းဘက်မှ ထွက်ပေါ်နေသော အလင်းရောင်များကလည်း ဝန်းကျင်တစ်ခုလုံးအား ဖုံးလွှမ်းထား၏။

လီထင်းသည် အုတ်နံရံပေါ်သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။

အုတ်နံရံပေါ်၌ ရပ်ကာ အကဲခတ်ကြည့်လိုက်၏။

အုတ်နံရံအတွင်းဘက်သို့ ကောင်းစွာ တွေ့မြင်နေရပြီ ဖြစ်သည်။

"ဟင် သင်္ချိုင်းမြေတစ်ခုပါလား"

အုတ်နံရံအတွင်းဘက်၌ မြေကွက်လပ်တစ်ခု ရှိနေသည်။

ထိုမြေကွက်လပ်၌ အုတ်ဂူများ ရှိနေသည်။

ရှေးဟောင်းသင်္ချိုင်းတစ်ခု ဖြစ်နေပါတော့သည်။

"ဆရာကြီးကျူး ပြောလိုက်တဲ့ ထူးဆန်းတဲ့ အဆောက်အဦးဆိုတာ ရှေးဟောင်းသင်္ချိုင်းတစ်ခု ဖြစ်နေတာကိုး"

ရှေးဟောင်းသင်္ချိုင်းဂူများထဲမှ အဘယ်ကြောင့် အလင်းရောင်များ ထွက်ပေါ်နေရပါသနည်း။

လီထင်းသည် သွားရောက်လေ့လာရန် ဆုံးဖြတ်ကာ အုပ်ချပ်များ လွတ်နေသည့် အပေါက်ကလေးများမှ ခြေနင်းကာ အတွင်းဘက် ဆင်းလိုက်လေသည်။

အိမ်မြှောင်တစ်ကောင်ကဲ့သို့ တွယ်ကပ်ဆင်းသွားရာ မကြာပါချေ။ အုတ်နံရံအတွင်းဘက် မြေကွက်လပ်သို့ ခြေချမိလိုက်လေတော့သည်။

♠ ♠ ♠



လေးဘက်လေးတန် အုတ်နံရံ ကာရံထားသည့် အတွင်းဘက်၌ မြေကွက်လပ်တခု ရှိသည်။

ထိုမြေကွက်လပ်တွင် အုတ်ဂူဆယ့်လေးငါးလုံး ရှိနေသည်။

ရှေးဟောင်းသင်္ချိုင်းမြေတစ်ခု ဖြစ်လေသည်။

အုတ်ဂူများ၏အလယ်တွင် ကြီးမားသော အုတ်ဂူကြီးတစ်ခု ရှိနေသည်။

ထိုအုတ်ဂူကြီးမှ အလင်းရောင်များ ထွက်ပေါ်နေခြင်း ဖြစ်သည်။

လီထင်းသည် အုတ်ဂူကြီးဆီသို့ သတိကြီးစွာထားကာ ချဉ်းကပ်သွားလိုက်လေသည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။

လေတိုက်ခတ်သံနှင့် လီထင်း၏ခြေသံသာ ထွက်ပေါ်နေသည်ဟု ဆိုနိုင်သည်။

လီထင်းသည် အုတ်ဂူကြီးအနီးသို့ ရောက်သွားမှ အဘယ်ကြောင့် အလင်းရောင်များ ထွက်ပေါ်နေရသည်ကို သိလိုက်ရလေ၏။

အုတ်ဂူကြီး၏အပေါ်ဘက်အမိုးမှာ ဟာလာဟင်းလင်း ပွင့်နေ၏။

ထို့ကြောင့် အုတ်ဂူထဲ၌ ကြေးခေါင်းတလားကြီးတစ်လုံး ရှိနေသည်ကို တွေ့ရသည်။

ကြေးခေါင်းတလားကြီး၏အဖုံးကား မှန်အဖုံး ဖြစ်လေ၏။

မှန်အခေါင်းအဖုံးဖြစ်၍ အခေါင်းထဲ၌ အရိုးစုတစ်ခုနှင့် ရွှေငွေကျောက်သံပတ္တမြားများ ရှိနေသည်ကို အတိုင်းသား တွေ့မြင်နေ

ရလေသည်။

ကြေးခေါင်းတလားအတွင်းမှ ရွှေငွေကျောက်သံပတ္တမြားများက အလင်းရောင်များ ထွက်ပေါ်နေခြင်း ဖြစ်ပါတော့သည်။

လီထင်းသည် ထူးဆန်းလှသော မြင်ကွင်းကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ရွှေငွေကျောက်သံပတ္တမြားများကြောင့် ဝင်းလက်သော အလင်းရောင်များ တောက်ပနေသည့် ကြေးခေါင်းတလားကြီးကို ငေးမောကြည့်နေမိလေသည်။

ထိုသို့ ငေးမောကြည့်ယင်း မမျှော်လင့်ဘဲ ထူးခြားမှုတစ်ခုကို သတိပြုမိလိုက်ပြန်လေသည်။

ကြေးခေါင်းတလားထဲ၌ အရိုးစုသည် ရင်ဘတ်ပေါ်၌ လက်နှစ်ဘက်ယှက်ထားသည့် အသွင်သဏ္ဍာန် ရှိနေသည်။

အရိုးစု၏လက်နှစ်ဘက်ကြား၌ ရှည်မျောမျော အထုပ်ကလေးတစ်ထုပ် ရှိနေသည်။

အထုပ်ကလေးအား ပိုက်ကာ ရင်ဘတ်ပေါ် တင်ထားပုံမျိုး ဖြစ်လေသည်။

"သူက သေဆုံးသွားတာတောင် အထုပ်ကလေးကို ရင်ဘတ်ပေါ် တင်ထားတာ ရင်ဝယ်ပိုက်ထားတဲ့ပုံမျိုး ရှိနေတာ အံ့ဩစရာပဲ၊ သည်အထုပ်ကလေးကို အတော်နှစ်သက် မြတ်နိုးတဲ့သဘော ရှိနေတာပဲ"

လီထင်းက ကြေးခေါင်းတလားအား စိတ်ဝင်စားစွာ အကဲခတ်ကြည့်နေမိသည်။



ရုတ်တရက် သူ၏နားထဲ၌ ဖခင်ကြီးလီစု ပြောခဲ့သော စကားများကို ပြန်လည်ကြားယောင်လာလေသည်။

"ဖေဖေဟာ မမျှော်လင့်ဘဲ စစ်သူကြီးတစ်ဦးရဲ့ ရှေးဟောင်းသင်္ချိုင်းဂူတစ်ခုကို တွေ့ခဲ့ရတယ်၊ စစ်သူကြီး စီရင်ထားတဲ့ လှို့ဝှက်လက်ဝါးသိုင်းကျမ်းကို ရရှိခဲ့တယ်"

လီထင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

"ငါ...ငါဟာ ဖေဖေ ရောက်ခဲ့တဲ့ စစ်သူကြီးရဲ့ သင်္ချိုင်းဂူကို ရောက်လာတာများလား"

ဖခင်ကြီးလီစုသည် စစ်သူကြီး၏ရှေးဟောင်းသင်္ချိုင်းဂူမှ ရရှိခဲ့သော သိုင်းကျမ်းကြောင့် သံမဏိမြို့စား၏သမီး သခင်မလေးကျင်းကျင်းက ဒုက္ခပေးခဲ့သည်။

သူတို့မိသားစု ဒုက္ခရောက်ခဲ့ရသည်။

ဖခင်ကြီး သေဆုံးသွားခဲ့ရသည်သာမက ဦးလေးနှင့် အဒေါ်ဖြစ်သူတို့လည်း သေဆုံးသွားခဲ့ကြရသည်။

သူကိုယ်တိုင်လည်း အသက်လုကာ ထွက်ပြေးခဲ့ရသည် မဟုတ်ပါလား။

ဖခင်ကြီး၊ ဦးလေးနှင့် အဒေါ်တို့ သေဆုံးခဲ့ရသည့်တိုင် လှို့ဝှက်သိုင်းကျမ်း(ဝါ)လက်ဝါးသိုင်းကျမ်းမှာ ဘယ်ဝယ်ဘယ်ဆီ ရှိနေသည်ကို လီထင်း မသိခဲ့ချေ။

သခင်မလေးကျင်းကျင်းသည်ပင်လျှင် ဖခင်ကြီးက လက်ဝါးသိုင်းကျမ်းမှ သိုင်းကွက်တချို့အား ကူးယူပေးအပ်ခဲ့ခြင်းကြောင့် လေ့လာတတ်မြောက်ခဲ့သေး၏။

သူမ သာမကဘဲ ဓားစကြာအဖွဲ့ခေါင်းဆောင် ရွှေရောင်မင်းသားဝမ်းပို့ပင်လျှင် တတ်မြောက်ခဲ့ရပေသည်။

လီထင်း တွေးတောစဉ်းစားယင်း စိတ်မကောင်း ဖြစ်လာလေသည်။

"လက်ဝါးသိုင်းကျမ်းကြောင့် ဖေဖေတို့ လုပ်ကြံခံခဲ့ရတယ်၊ ဒါပေမယ့် သည်သိုင်းကျမ်းနဲ့ ပတ်သက်ပြီး ငါ ဘာမှ မသိခဲ့ရပါလား၊ ရန်သူတွေကတော့ တချို့တဝက် တတ်မြောက်ထားကြသေးတယ်"

ထိုစဉ် သက်ပြင်းချသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြား လိုက်ရလေသည်။

"ဟင်"

လီထင်း ရင်ထိတ်သွား၏။

ဟိုဟိုသည်သည် ကြည့်လိုက်မိသည်။

မြေပေါ် ထိုးကျနေသော ရှည်မျောမျော အရိပ်နှစ်ခုကို တွေ့လိုက်ရလေသည်။

လီထင်း ကပျာကယာ နောက်ဆုတ်လိုက်သည်။

မကောင်းဆိုးဝါးများနှင့် တွေ့နေရပြီလောဟုပင် ရင်ထိတ်သွားခြင်း ဖြစ်လေသည်။

"မင်းကြောက်သွားသလား"

"မကြောက်ပါနဲ့ ငါတို့ပါကွ"

စကားသံများ ထွက်ပေါ်လာ၏။

လီထင်း သေသေချာချာ ကြည့်လိုက်တော့မှ အုတ်နံရံပေါ်၌ ခြေထောက်တွဲလောင်းချကာ ထိုင်နေသူနှစ်ယောက်ကို တွေ့လိုက်ရလေသည်။



အဘိုးအိုနှစ်ယောက် ဖြစ်သည်။

ထိုအဘိုးအိုနှစ်ယောက်အား လီထင်း ကောင်းစွာ သိထား၏။

သမားတော်ကျူးနှင့် သမားတော်ချန်းယုတို့ ဖြစ်နေကြသည် မဟုတ်ပါလား။

လီထင်း ဝမ်းသာသွားလေတော့သည်။

"လက်စသပ်တော့ ဆရာကြီးတို့နှစ်ယောက် လိုက်လာကြတာကိုး"

"ဟား...ဟား...ဟား"

ချန်းယုနှင့် သမားတော်ကျူးတို့သည် တဟားဟား ရယ်မောယင်း အုတ်နံရံပေါ်မှ ခုန်ဆင်းလာကြလေသည်။

လီထင်း ဦးညွှတ်လိုက်သည်။

သမားတော်ကျူးက...

"ငါတို့က မင်းရဲ့နောက်ကို လိုက်လာကြတာ မဟုတ်ဘူး၊ မင်း သည်နေရာကို ရောက်လာအောင် တမင် ဖန်တီးလိုက်ကြတယ်ဆိုတာ မှတ်ထားပါ"

ချန်းယုက...

"ငါတို့ ဘာကြောင့် ခုလို လုပ်ရသလဲဆိုတာကော မင်း မသိချင်ဘူးလား"

ဟုမေးလာလေသည်။

လီထင်းက...

"ဦးတို့နှစ်ယောက်စလုံး ကျွန်တော့်ကို ကူညီခဲ့ကြတဲ့ ကျေးဇူးကို မမေ့ပါဘူး ခင်ဗျာ၊ ဒါပေမယ့် သည်နေရာကို ရောက်လာအောင် တမင် ဖန်တီးလိုက်ကြတယ်ဆိုတာကိုတော့ တကယ်ပဲ နားမလည်နိုင်အောင် ဖြစ်မိပါတယ် ခင်ဗျာ"

ချန်းယုနှင့် သမားတော်ကျူးတို့ ရယ်မောလိုက်ကြပြန်လေသည်။

ချန်းယုက…

"ဒါဟာ မင်းအဖေရဲ့ ဆန္ဒအတိုင်း လုပ်ပေးခဲ့ရတာပေါ့ကွာ"

သမားတော်ကျူးက…

"ဟုတ်တယ်၊ မင်းအဖေနဲ့ ငါတို့နှစ်ယောက်ဟာ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေပဲ၊ မင်းအဖေက ငါတို့ဆီကို စာတစ်စောင် ပို့လိုက်တယ်၊ စာထဲမှာ မင်းကို ကူညီဖို့ မေတ္တာရပ်ခံထားတယ်လေ"

လီထင်းသည် ချန်းယုတို့ ရှင်းပြနေသည့်တိုင်အောင် အဖြစ်အပျက်ကို နားမလည်နိုင်အောင် ရှိနေဆဲ…

ချန်းယုတို့ကလည်း လီထင်း သဘောမပေါက်သည်ကို ရိပ်မိထားကြလေသည်။

သမားတော်ကျူးက…

"မင်းအဖေလီစုဟာ အတော့်ကို စပ်စပ်စုစုနိုင်တဲ့ လူပဲကွ၊ သူဟာ သိုင်းလောကထဲ လျှောက်သွားယင်း မမျှော်လင့်ဘဲ သည်နေရာကို သူရှာဖွေတွေ့ရှိသွားခဲ့တယ်၊ စစ်သူကြီးရဲ့ ကြေးခေါင်းတလားထဲမှာ လျှို့ဝှက်လက်ဝါးသိုင်းကျမ်း ရှိတာကိုလည်း ရှာဖွေတွေ့ရှိသွားတယ်၊ သူဟာ လက်ဝါးကျမ်းကို သည်နေရာမှာတင် လေ့လာမှတ်



သားသွားခဲ့တာ"

လီထင်း ငိုင်နေ၏။

ဖခင်ကြီးလီစုသည် စစ်သူကြီး၏လက်ဝါးသိုင်းကျမ်းအား မမျှော်လင့်ဘဲ တွေ့ရှိခဲ့ရသည့်တိုင်အောင် မှတ်သားထားပြီး ယူဆောင်မသွားခဲ့ချေ။

ထို့ကြောင့် သခင်မလေးကျင်းကျင်း တောင်းသောအခါ မပေးနိုင်တော့ပေ။

သူမှတ်မိသည့် သိုင်းကွက်အချို့လောက်သာ ဖော်ပြပြီး ပေးခဲ့ခြင်း ဖြစ်ပေသည်။

သခင်မလေးကျင်းကျင်းက သိုင်းကျမ်းကို လိုချင်၍ လုပ်ကြံခဲ့သော်လည်း ရရှိမသွားနိုင်ခဲ့ပါ။

လီထင်းလည်း မရနိုင်ခဲ့ပါ။

လီစုထံ၌ ရှိမနေဘဲ နဂိုရ်ကတည်းက စစ်သူကြီး၏ကြေးခေါင်းတလားထဲ၌ ရှိနေခြင်းကြောင့် မည်သူမျှ မရနိုင်ခဲ့ခြင်း ဖြစ်လေသည်။

လီစုသည် သခင်မလေးကျင်းကျင်းက ဒုက္ခပေးနိုင်ခြင်းကြောင့် သိုင်းကျမ်းအကြောင်း လီထင်းကိုလည်း ပြောမပြခဲ့ချေ။

လီထင်းအား ကူညီရန် သမားတော်ကျူးနှင့် ချန်းယုတို့ကို မေတ္တာရပ်ခံခဲ့သည်။

လီမျိုးနွယ်ဂေဟာ ဖျက်ဆီးခံလိုက်ရခြင်းကြောင့် သမားတော်ကျူးက သိုင်းလောကသို့ ဆင်းလာယင်း လီထင်းအား ကူညီနိုင်ခဲ့ခြင်း ဖြစ်လေသည်။

သမားတော်ကျူးသည် လီထင်းအား ရှာဖွေကူညီဖို့ သိုင်းလောကထဲ ဆင်းခဲ့ခြင်း ဖြစ်သည်။

တဘက်မှလည်း ချန်းယုက လီစု ရှာဖွေတွေ့ရှိခဲ့သော စစ်သူကြီး၏သင်္ချိုင်းဂူကို လီစု လမ်းညွှန်ထားသည့်အတိုင်း ရှာဖွေခဲ့၏။

သူ့ထံသို့ လီထင်း ရောက်လာသောအခါ ပြန်လည်လမ်းညွှန်ပေးနိုင်ခဲ့ခြင်း ဖြစ်လေသည်။

သမားတော်ကျူးနှင့် ချန်းယုတို့သည် ဝါရင့်သမားတော်ကြီးများ ဖြစ်ကြသည့်အတိုင်း ထူးခြားထက်မြက်သော ဆေးဝါးအမျိုးမျိုး တီထွင်နိုင်ခဲ့ကြလေသည်။

သူတို့ တီထွင်ထားသော ဆေးဝါးများတွင် လူ့စိတ်ကို ပြောင်းလဲစေတတ်သည့် ဆေးဝါးများလည်း ပါဝင်ခဲ့ပေသည်။

ထိုဆေးဝါးများကို သခင်မလေးကျင်းကျင်းက တဘက်လှည့်ဖြင့် ရယူပြီး သုခဘုံကို ဖန်တီးခဲ့ခြင်း ဖြစ်သည်။

သမားတော်ကျူးနှင့် ချန်းယုတို့သည် ဆေးပညာကို အဓိကထားကြပြီး သိုင်းပညာဘက်၌ အားနည်းလေသောကြောင့် သခင်မလေးကျင်းကျင်းနှင့် ထိပ်တိုက်ရင်မဆိုင်ဝံ့ကြပေ။

ထို့ကြောင့်လည်း လီထင်းအား ကူညီရာ၌ သခင်မလေးကျင်းကျင်း မသိရလေအောင် တဘက်လှည့်ဖြင့် တိတ်တဆိတ် ကူညီနေရခြင်း ဖြစ်လေသည်။

ယခုတော့ သူတို့သည် လီစု၏ဆန္ဒအတိုင်း လီထင်းအား လျို့ဝှက်လက်ဝါးသိုင်းကျမ်းရှိသည့် အရပ်ဒေသဆီသို့ ပို့ဆောင်နိုင်ခဲ့ပြီ ဖြစ်လေသည်။



"မင်းအဖေဟာ လျို့ဝှက်လက်ဝါးသိုင်းကျမ်းကို ယူမသွားခဲ့တာ မင်းကံကောင်းသွားတယ်၊ ဒါမှမဟုတ်ယင် ရန်သူ့လက်ထဲ ပါသွားလောက်ပြီ"

လီထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ သူတို့ဟာ ကျွန်တော့်အဖေကိုသာမက ကျွန်တော့်ရဲ့ ဦးလေးနဲ့ အဒေါ်ကိုပါ သတ်ပစ်လိုက်ကြပါတယ်၊ ဖေဖေ့ဆီမှာသာ သိုင်းကျမ်းရှိနေယင် ရန်သူ့လက်ထဲ ပါသွားလောက်ပါပြီ"

ချန်းယုက…

"ခုတော့ မင်း လေ့ကျင့်သင်ကြားနိုင်တယ်၊ ပြီးယင် ရန်သူကို ရင်ဆိုင်ဆုံးမနိုင်တဲ့ အခွင့်အရေး ရှိနေပြီ ပေါ့ကွာ"

လီထင်း ဦးညွှတ်လိုက်သည်။

"ဦးတို့နှစ်ယောက်ဟာ ဘာကိုမှ မသိဟန်ဆောင်ပြီး ကျွန်တော့်ကို သိုင်းကျမ်းရှိတဲ့နေရာကို ရောက်အောင် ပို့ဆောင်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်လို့ မဆုံးပါဘူးခင်ဗျာ"

သမားတော်ကျူးက…

"အေး ငါတို့ကို ကျေးဇူးတင်ယင် မင်းအဖေရဲ့ ကျေးဇူးကို သိတတ်ယင် လက်ဝါးသိုင်းကျမ်းကို အောင်မြင်တဲ့အထိ ဇွဲနဘဲနဲ့ လေ့ကျင့်ရမယ်၊ ရန်သူကို ဆုံးမရမယ်"

လီထင်း အံကြိတ်လိုက်သည်။

"ကျွန်တော် အစွမ်းကုန် ကြိုးစားသွားမယ်လို့ ကတိပေးပါတယ်ခင်ဗျာ"

သမားတော်ကျူးနှင့် ချန်းယုတို့ သဘောကျသွားပြီး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်ကြလေသည်။

သမားတော်ကျူးက ချန်းယုကို ပြောလိုက်သည်။

"ကဲ နောင်တော်ချန်းယု၊ ကျုပ်တို့က လီထင်းကို လူမှန်နေရာမှန် ပို့ပေးပြီးပြီ"

ချန်းယုက…

"ဟုတ်တယ်၊ သူ့ဘက်က ကြိုးစားဖို့ပဲ လိုတော့တယ်"

တဆက်တည်းပင် လီထင်းအား လှမ်းပြောလိုက်သည်။

"လီထင်း၊ မင်းအတွက် ရိက္ခာဆေးဝါး လိုလေသေးမရှိအောင် ငါတို့ စီစဉ်ထားတယ်၊ မင်း သည်နေရာမှာပဲနေပြီး သိုင်းလေ့ကျင့်ရမယ်"

သမားတော်ကျူးက…

"လေ့ကျင့်အောင်မြင်မှ သည်နေရာက ထွက်ရမယ်၊ ဒါမှမဟုတ်ယင် အပြင်ဘက်မှာ မင်းအတွက် အန္တရာယ်များလှတယ်၊ သခင်မလေးကျင်းကျင်းက မင်းကို ချမ်းသာပေးမှာ မဟုတ်ဘူး"

"စိတ်ချပါခင်ဗျာ၊ ကျွန်တော် ကြိုးစားသွားမှာပါ"

"အေး ငါတို့လည်း ကိုယ့်နေရာ ကိုယ်ပြန်ပြီး ဟန်မပျက်နေကြရမှာ၊ ဒါမှ အန္တရာယ်ကင်းမယ်"

"ကောင်းပါပြီ ခင်ဗျာ"

ချန်းယုသည် ကြေးခေါင်းတလားမှ မှန်တံခါးကို ဖွင့်လိုက်သည်။

စစ်သူကြီး အရိုးစုလက်ထဲမှ အထုပ်ကလေးကို ယူလိုက်၏။



ထိုအထုပ်ကလေးအတွင်း၌ ကြေးပုရပိုဒ်ချပ်များ ရှိနေ၏။

လျှို့ဝှက်လက်ဝါးသိုင်းကွက်များအား မှတ်တမ်းတင်ထားသည့် သိုင်းပုရပိုဒ်များ ဖြစ်ပါတော့သည်။

ချန်းယုသည် သိုင်းပုရပိုဒ်များအား လီထင်းကို ပေးလိုက်လေသည်။

လီထင်းလည်း လက်နှစ်ဘက်ဖြင့် ရိုရိုသေသေ လက်ခံယူလိုက်လေတော့သည်။

♠ ♠ ♠

## သခင်မလေး၏အကြံ

ရွှေရောင်မင်းသားဝမ်းပို့သည် သခင်မလေးကျင်းကျင်းနှင့် မျက်နှာချင်း မဆိုင်ဝံ့အောင် ဖြစ်နေပါသည်။

သူတာဝန်ယူထားရသည့် ချန်းလုံအား ရုပ်ဆိုးမက ကယ်တင်သွားခဲ့ပြီး ယွဲ့ကူးနှင့် ဂူးလျှံတို့လည်း သုတ်သင်ခံလိုက်ရသည် မဟုတ်ပါလား။

သို့သော် ကျင်းကျင်းနှင့် ရှောင်လွှဲမရနိုင်သဖြင့် ဝမ်းပို့ ရင်ဆိုင်ခဲ့ရလေသည်။

ကျင်းကျင်း၏မျက်နှာ ပြုံးနေသည်။



"သူဌေးဂူးရိက သူ့ရဲ့အကျိုးအတွက် ကျွန်မတို့နဲ့ ပူးပေါင်းခဲ့ပေမယ့် ပြဿနာပေါ်လာတဲ့အခါ စိတ်မချရတော့ဘူး မဟုတ်လား၊ ဒါကြောင့် သူ့ကို သုတ်သင်ရှင်းလင်းပစ်လိုက်ရတာပေါ့ရှင်၊ ကျင်းလိမ်မြို့စားလည်း ဘာမှ စုံစမ်းလို့ရတော့မှာ မဟုတ်ဘူး၊ ဂူးရိပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာအားလုံးလည်း ကျွန်မတို့လက်ထဲ ရောက်လာပြီ၊ တချက်ခုတ်နှစ်ချက်ပြတ် ဘယ်လောက်ကောင်းလိုက်သလဲ"

ကျင်းလိမ်မြို့စားသည် ချန်းလုံ ပျောက်ဆုံးသွားခြင်းကြောင့် သူဌေးဂူးရိအား လုံးလျူရှုမထားတော့ပါ။

သူဌေးဂူးရိထံ ကိုယ်တိုင်သွားရောက် စုံစမ်းစစ်ဆေးတော့မည်ဖြစ်ရာ သခင်မလေးကျင်းကျင်းက လက်ဦးမှုယူပြီး သူဌေးဂူးရိအား သုတ်သင်ရှင်းလင်းပစ်လိုက်ခြင်း ဖြစ်လေသည်။

သူဌေးဂူးရိ မရှိတော့သည့်နောက် ကျင်းလိမ်မြို့စားသည် ဆက်လက်စုံစမ်းဖို့ အခက်ကြုံသွားလိမ့်မည် ဖြစ်လေသည်။

သခင်မလေးကျင်းကျင်းကား သူမ၏ဆန္ဒအတိုင်း ဖြစ်စေလိုသော ကိစ္စများကို မဖြစ်မနေ တဖွတ်ထိုး ဆောင်ရွက်တတ်သူ ဖြစ်ပါတော့သည်။

ကျင်းကျင်းက...

"ရှင်က ကျွန်မနောက်ကို လိုက်လာတယ်ဆိုတော့ ချန်းလုံ လွတ်မြောက်သွားပြီ ထင်တယ်"

ဟုမသက်သာသလို မေးလေသည်။

ဝမ်းပို့ သက်ပြင်းချလိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

"အင်း နောက်ဆုံးတော့ သည်လိုပဲ ဖြစ်လာလိမ့်မယ်လို့ ကျွန်မ ထင်မိသားပဲ"

"ကျုပ်က..."

ဝမ်းပို့၏စကားမဆုံးမီ ကျင်းကျင်း ကြားဖြတ်ပြောလိုက်၏။

"လီထင်းဟာ အရေးကြီးပါတယ်လို့ ကျွန်မ ပြောခဲ့တယ်၊ ဒါပေမယ့် ရှင် မတတ်နိုင်ခဲ့ဘူး၊ အခုတစ်ခါ ချန်းလုံကို လွှတ်ပေးလိုက်ရပြန်ပြီ"

ဝမ်းပို့ ခေါင်းငုံ့ထားလိုက်လေသည်။

ကျင်းကျင်းက...

"ချန်းလုံကို ရထားမှ ယန့်ထိရဲ့သမီး ယန့်ချစ်ကို ရနိုင်မယ်၊ ဒါမှ သုခဘုံက သူတို့ ခိုးယူသွားတဲ့ သိုင်းကွက်မှတ်စုကို ပြန်ရနိုင်မှာ"

သူမသည် ဝမ်းပို့အား မကျေမနပ်ကြည့်ပြီး စကားဆက်လိုက်လေသည်။

"သုခဘုံမှာ ယန့်ထိနဲ့ ချန်းတုနန်တို့က သိုင်းကွက်မှတ်စုကို ခိုးယူထွက်ပြေးသွားနိုင်ကြတာ ဘာကြောင့်လည်း သူတို့နှစ်ယောက်ကို စောင့်ကြည့်ဖို့ ရှင်တာဝန်ပျက်ကွက်ခဲ့လို့ပဲ မဟုတ်လား"

ဝမ်းပို့ သက်ပြင်းချလိုက်သည်။

"ကျုပ် အပြစ်ပဲ ထားလိုက်ပါတော့ဗျာ"

ကျင်းကျင်း ရယ်မောလိုက်သည်။

"ရှင်ညံ့လို့ညံ့တယ် ပြောတာပေါ့ရှင်၊ လီထင်းကော ဘာကြောင့် လွတ်မြောက်သွားရတာလဲ"

"ကျုပ်ညံ့လို့ပေါ့ဗျာ"



"မှန်လိုက်လေရှင်"

ကျင်းကျင်း နှာခေါင်းရှုံ့လိုက်သည်။

"သမားတော်ကျူး ကြားဝင်ကူညီလို့ လီထင်း လွတ်သွားရတယ်လို့ ရှင်ပြောချင်တာလား၊ အမှန်တော့ ရှင်ကိုယ်တိုင်က ညံ့ဖျင်းလို့ သည်လိုဖြစ်ရတာ၊ လောကပေါ်မှာ ရှင့်လောက် ညံ့ဖျင်းတဲ့လူ ရှိတော့မှာ မဟုတ်ဘူးရှင်"

ဝမ်းပို့က...

"ကျုပ်က သည်လောက်တောင် ညံ့ဖျင်းနေမှတော့ သခင်မလေးနဲ့ ဘယ်လိုမှ မထိုက်တန်တော့ပါဘူးဗျာ"

"မှန်လိုက်လေရှင်၊ ရှင်ပြောတဲ့ စကားတွေထဲမှာ သည်စကားဟာ တန်ဖိုးအရှိဆုံးပဲရှင်"

ဝမ်းပို့က ခေါင်းမော့ကာ ကျင်းကျင်းအား ခပ်စိမ်းစိမ်း ကြည့်လိုက်လေသည်။

သူ၏အကြည့်မှာ ထူးခြားနေပါသည်။

"ကျုပ်ကို သည်လောက်တောင် အထင်သေးနေမှ ကျုပ်က မင်းကို ဆက်ပြီး ဒူးထောက်နေမယ်ဆိုယင် ကျုပ်လောက် အသုံးမကျတဲ့လူ လောကပေါ်မှာ ရှိတော့မှာ မဟုတ်ဘူး"

ဟုလည်း စိတ်ထဲရေရွတ်လိုက်လေသည်။

ကျင်းကျင်းက...

"ချန်းလုံ ထွက်သွားပြီ၊ လီထင်းလည်း ဘယ်နေရာ ရောက်နေပြီလဲဆိုတာ မသိရသေးဘူး၊ ကျင်းလိမ်မြို့စားက ကျွန်မတို့ရဲ့ သုခဘုံကို မြေလှန်ပစ်တော့မယ်၊ ရှင်ဘယ်လိုလုပ်မလဲ"

ဝမ်းပို့ သက်ပြင်းချလိုက်သည်။

"လီတင်းကို သမားတော်ကျူးက ကြားဝင်ကူညီခဲ့တာပဲ"

"ဩော် သမားတော်ကျူးဟာ လီထင်းရဲ့အကြောင်း ပြော ပြနိုင်လိမ့်မယ်လို့ ရှင်ယူဆတာပေါ့"

"သူပြောနိုင်ရမှာပေါ့"

"ကောင်းပြီ၊ ရှင်ပဲ သမားတော်ကျူးဆီကို သွားပြီး လီထင်း အကြောင်း မေးပေတော့"

ဝမ်းပို့သည် ကျင်းကျင်းအား ဘာချက်စိုက်ကြည့်ပြီး ချာခနဲ လှည့်ထွက်သွားလေတော့သည်။

♠ ♠ ♠



ဝမ်းပို့ ထွက်သွားပြီ ဖြစ်သည်။

ကျင်းကျင်း မဲ့ပြုံးပြုံးလိုက်လေသည်။

ဝမ်းပို့သည် သူမအား မကျေမနပ် ဖြစ်နေမည်ကို ကောင်းစွာ ရိပ်မိထားသည်။

သို့သော် သူမ အမှုမထားပါ။

လီထင်း၊ ချန်းလုံနှင့် ယန့်ချစ်တို့ကိုသာမက ကျင်းလိမ်မြို့စားကြီးကိုပါ သုတ်သင်ရှင်းလင်းပစ်ရန် သူမ ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။

သုခဘုံ၌ ရောက်ရှိနေကြသော သိုင်းသမားများအား အသုံးချ၍ ကျင်းလိမ်မြို့စားကြီးအား ဖယ်ရှားပစ်လိုက်လျှင် သိုင်းလောကသားများသည် ဧးဝေးရှောင်သွားကြတော့မည် ဖြစ်လေသည်။

သူမသည် ဝမ်းပို့နှင့် လက်ထပ်ဖို့ စိတ်မကူးပါ။

ဝမ်းပို့နှင့် ဓားစကြာအဖွဲ့အား သူမ၏အကျိုးအတွက် အသုံးချဖို့သာ အလိုရှိခြင်း ဖြစ်လေသည်။

သူမ၏လိုအင်ဆန္ဒ ပြည့်ဝသွားသည်နှင့် ဝမ်းပို့ကိုလည်း ဖယ်ရှားပစ်ရန် ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။

ဝမ်းပို့အား အသုံးချ၍ ရသလောက် အသုံးချသွားဦးမည် ဖြစ်ပါသည်။

သူမသည် ဝမ်းပို့ ထွက်သွားပြီးသည်နှင့် သုခဘုံသို့ ထွက်လာခဲ့လေသည်။

သုခဘုံ...

သုခဘုံမှာ သံမဏိမြို့စားဂေဟာပင် ဖြစ်လေသည်။

♠ ♠ ♠



သမားတော်ကျူးနှင့် ချန်းယုတို့သည် လီထင်းအား ရှေးဟောင်းသချိုင်းမြေထဲ၌ ထားရစ်ခဲ့ပြီး ပြန်လာခဲ့ကြကာ ဟန်မပျက် ဆက်၍ နေခဲ့ကြလေသည်။

သို့တိုင် သခင်မလေးကျင်းကျင်းက သူတို့အကြောင်းကို သိသွားပြီး ဘယ်အချိန်လာပြီး ဒုက္ခပေးလေမည်လဲဟု ရင်တထိတ်ထိတ် ရှိနေကြလေသည်။

သမားတော်ကျူး အိမ်သို့ ပြန်လာပြီး နောက်တစ်နေ့ နံနက်တွင်...

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာပြီး မြင်းစီးသမားနှစ်ယောက် ရောက်ရှိလာကြလေသည်။

သမားတော်ကျူး ထိတ်လန့်သွား၏။

"သခင်မလေးကျင်းကျင်းရဲ့ လူတွေ လိုက်လာပြီ ထင်တယ် ဒုက္ခပဲ"

ကပျာကယာ အိမ်ရှေ့သို့ ထွက်လာသောအခါ လူငယ်မောင်မယ်နှစ်ဦး ဖြစ်နေသည်ကို တွေ့ရလေသည်။

ချန်းလုံနှင့် ယန့်ချစ်တို့ ဖြစ်လေသည်။

သမားတော်ကျူး အံ့ဩသွားလေသည်။

"မင်း...မင်း ယန့်ချစ်ပါလား"

ယန့်ချစ်၏ဖခင် ယန့်ထိနှင့် သမားတော်ကျူးတို့သည် ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြလေသည်။

ယန့်ချစ်က...

"ဟုတ်ပါတယ်ရှင်၊ ကျွန်မတို့မှာ အခက်အခဲ ကြုံနေလို့ ဦးဆီကို လာပြီး အကူအညီ တောင်းတာပါ"

"မင်းတို့ ဘယ်လိုအခက်အခဲ ရှိနေလို့လဲ"

"သည်လိုပါရှင်…"

ယန့်ချစ်သည် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ရှင်းပြလိုက်လေသည်။

သမားတော်ကျူး အံ့သြသွားလေသည်။

"လက်စသပ်တော့ လီစု လုပ်ကြံခံရတာကော သိုင်းလောကကို ဖျက်ဆီးမယ့် သုခဘုံ ပေါ်ပေါက်လာတာကော သခင်မလေးကျင်းကျင်းရဲ့ လက်ချက်ပဲကိုး၊ သံမဏိမြို့စားကြီးကြောင့် သိုင်းလောကသားတွေက လက်ရှောင်နေကြတာကို အခွင့်ကောင်းယူလိုက်တာပဲ"

"သံမဏိမြို့စားကြီးကိုလည်း သခင်မလေးကျင်းကျင်းက အကောက်ကြံပြီး လုပ်ကြံလိုက်ပြီလို့ သတင်းတွေ ထွက်ပေါ်နေပါတယ်ရှင်"

"ဟာ…"

သမားတော်ကျူး အထိတ်တလန့် ဖြစ်သွားလေသည်။

ယန့်ချစ်က…

"ဖေဖေဟာ သခင်မလေးကျင်းကျင်းရဲ့ သိုင်းကွက်မှတ်စုကို ရခဲ့ပါတယ်၊ ဒါပေမယ့် သည်ပညာတစ်မျိုးထဲနဲ့ သခင်မလေးကျင်းကျင်းကို အနိုင်ယူဖို့ မလွယ်ပါဘူး၊ လီမျိုးနွယ်ဂေဟာက သခင်လေးလီထင်းဟာ ရေးဟောင်းလျှို့ဝှက်လက်ဝါးကျမ်းကို ရထားတယ်လို့



သိရပါတယ်၊ သူ့ရဲ့ပညာ ထက်မြက်နေမှ ကျွန်မတို့ ကံကောင်းနိုင်မှာပါ"

လီထင်း၊ ယန့်ချစ်နှင့် ချန်းလုံတို့မှာ သခင်မလေးကျင်းကျင်း၏အကြံအစည်ကြောင့် အလိုလို ပတ်သက်လာကြရလေတော့သည်။

သူတို့၏မိဘအချင်းချင်းလည်း ခင်မင်ရင်းနှီးသူများ ဖြစ်ခဲ့ကြသည် မဟုတ်ပါလား။

သမားတော်ကျူးက…

"လီထင်းဟာ လက်ဝါးကျမ်းနဲ့ လေ့လာနေပါပြီ"

လီထင်းအား သူနှင့် ချန်းယုတို့ ကူညီခဲ့ကြပုံကို ပြောပြလိုက်လေသည်။

ယန့်ချစ်နှင့် ချန်းလုံတို့ ဝမ်းသာသွားကြလေသည်။

သမားတော်ကျူးသည် ချန်းလုံ၏ရောဂါလက္ခဏာကို စစ်ဆေးကြည့်လိုက်လေသည်။

"ဒါဟာ ကျုပ်တို့ ဖော်စပ်ခဲ့တဲ့ စိတ်ပြောင်းဆေးကြောင့် နောက်ဆက်တွဲ ဆိုးကျိုးဝေဒနာ ခံစားရတာပဲ၊ သည်ဝေဒနာကို ကုသလို့ ရပါတယ်"

ထိုစကားကြောင့် ချန်းလုံနှင့် ယန့်ချစ်တို့ အားတက်သွားကြလေသည်။

သမားတော်ကျူးက…

"နည်းနည်းတော့ အချိန်ယူကုသရလိမ့်မယ်၊ သည်နေရာမှာ စိတ်မချရဘူး၊ လီထင်းရဲ့ကိစ္စကြောင့် သခင်မလေးကျင်းကျင်းရဲ့လူတွေ အချိန်မရွေး ရောက်လာနိုင်တယ်လေ၊ ဒါကြောင့် လီထင်း သိုင်း

လေ့ကျင့်နေတဲ့ ရှေးဟောင်းသင်္ချိုင်းမြေကို သွားယင် ကောင်းမယ်၊ အဲသည်မှာ ဆေးကုယင်း အေးအေးဆေးဆေး အနားယူလို့လဲရတယ်၊ သိုင်းလေ့ကျင့်လို့လဲရတယ်၊ ပြီးတော့ သခင်မလေးကျင်းကျင်းကို ဘယ်လိုဆုံးမကြမယ်ဆိုတာ မင်းတို့သုံးယောက် တိုင်ပင်ဆွေးနွေးနိုင်တာပေါ့"

ယန့်ချစ်နှင့် ချန်းလုံတို့ သဘောတူလိုက်ကြလေသည်။

သမားတော်ကျူးသည် ချန်းလုံအတွက် ဆေးဝါးများ စီစဉ်ပေးသည်။

ထို့နောက် လီထင်း ရှိနေသော နေရာသို့ လမ်းညွှန်ပေးလိုက်လေတော့သည်။

♠ ♠ ♠

## သိုင်းနှစ်သွယ်

ရှေးဟောင်းသင်္ချိုင်းမြေ…

လေးဘက်လေးတန် အုတ်နံရံ ကာရံထားသော ရှေးဟောင်းသင်္ချိုင်းမြေသို့ ယန့်ချစ်နှင့် ချန်းလုံတို့ ရောက်ရှိသွားကြ၏။

လီထင်းက သူတို့ထက် အယင်ရောက်ရှိကာ လက်ဝါးသိုင်းကို လေ့ကျင့်နေပြီ ဖြစ်သည်။

ယန့်ချစ်တို့ ရောက်ရှိလာသောအခါ ဝမ်းသာအားရ ဖြစ်သွား၏။

သူတို့သုံးယောက်၏မိဘများ ရင် ^ ခဲ့ကြသလို သူတို့

လူငယ်များအချင်းချင်းလည်း သိကျွမ်းထားခဲ့ကြသည် မဟုတ်ပါလား။

လီထင်းသည် ယန့်ချစ်နှင့် ချန်းလုံတို့ ရောက်ရှိလာကြခြင်းကြောင့် အားတက်သွားလေသည်။

"သခင်မလေးကျင်းကျင်းဟာ အတော့်ကို ကြောက်စရာကောင်းပါတယ်ဗျာ၊ သူ့ကြောင့် ကျုပ်အဖေသာမကဘူး ဦးလေးနဲ့ အဒေါ်လည်း သေဆုံးသွားခဲ့ရပါတယ်၊ ကျုပ် သူ့ကို ဘယ်တော့မှ ကျေမှာ မဟုတ်ပါဘူး"

ချန်းလုံက...

"ဒါကြောင့် သူ့ကို ဆုံးမဖို့ ခင်ဗျားအဖေ ရှာဖွေတွေ့ရှိခဲ့တဲ့ လက်ဝါးကျမ်းကို လေ့ကျင့်နေပြီ မဟုတ်လားဗျာ"

လီထင်း သက်ပြင်းချလိုက်သည်။

"လေ့ကျင့်တာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့်..."

သူက စကားတပိုင်းတစဖြင့် ရပ်တန့်ထားလိုက်ခြင်းကြောင့် ယန့်ချစ်က မေးလိုက်လေသည်။

"ဒါပေမယ့် ဘာဖြစ်သလဲရှင်"

လီထင်းက...

"ကျုပ်ဟာ အယင်ကတည်းက သိုင်းပညာကို စိတ်ဝင်စားခဲ့တာ မဟုတ်ပါဘူး၊ ဒါကြောင့် ခုမှစပြီး လေ့ကျင့်သလို ဖြစ်နေတော့ လက်ဝါးကျမ်းဟာ ထက်မြက်ပေမယ့် ကျုပ် လေ့ကျင့်တတ်မြောက်ဖို့ အတော့်ကို ခက်ခဲသလို ဖြစ်နေပါတယ်"

ချန်းလုံနှင့် ယန့်ချစ်တို့ အချင်းချင်း ကြည့်လိုက်ကြလေ၏။



လီထင်းက...

"အမှန်ကို ဝန်ခံရယင် ကျုပ်က အချိန်ဆယ်နှစ်လောက်ကြာအောင် လေ့ကျင့်မယ်ဆိုယင်လည်း အောင်မြင်မယ်လို့ မပြောနိုင်လောက်အောင်ပါပဲ"

သိုင်းပညာဝါသနာ နည်းပါးရကား မခံချင်စိတ်ဖြင့် လေ့လာခဲ့သည့်တိုင် အခက်အခဲများ ရှိနေသည်ကို ညည်းတွားလိုက်ခြင်း ဖြစ်လေသည်။

ချန်းလုံတို့သည် လီထင်း ပြောလိုသည့်သဘောကို ကောင်းစွာ နားလည်သဘောပေါက်လိုက်ကြလေသည်။

လီထင်းက...

"ကျု" သည်နေရာကို ရောက်နေတာ ဆယ်ရက်ကျော်သွားပြီ၊ အင်မတန် ထက်မြက်တယ်ဆိုတဲ့ လက်ဝါးကျမ်းကို လေ့လာခဲ့ပေမယ့် ခုချိန်ထိ ဘာမှ နားမလည်နိုင်အောင် ဖြစ်နေပါတယ်ဗျာ"

ချန်းလုံက...

"သိပ်လည်း စိတ်မပျက်ပါနဲ့ဗျာ၊ ထူးခြားထက်မြက်တဲ့ ပညာရပ်တွေဟာ ရုတ်တရက်လေ့လာဖို့ ခက်ပါတယ်၊ ဒါပေမယ့် လေ့လာလို့ ရသွားပြီး နားလည်သဘောပေါက်သွားပြီဆိုယင်လည်း လေ့ကျင့်ရတာ လွယ်ကူသွားတဲ့သဘောမျိုး ရှိတတ်ပါတယ်"

ဟုအားပေးစကား ပြောလိုက်လေသည်။

လီထင်းက...

"သည်လက်ဝါးသိုင်းက ရှုပ်လည်းမရှုပ်ဘူး၊ များများစားစားလည်း မရှိပါဘူး၊ သိုင်းကွက်လေး နည်းနည်းပါးပါးပဲ ရှိတာပါ၊ ကျုပ်

ကိုယ်တိုင်က ပါရမီနည်းတာကြောင့် ခုထိ လှေ့ကျင့်လို့ မရတာပါဗျာ"

ယန့်ချစ်က...

"ကျွန်မတို့ ခဏလောက် လေ့လာခွင့်ပြုနိုင်မလားရှင်"

"ဟာ ရပါတယ်...ရပါတယ်"

လီထင်းက လက်ဝါးသိုင်းကျမ်းအား ချက်ခြင်း ထုတ်ပေးလေသည်။

ယန့်ချစ်သည် သိုင်းလောကတစ်ခုလုံး စိတ်ဝင်တစား ပြောစမှတ်ပြုနေရသော ရှေးဟောင်းလက်ဝါးသိုင်းကျမ်းအား လက်ခံရယူလိုက်သည်။

ရှေးဟောင်းကျမ်းမှာ ကြေးပုရပိုဒ် ဆယ့်ခြောက်ချပ်ပေါ်၌ ရေးသားမှတ်တမ်းတင်ထားခြင်း ဖြစ်သည်။

ကြေးပုရပိုဒ်တစ်ချပ်လျှင် သိုင်းတစ်ကွက် စီရင်ထားခြင်း ဖြစ်လေသည်။

ယန့်ချစ်သည် ကြေးပုရပိုဒ်တစ်ခုကို ဖတ်ရှုကြည့်လိုက်သည်နှင့် ပတ်ဝန်းကျင်တစ်ခုလုံးအား မေ့လျော့သွားလေတော့သည်။

လီထင်းနှင့် ချန်းလုံတို့ အကဲခတ်ကြည့်နေကြသည်။

ယန့်ချစ်သည် လုံးဝစကားမပြောနိုင်တော့ဘဲ ကြေးပုရပိုဒ်ကိုသာ အာရုံရောက်နေ၏။

သို့ဖြင့် အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေတော့သည်။

♠ ♠ ♠



ထမင်းတစ်အိုးချက်ခန့်အချိန် ကုန်ဆုံးသွားပြီ ဖြစ်သည်။

ယန့်ချစ် သတိဝင်လာလေသည်။

သက်ပြင်းရှည်ကြီးချလိုက်ပြီး...

"အတော့်ကို အံ့ဩစရာကောင်းတာပဲ"

ဟုရေရွတ်လိုက်လေသည်။

ချန်းလုံက...

"ဘာတွေများ အံ့ဩစရာကောင်းနေတာလဲ ညီမရယ်"

"အစ်ကို လေ့လာကြည့်ပါလား"

ယန့်ချစ်က ကြေးပုရပိုဒ်တစ်ချပ်ကို ချန်းလုံအား ပေးလိုက်လေသည်။

ချန်းလုံလည်း ကြေးပုရပိုဒ်ကိုယူကာ လေ့လာကြည့်လိုက်လေသည်။

ကြေးပုရပိုဒ်ပေါ်၌ လက်ဝါးသိုင်းကွက်တစ်ကွက်အကြောင်းကို ပုံများနှင့်တကွ ရေးသားဖော်ပြထားလေသည်။

လက်ဝါးသိုင်းကွက်မှာ ရိုးရိုးရှင်းရှင်းလေး ဖြစ်သော်လည်း စိတ်ဝင်စားစရာ ကောင်းလှပေသည်။

ချန်းလုံသည် သိုင်းကွက်သဘောတရား ရှင်းပြထားပုံကို ဖတ်ရှုလေ့လာမိလိုက်သည်နှင့် ယန့်ချစ်ကဲ့သို့ အာရုံနစ်မြောသွားကာ ပတ်ဝန်းကျင်ကိုပင် မေ့လျော့သွားလေတော့သည်။

လီထင်းနှင့် ယန့်ချစ်တို့က ငေးမောကြည့်နေကြလေသည်။

အတော်ကလေးကြာမှ ချန်းလုံ သက်ပြင်းချလိုက်သည်။

"အတော့်ကို စိတ်ဝင်စားစရာကောင်းတဲ့ သိုင်းကွက်ပါလား"

ယန့်ချစ် ထောက်ခံလိုက်လေသည်။

"ဟုတ်ပါတယ် အစ်ကို ရုတ်တရက်ကြည့်ယင် ရိုးရိုးရှင်းရှင်းလေး ဖြစ်ပေမယ့် အတော့်ကို စိတ်ဝင်စားစရာကောင်းတဲ့ သိုင်းကွက်တွေပါ"

ချန်းလုံက...

"သည်သိုင်းကွက်တွေကိုသာ လေ့ကျင့်အောင်မြင်ခဲ့မယ်ဆိုယင် တော်ရုံလူကို မှုစရာလိုမှာ မဟုတ်တော့ဘူး"

"ကျွန်မကတော့ ထိပ်သီးသိုင်းသမားကြီးတွေကိုတောင် ကောင်းကောင်းကြီး ရင်ဆိုင်ယှဉ်ပြိုင်နိုင်လိမ့်မယ်လို့ ယုံကြည်ထားပါတယ်ရှင်"

ယန့်ချစ်က ထောက်ခံပြောဆိုလိုက်လေသည်။

သူတို့နှစ်ယောက်၏စကားကြားလျှင်...

"ဟား...ဟား...ဟား"

လီထင်း တဟားဟား ရယ်မောလိုက်လေသည်။

ယန့်ချစ်နှင့် ချန်းလုံတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

ယန့်ချစ်က...

"ဘာများဖြစ်လို့လဲရှင်"

ဟုမေးလိုက်သည်။

လီထင်းက...

"ကျုပ်သဘောကျလို့ပါ"

"ရှင်"



"ကျုပ် သည်လို ပြောတာကို တမျိုးမထင်စေချင်ပါဘူးဗျာ၊ ကျုပ်ဟာ ပင်ကိုယ်ဗီဇက သိုင်းပညာဝါသနာ မပါခဲ့ပါဘူး၊ မခံချင်စိတ်နဲ့ လေ့ကျင့်ခဲ့ပေမယ့်လည်း အာရုံစူးစိုက်မှုနဲ့ စိတ်ဝင်စားမှု လျော့နည်းနေခဲ့တော့ ထက်မြက်တဲ့ သိုင်းကွက်တွေကို ရလိုက်ပေမယ့်လည်း ထူးခြားမလာတော့ပါဘူး၊ ခင်ဗျားတို့ကျတော့ ပင်ကိုယ်အခြေခံလည်း ကောင်းတယ်၊ သိုင်းပညာကို ဝါသနာပါတယ်၊ တန်ဖိုးထားကြတယ်ဆိုတော့ သိုင်းကွက်ကောင်းတစ်ခုကို တွေ့လိုက်တာနဲ့ တန ဖိုးအမိပွါယ်ကို ချက်ခြင်း နားလည်လိုက်ကြတယ်၊ သည်လို ပညာမျိုးဟာ ကျုပ်ထက်စာယင် ခင်ဗျားတို့နဲ့ ပိုပြီး ထိုက်တန်ပါတယ်ဗျာ၊ ဒါကို တွေးမိပြီး ရယ်မိတာပါ"

ယန့်ချစ်က...

"ကျွန်မတို့နဲ့ ထိုက်တန်တယ် ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

ယန့်ချစ် အံ့သြသွားသည်။

"ရှင်ကော"

လီထင်း ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ် လေ့လာဖြစ်မှာ မဟုတ်တော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"ကျုပ်မှ သိုင်းပညာဝါသနာ မပါတာ၊ ပြီးတော့ အမှန်အတိုင်း ဝန်ခံရမယ်ဆိုယင် တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်သတ်ဖြတ်မှုတွေ သွေးထွက်သံယိုကိစ္စတွေကို ကျုပ်ရွံ့မုန်းတယ်၊ သည်လို ကိစ္စတွေကို ကျုပ်ငယ်ငယ်ကလေးထဲက ရှောင်ရှားခဲ့တာပါ"

ချန်းလုံ ကြားဝင်ပြောလိုက်သည်။

"ခင်ဗျားအဖေကို သခင်မလေးကျင်းကျင်းက မတရားသတ်ဖြတ်ပစ်ခဲ့တာဗျ"

လီထင်းက...

"သခင်မလေးကျင်းကျင်းအကြောင်း ကျုပ်သိပါတယ်၊ ဒါပေမယ့် သူ့ကို ကျုပ်ကိုယ်တိုင် ဆုံးမစရာ မလိုတော့ပါဘူး"

ချန်းလုံနှင့် ယန့်ချစ်ကို အစီပွါယ်ပါပါကြည့်ပြီး စကားဆက်လိုက်လေသည်။

"ခင်ဗျားတို့က သူ့ကို ဆုံးမကြမှာပဲ မဟုတ်လား၊ သခင်မလေးကျင်းကျင်းဟာ မတရားလုပ်ခဲ့သမျှ သူ့တရား သူစီရင်သွားပါလိမ့်မယ်ဗျာ"

ယန့်ချစ် ရယ်မောလိုက်လေသည်။

"လက်စသပ်တော့ ရှင်က ကျွန်မတို့ကို တာဝန်ပုံပေးလိုက်တာကိုး"

"သည်တာဝန်ကို ခင်ဗျားတို့ပဲ ယူနိုင်ကြတယ်ဆိုတာ ကျုပ်ကောင်းကောင်းသဘောပေါက်ပါတယ်ဗျာ၊ ကျုပ်ကို ဘာမှ အားနာစရာ မလိုပါဘူး၊ ကျုပ်က ခင်ဗျားတို့ကိုတောင် ကျေးဇူးတင်ရဦးမှာပါ"

လီထင်းသည် လက်ဝါးသိုင်းကျမ်းနှင့် ပတ်သက်၍ သူ၏သဘောထားကို ပွင့်ပွင့်လင်းလင်းပင် ပြောလေသည်။

"သည်လက်ဝါးကျမ်းဟာ ကျုပ်တို့ ဘိုးစဉ်ဘောင်ဆက် ပိုင်ဆိုင်တဲ့သိုင်းကျမ်း မဟုတ်ပါဘူး၊ ကျုပ်အဖေက စီရင်ခဲ့တဲ့ကျမ်းလည်း မဟုတ်ပါဘူး၊ ဖေဖေတောင်မှ မမျှော်လင့်ဘဲ ရခဲ့တာပါ၊ ဒါကြောင့် ခင်ဗျားတို့ကို ပေးလိုက်ရမယ်ဆိုယင်လည်း ကျုပ်အတွက် ဝန်လေးနေစရာအကြောင်း မရှိပါဘူး"



ချန်းလုံ သက်ပြင်းချလိုက်သည်။

"သိုင်းလောကမှာ ခင်ဗျားလိုလူစားမျိုး နှစ်ယောက် ရှိနိုင်မှာ မဟုတ်ပါဘူးဗျာ"

ဟုလည်း ချီးကျူးစကား ဆိုလိုက်လေသည်။

လီထင်းက...

"ကိစ္စမရှိပါဘူးဗျာ၊ ဆိုးသွမ်းမိုက်မဲလှတဲ့ သခင်မလေးကျင်းကျင်းကို ဆုံးမပေးယင်ပဲ ကျေနပ်လှပါပြီဗျာ"

"စိတ်ချ၊ ကျုပ်တို့ သခင်မလေးကျင်းကျင်းနဲ့ ရွှေမင်းသားဝမ်းပိုခေါင်းဆောင်တဲ့ ဓားစကြာအဖွဲ့ကို ချေမှုန်းသုတ်သင်သွားမှာပါ"

ချန်းလုံက ကတိပေးလိုက်သဖြင့် လီထင်း ကျေနပ်အားရဖြစ်သွားလေတော့သည်။

♠ ♠ ♠

ချန်းလုံနှင့် ယန့်ချစ်တို့သည် လီထင်းပေးသော လက်ဝါးကျမ်းကို လေ့လာခဲ့ကြသည်။

စိတ်ပြောင်းဆေးကြောင့် ခေါင်းကိုက်ဝေဒနာ စွဲကပ်ခဲ့သော ချန်းလုံသည် သမားတော်ကျူး ပေးလိုက်သော ဆေးဝါးများကိုလည်း သုံးစွဲခဲ့သည်။

ချန်းလုံနှင့် ယန့်ချစ်တို့မှာ သိုင်းပညာ အခြေခံကောင်းသူများ ဖြစ်ရကား လက်ဝါးသိုင်းကျမ်းကို လေ့လာရာ၌ များစွာ အခက်အခဲ မရှိတော့ပေ။

နှစ်ယောက်သား သိုင်းကွက်များကို နားလည်သဘောပေါက်အောင် ဦးစွာ ဖတ်ရှုလေ့လာကြသည်။

ပြီးမှ လက်တွေ့လေ့ကျင့်ကြလေ၏။

သူတို့ လေ့ကျင့်ယင်း…

"ညီမ သူ့ကို သည်အတိုင်း လွှတ်လျှူရှုထားလို့ မဖြစ်သေးဘူး"



ချန်းလုံက တီးတိုးပြောလိုက်သည်။

ယန့်ချစ်က…

"ဟုတ်တယ် အစ်ကို၊ ကျွန်မတို့ သူ့ကို လက်တွဲခေါ်သွားကြတာပေါ့"

"ဟုတ်တယ် ကျုပ်တို့ တတ်နိုင်သလောက် သူ့ကို ပံ့ပိုးသွားရမယ်"

ထို့နောက် လီထင်းအား နားဝင်အောင် ဖျောင်းဖျပြောဆိုကြသည်။

လီထင်းလည်း ချန်းလုံတို့ ကျေနပ်စေရန် သိုင်းလေ့ကျင့်ရာ၌ ပါဝင်လေ့ကျင့်ရလေတော့သည်။

သို့ဖြင့် သုံးယောက်သား လေးဘက်လေးတန် အုတ်နံရံကာရံထားသော ရှေးဟောင်းသချိုင်းမြေထဲ၌ သိုင်းပညာကို လက်တွဲလေ့ကျင့်ကြယင်း ပို၍ ခင်မင်ရင်းနှီးသွားခဲ့ကြလေတော့သည်။

♠ ♠ ♠

# တကျော့ပြန်

သုံးလ…

သုံးလဟူသောအချိန်မှာ မျက်စိတမှိတ် လျှပ်တပြက်အတွင်း ကုန်ဆုံးသွားသည်ဟု ထင်ရလေသည်။

လီထင်း၊ ချန်းလုံနှင့် ယန့်ချစ်တို့သည် ရှေးဟောင်းသချိုင်းဂူများ ရှိသောနေရာမှ ပြန်ထွက်လာခဲ့ကြလေသည်။

သိုင်းပညာအခြေခံ ကောင်းသူများ ဖြစ်ရကား လက်ဝါးကျမ်းအား အချိန်အနည်းငယ်အတွင်း လေ့ကျင့်အောင်မြင်ခဲ့ကြပြီမဟုတ်ပါလား။

သုံးယောက်သား ထွက်လာခဲ့ကြယင်း ချန်းယု နေထိုင်သော



အိမ်ကလေးသို့ ရောက်ရှိလာခဲ့ကြလေသည်။

အိမ်ကလေးမှာ တိတ်ဆိတ်ငြိမ်သက်နေသည်။

လူရိပ်လူရောင် မတွေ့ရပါ။

"ဦးလေးချန်းယု"

လီထင်းက ခေါ်လိုက်သည်။

သို့သော် တုန့်ပြန်သံ မကြားရပါချေ။

လီထင်း အံ့ဩသွားသည်။

"ဦးလေးချန်းယု ဘယ်သွားပါလိမ့်"

တံခါးတွန်းဖွင့်ကာ အိမ်ထဲ လှမ်းဝင်လိုက်လေသည်။

ချန်းလုံနှင့် ယန့်ချစ်တို့လည်း လိုက်သွားကြ၏။

သုံးယောက်သား အိမ်ထဲရောက်သွားလျှင် ထိတ်လန့်စရာမြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

လူတစ်ယောက်သည် ခေါင်မိုးထုပ်တန်း၌ ကြိုးတွဲလောင်းဖြင့် ရှိနေသည်။

ရုတ်တရက်ကြည့်လျှင် ကိုယ့်ကိုကိုယ် ကြိုးဆွဲချကာ သေဆုံးသွားသည် ထင်ရ၏။

သေဆုံးနေသူကား ချန်းယု ဖြစ်နေပါသည်။

လီထင်း မယုံနိုင်အောင် ဖြစ်သွားလေသည်။

"ဟာ ဦးလေးချန်းယု သေသွားပြီကိုး၊ သူက ဘာကြောင့်များ ကိုယ့်ကိုကိုယ် အဆုံးစီရင်လိုက်ရတာလဲ"

ချန်းလုံနှင့် ယန့်ချစ်တို့သည် ချန်းယု၏အလောင်းကို စစ်ဆေးကြည့်လိုက်ကြလေသည်။

ချန်းလုံက…

"သူဟာ ကိုယ့်ကိုကိုယ် ကြံစည်သွားတာ မဟုတ်ဘူး"

ယန့်ချစ်က…

"သူ့ရဲ့ခြေလက် မျက်နှာတွေမှာ ဒဏ်ရာတွေ ရှိနေတယ်၊ အဝတ်အစားတွေလည်း စုတ်ပြဲနေတော့ တစ်ယောက်ယောက်က သူ့ကို နှိပ်စက်ညှင်းပမ်းပြီးမှ သတ်ပစ်လိုက်တာပဲ ဖြစ်မယ်"

သူတို့၏စကားများ ကြားရသောအခါ လီထင်း ထိတ်လန့်သွားလေသည်။

"ဦးလေးချန်းယုကို တစ်ယောက်ယောက်က နှိပ်စက်ညှင်းပမ်းပြီး သတ်ပစ်လိုက်တာ ဟုတ်လား"

"ဟုတ်တယ် ရှင် ကြည့်ပါလား"

"အင်း တစ်ကိုယ်လုံး ဒဏ်ရာတွေရထားပြီး အညိုအမည်းစွဲနေပါလား၊ ဘယ်သူကများ သည်လောက်တောင် ရက်ရက်စက်စက် လုပ်ရတာလဲ"

ချန်းလုံက တည်ကြည်သော မျက်နှာထားဖြင့် ပြော၏။

"သည်လို လုပ်ရပ်မျိုးကို ဓားစကြာအဖွဲ့က အများဆုံး လုပ်ကိုင်ဆောင်ရွက်လေ့ရှိကြတယ်ဗျ"

ဓားစကြာအဖွဲ့ဆိုသော အမည်ကြောင့် လီထင်း မျက်နှာပျက်သွားလေတော့သည်။

ယန့်ချစ်က…

"ရွှေမင်းသားဝမ်းပို့ဟာ ကျွန်မတို့နှစ်ယောက် သမားတော်ကျူးဆီကို လာခဲ့ကြတာကို ရိပ်မိသွားပုံရတယ်၊ ကျွန်မတို့နောက်ကို



လိုက်လာယင်း…"

သူမ စကားဆုံးအောင် မပြောဘဲ တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

ဝမ်းပို့က သမားတော်ကျူးနောက်သို့ လိုက်လာမည်ဆိုလျှင် ချန်းယုနှင့်လည်း တွေ့သွားမည်သာ ဖြစ်ပါသည်။

သမားတော်ကျူးနှင့် ချန်းယုတို့သည် လီစုနှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြခြင်းကြောင့် လီထင်းအား ကူညီကြမည်ကို တွေးမိသွားနိုင်သည်။

ချန်းယုနှင့် သမားတော်ကျူးတို့သည် လီထင်းကိုသာမက ချန်းလုံနှင့် ယန့်ချစ်တို့ကိုပါ ကူညီလိမ့်မည်ဟု သတိပြုမိသွားနိုင်၏။

ဤတွင် ချန်းယုတို့အား နှိပ်စက်ညှင်းပမ်းကာ သတ်ပစ်လိုက်ခြင်း ဖြစ်သည် မဟုတ်လား။

ချန်းယု သေဆုံးသွားပြီဆိုလျှင် သမားတော်ကျူးလည်း သက်သာမည် မဟုတ်ပါ။

ယန့်ချစ်က ကြမ်းပြင်ပေါ် ခြေဆောင့်ကာ အပေါ်ခုန်တက်လိုက်လေသည်။

သူမ၏လက်နှစ်ဘက် လှုပ်ရှားလိုက်လျှင် ချန်းယု၏အလောင်းကို ကြိုးဖြတ်ကာ ပွေ့ချီပြီးသား ဖြစ်သွားသည်။

အောက်သို့ အသာအယာ ပြန်လည်ခုန်ဆင်းလိုက်လေ၏။

ချန်းလုံနှင့် လီထင်းတို့လည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလိုက်ကြ၏။

ချန်းယု၏အလောင်းကို ကြမ်းပြင်ပေါ် ချကာ သေသေချာ

ချာ စစ်ဆေးလိုက်သောအခါ ရွှေမင်းသားဝမ်းပို၏လက်ချက်ဖြစ်ကြောင်း ပို၍ ထင်ရှားပေါ်လွင်လာလေသည်။

ယန့်ချစ်က…

"တော်တော်ရက်စက်တဲ့လူပဲ"

ဒေါသတကြီး ရေရွတ်လိုက်လေသည်။

လီထင်းက…

"သည်လူတွေဟာ ကျုပ်တို့ကို မသတ်ပစ်ရမချင်း ကျေနပ်ကြမှာ မဟုတ်ဘူး"

ချန်းလုံ မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်တို့ကလည်း သူတို့ကို ဆုံးမရသေးတာပေါ့လေ"

ယန့်ချစ် ထောက်ခံလိုက်သည်။

"ဟုတ်တယ်၊ သူတို့ကို မဆုံးမနိုင်ယင် သိုင်းလောကမှာ ဝမ်းနည်းကြေကွဲစရာ ကိစ္စတွေ အတောသတ်သွားတော့မှာ မဟုတ်ဘူး"

ချန်းလုံက…

"သမားတော်ကျူးအတွက်လည်း စိုးရိမ်ရတယ်၊ ကျုပ်တို့အမြန်ဆုံးသွားမှ ဖြစ်မယ်"

ဟုလောဆော်လိုက်ရာ လီထင်းနှင့် ယန့်ချစ်တို့လည်း သဘောတူလိုက်ကြလေတော့သည်။

♠ ♠ ♠



နေဝန်းနီမှာ အနောက်ဘက်၌ ငုတ်လျှိုးပျောက်ကွယ်သွားတော့မည် ဖြစ်လေသည်။

ဆည်းဆာရောင်ခြည်အောက်ဝယ် ဝန်းကျင်တစ်ခုလုံး လွမ်းဆွေးဖွယ် ကောင်းနေသည်။

"ဟူး…ဟူး…ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာပြီး လူရိပ်သုံးခု လျှင်မြန်စွာ ပြေးလွှားလာကြကာ သမားတော်ကျူး၏အိမ်ရှေ့သို့ ရောက်ရှိလာကြလေသည်။

ချန်းလုံ၊ လီထင်းနှင့် ယန့်ချစ်တို့ ဖြစ်လေသည်။

သမားတော်ကျူးအိမ်သို့ သူတို့ အမြန်ဆုံးလာခဲ့ကြခြင်း ဖြစ်လေသည်။

ချန်းယု သေဆုံးသွားပြီးနောက် သမားတော်ကျူးလည်း ဒုက္ခရောက်နေပြီဟု ယုံကြည်ထားကြလေသည်။

သို့သော် သမားတော်ကျူး၏အိမ်သို့ ရောက်ရှိလာကြသော အခါ အိမ်တံခါးများ ဖွင့်ထားပြီး မီးရောင်များ ထွက်ပေါ်နေသည်ကို တွေ့ရသဖြင့် ချန်းလုံတို့ ဝမ်းသာသွားကြလေသည်။

မီးရောင်ရှိလျှင် လူရှိရမည် မဟုတ်ပါလား။

ချန်းယု သေဆုံးသွားသော်လည်း သမားတော်ကျူးက အသက်ရှင်နေသေးသည်ဟု ယူဆကာ ဝမ်းသာသွားကြခြင်း ဖြစ်လေသည်။

"သမားတော်ကျူး"

လီထင်းက ဦးဆောင်ကာ အိမ်ထဲ လှမ်းဝင်သွား၏။

ချန်းလုံနှင့် ယန့်ချစ်တို့လည်း လိုက်သွားကြလေသည်။

သုံးယောက်သား အိမ်ထဲရောက်သွားလျှင် သူတို့အား ပြုံးပြုံးကြီး ရပ်ကြည့်နေသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ ဝမ်းပို့ ဖြစ်လေသည်။

"ဟင်"

"ဟာ"

ချန်းလုံတို့ ရင်ထိတ်သွားကြလေသည်။

ဝမ်းပို့က လက်နှစ်ဘက်နောက်ပစ်ကာ အေးအေးဆေးဆေး ရပ်နေပါသည်။

"မင်းတို့ ရောက်လာလိမ့်မယ်လို့ ကျုပ်ယုံကြည်ထားတယ်လေ၊ ဒါကြောင့် ဘယ်မှမသွားဘဲ သည်မှာပဲ စိတ်ရှည်လက်ရှည် စောင့်မယ်လို့ ဆုံးဖြတ်လိုက်တာ၊ ခုတော့ ကျုပ်ဆုံးဖြတ်ချက် မှန်ကန်သွားပြီပေါ့"



လီထင်း ထိတ်လန့်ကာ ကပျာကယာ နောက်ဆုတ်လိုက်သည်။

ချန်းလုံနှင့် ယန့်ချစ်တို့ကား ဝမ်းပို့နှင့် ရင်ဆိုင်ရန် အသင့်ပြင်ထားလိုက်ကြလေသည်။

ချန်းလုံသည် ပတ်ဝန်းကျင်ကို အကဲခတ်ယင်း မေးလိုက်လေသည်။

"သမားတော်ကျူးကော ဘယ်မှာလဲ"

ဝမ်းပို့ ခေါင်းညိတ်လိုက်သည်။

"သူ ရှိပါတယ် ဟိုမှာလေ"

ဧည့်ခန်းအရှေ့ဘက်သို့ ညွှန်ပြလိုက်၏။

ချန်းလုံတို့ လှမ်းကြည့်လိုက်ကြသောအခါ အိမ်တိုင်တစ်လုံး၌ ကြိုးများဖြင့် ချည်နှောင်ထားသော သမားတော်ကျူးအား တွေ့လိုက်ရလေသည်။

သမားတော်ကျူး၏တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲကာ ဦးခေါင်းမှာ ရင်ဘတ်ပေါ်သို့ ငိုက်စိုက်ကျနေသည်။

ပြင်းပြင်းထန်ထန် နှိပ်စက်ညှင်းပန်းခံထားရခြင်းကြောင့် သေဆုံးသွားပြီ ဖြစ်လေသည်။

ချန်းလုံ ဒေါသထွက်သွားလေသည်။

"ခင်ဗျား ရက်စက်လှချည်လား"

ဝမ်းပို့က...

"ကျုပ်က မကူညီလို့ စိတ်မဆိုးပါဘူး၊ ဒါပေမယ့် နှောင့်ယှက်ယင်တော့ အတော့်ကို စိတ်ဆိုးတယ်၊ ဘယ်တော့မှလည်း

သည်းမခံတတ်ဘူးလေ"

"ဘာဗျ"

"ဘုံကျောင်းပျက်လေးကို ကျုပ်ရောက်လာတော့ ယွဲ့ကူးနဲ့ ဂူးလျှံတို့ ခံလိုက်ရတာကို တွေ့ခဲ့ရတယ်"

ချန်းလုံနှင့် ယန့်ချစ်တို့ အချင်းချင်း ကြည့်လိုက်မိကြလေ၏။

ဝမ်းပို့သည် သူတို့ ထွက်လာခဲ့ပြီး မကြာမီ ဘုံကျောင်းပျက်လေးသို့ ရောက်လာခဲ့ခြင်းဖြစ်ကြောင်း နားလည်မိကြ၏။

ဝမ်းပို့က…

"မင်းတို့နှစ်ယောက် ကတိုက်ကရိုက် ထွက်သွားကြတာကြောင့် ဂူးလျှံနဲ့ ယွဲ့ကူးကို ဂရုမစိုက်မိခဲ့ကြတာပဲ၊ ယွဲ့ကူးက ဒဏ်ရာပြင်းပြင်းထန်ထန် ရထားပေမယ့် ရုတ်တရက် သေမသွားသေးဘူး၊ ဒါကြောင့် စိတ်ပြောင်းဆေးကြောင့် ခေါင်းကိုက်တဲ့ ဝေဒနာ ခံစားနေတာကို ကုသဖို့ သမားတော်ကျူးဆီကို သွားဖို့ တိုင်ပင်နေကြတာကို သူကြားသွားပြီး ကျုပ်ကို ပြန်ပြောပြနိုင်ခဲ့တယ်၊ ကျုပ်ကလည်း သည်နေရာအထိ လိုက်လာနိုင်ခဲ့တာပေါ့"

ချန်းလုံ အံကြိတ်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် သည်နေရာအထိ လိုက်လာတာ ခင်ဗျား သေချင်လို့ပဲ ဖြစ်ရမယ်"

ဝမ်းပို့က ရယ်မောလိုက်လေသည်။

"ကျုပ်က မသေသေးဘူး သမားတော်ကျူးနဲ့ ချန်းယုက တော့ သေသွားပြီလေ"

"တောက်"



ချန်းလုံ ဒေါသတကြီး တက်ခေါက်လိုက်မိလေသည်။

ဝမ်းပို့က…

"မင်းတို့နှစ်ယောက်တောင် သေရမှာ ကြောက်လို့ ထွက်ပြေးခဲ့ကြသေးတာပဲ မဟုတ်လား"

ယန့်ချစ် မနေနိုင်တော့ဘဲ ဝင်ပြောလိုက်လေသည်။

"သည်တစ်ခါတော့ ရှင်ပြေးရမယ့် အလှည့်ပဲရှင်"

ဝမ်းပို့က လီထင်းအား ညွှန်ပြလိုက်သည်။

"မင်းတို့သုံးယောက် ပေါင်းမိလိုက်ကြပြီ မဟုတ်လား၊ ဘာလဲ လီထင်းရဲ့ လက်ဝါးသိုင်းကျမ်းကို မင်းတို့ ရခဲ့ပြီလား"

"သိပ်မှန်တာပေါ့ရှင်"

"ဟား…ဟား…ဟား"

ဝမ်းပို့ လှောင်ပြောင်ရယ်မောလိုက်လေသည်။

"ကျုပ်က မင်းတို့ကို ကြောက်နေမယ်လို့များ ထင်နေသလား"

"ကြည့်သေးတာပေါ့ရှင်"

ယန့်ချစ်သည် ချန်းလုံအား မျက်ရိပ်ပြပြီး ဝမ်းပို့ထံ ခုန်ဝင်တိုက်ခိုက်လေသည်။

"ယား"

ချန်းလုံကလည်း ညာသံပေးကာ ခုန်ဝင်သွား၏။

နှစ်ယောက်သား အတူလက်တွဲကာ ဝမ်းပို့အား တိုက်ခိုက်လိုက်ကြလေတော့သည်။

♠ ♠ ♠

သမားတော်ကျူး၏အိမ်ကလေးအတွင်း၌ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

ချန်းလုံနှင့် ယန့်ချစ်တို့ အတူလက်တွဲကာ ဝမ်းပို့အား တိုက်ခိုက်လိုက်ကြလေသည်။

လီထင်းသည် ဝမ်းပို့အား မကျေမနပ် ဖြစ်နေပါသည်။

ဖခင်ကြီးလီစုအား သတ်ဖြတ်ပြီး လီမျိုးနွယ်ဂေဟာအား ဖျက်ဆီးပစ်လိုက်သူများတွင် ဝမ်းပို့ဦးဆောင်သော ဓားစကြာအဖွဲ့သည် အဓိကနေရာမှ ပါဝင်နေသည် မဟုတ်ပါလား။

သို့သော် လီထင်းသည် ဝမ်းပို့အား ရင်ဆိုင်ခြင်း မပြုဝံ့ဘဲ ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

ဝမ်းပို့မှာ ထိပ်တန်းသိုင်းပညာရှိသူ ဖြစ်သည့်အတိုင်း လက်တစ်ဘက်က လက်ဝါး၊ ကျန်လက်တစ်ဘက် လက်သီး မတူညီသော သိုင်းကွက်နှစ်မျိုးကို အသုံးပြုကာ ချန်းလုံနှင့် ယန့်ချစ်တို့အား ရင်ဆိုင်လိုက်လေသည်။

ယန့်ချစ်သည် သုခဘုံမှ ဖခင်ကြီးယန့်ထိ ခိုးယူလာခဲ့သည့် သိုင်းကွက်မှတ်စုအား လေ့ကျင့်အောင်မြင်ခဲ့ပြီဖြစ်၍ ဝမ်းပို့အား ကောင်းစွာ ယှဉ်နိုင်ခဲ့သော်လည်း အနိုင်ယူဖို့အထိတော့ မတတ်နိုင်ဘဲ ဖြစ်ခဲ့ရသည်။

ချန်းလုံ၏သိုင်းပညာ မဆိုးသော်လည်း တိုးတက်လာသော ယန့်ချစ်ကိုပင် လိုက်မမီသဖြင့် ဝမ်းပို့အား ရင်ဆိုင်ဖို့ မလွယ်ကူလှပါချေ။

သူတို့နှစ်ယောက် လီထင်းနှင့် မတွေ့ခဲ့ရလျှင် ရှေးဟောင်း



လျှို့ဝှက်လက်ဝါးကျမ်းအား လေ့လာခြင်း မပြုခဲ့ရပါလျှင် ဝမ်းပို့အား မည်နည်းနှင့်မျှ ရင်ဆိုင်နိုင်ကြလိမ့်မည် မဟုတ်ချေ။

ယခုတော့ အခြေအနေမှာ တစ်မျိုးတစ်ဖုံ ပြောင်းလည်းနေပြီဖြစ်ပါသည်။

ယန့်ချစ်နှင့် ချန်းလုံတို့သည် လီထင်းထံမှ လက်ဝါးသိုင်းကွက်များ လေ့လာခွင့်ရခဲ့သည်ဖြစ်ရာ ဝမ်းပို့အား ကောင်းစွာ ရင်ဆိုင်နိုင်သည့်အပြင် သိုင်းကွက်နှစ်ဆယ်မပြည့်မီ အထက်စီးရသွားခဲ့ကြလေတော့သည်။

ယန့်ချစ်ကော ချန်းလုံပါ လက်ဝါးသိုင်းကွက်များ ထုတ်ဖော်ပြီး ဝမ်းပို့အား ဖိ၍ တိုက်ခိုက်လိုက်ကြသည် မဟုတ်ပါလား။

ဝမ်းပို့မှာ တဖြည်းဖြည်း အရေးနိမ့်လာသဖြင့် မျက်နှာပျက်သွားလေသည်။

"သူတို့နှစ်ယောက်ရဲ့ သိုင်းပညာ အတော့်ကို တိုးတက်လာပါလား၊ သည်အတိုင်းဆိုယင် သူတို့ကို ရေရှည်ယှဉ်နိုင်ဖို့ မလွယ်တော့ဘူး"

ဝမ်းပို့ အကြောက်အကန် ခုခံနေသည့်ကြားမှပင် နောက်ဆုတ်ပေးလိုက်ရလေသည်။

ဝမ်းပို့အား အသာစီးဖြင့် ယှဉ်ပြိုင်နိုင်လိုက်သဖြင့် ယန့်ချစ် ဝမ်းသာသွားလေသည်။

"အစ်ကို သူ့ကို သည်နေရာမှာပဲ တစ်ခါထဲ ဆုံးမလိုက်ကြတာပေါ့"

"ကောင်းပြီ"

ချန်းလုံလည်း သဘောတူလိုက်လေသည်။

နှစ်ယောက်သား အားသွန်ခွန်စိုက် ဖိ၍ တိုက်ခိုက်လိုက်ကြရာ ဝမ်းပို့ လုံးဝမယုံဉ်သာတော့ဘဲ အရေးနိမ့်သွားလေတော့သည်။

“ဂုန်း”

ကျယ်လောင်သော အသံ ထွက်ပေါ်လာလေသည်။

ဝမ်းပို့ အဝေးသို့ လွင့်စင်သွားလေသည်။

ချန်းလုံနှင့် ယန့်ချစ်တို့၏လက်ဝါးသိုင်းကွက်များကြောင့် ဒဏ်ရာရသွားပြီး နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျလာလေတော့သည်။

ဝမ်းပို့ ထိတ်လန့်သွား၏။

ယန့်ထိ ရခဲ့သော လက်ဝါးသိုင်းကျမ်း အလွန်အစွမ်းထက်ကြောင်း နားလည်သွားသည်။

သခင်မလေးကျင်းကျင်း အဘယ်ကြောင့် သဲကြီးမဲကြီး ဖြစ်နေကြောင်းလည်း ကောင်းစွာ သဘောပေါက်သွား၏။

ယန့်ချစ်နှင့် ချန်းလုံတို့နှစ်ယောက်အား ရှေ့ဆက်ယှဉ်နိုင်တော့မည်မဟုတ်ကြောင်း ရိပ်မိလျှင် ထွက်ပြေးရှောင်တိမ်းသွားဖို့ ကြိုးစားလိုက်လေသည်။

သူထွက်ပြေးသွားလျှင် ယန့်ချစ်တို့ အလွတ်မပေးဘဲ လိုက်လံတိုက်ခိုက်ကြမည်ကို ဝမ်းပို့ ဆင်ခြင်မိသည်။

ထို့ကြောင့်...

“ယား”

ပြတင်းပေါက်ဆီသို့ ပြေးသွားရန် ဟန်ပြပြီး မလှမ်းမကမ်း



၌ ရပ်နေသည့် လီထင်းထံသို့ ခုန်ဝင်လိုက်လေသည်။

လီထင်း ထိတ်လန့်သွားသည်။

“ခင်ဗျား ဘာလုပ်မလို့လဲ”

အော်ဟစ်ယင်း ရှောင်တိမ်းဖို့ ကြိုးစားလိုက်သော်လည်း နောက်ကျသွားလေသည်။

ဝမ်းပို့သည် လီထင်းအနီးသို့ ရောက်ရှိသွားပြီး လက်ငါးချောင်းဖြင့် လီထင်း၏ပခုံးကို ကုပ်ဆွဲထားလိုက်သည်။

“အမယ်လေး”

လီထင်း အထိတ်တလန့် အော်လိုက်လေသည်။

ယန့်ချစ်က...

“လူယုတ်မာ”

ဒေါသတကြီး အော်ငေါက်ယင်း ပြေးသွားရန် ဟန်ပြင်လိုက်ရာ ဝမ်းပို့က ခြိမ်းခြောက်လိုက်လေသည်။

“ကျုပ်ကို တိုက်ခိုက်ဖို့ မကြိုးစားနဲ့နော် လီထင်း အယင်ဆုံးသေသွားမယ် မှတ်ထားပါ”

“ညီမ ရပ်လိုက်ပါ”

ချန်းလုံကလည်း လှမ်းပြောလိုက်လေသည်။

ယန့်ချစ် ဘာမှမတတ်နိုင်တော့ဘဲ ရပ်တန့်ကာ နောက်ဆုတ်လိုက်ရလေတော့သည်။

“ဟား...ဟား...ဟား”

ဝမ်းပို့ ဟားတိုက်ရယ်မောလိုက်လေသည်။

“မင်းတို့ မဆိုးဘူး၊ ဒါပေမယ့် ကျုပ်ကို လွယ်လွယ်နဲ့ရမယ်

ထင်ယင် မှားသွားမှာပေါ့"

ချန်းလုံက…

"လီထင်းကို လွှတ်လိုက်ပါဗျာ၊ ပြီးတော့ ခင်ဗျား သွားချင် သွားပါ၊ ကျုပ်တို့ တားဆီးမှာ မဟုတ်ပါဘူး"

ဝမ်းပိုက…

"မဆိုးဘူး၊ ကျုပ်ကလည်း သည်နေရာက ထွက်သွားနိုင်ယင် ကျေနပ်ပါပြီ"

လီထင်းသည် ကြောက်ရွံ့သွားသော်လည်း နောက်ပိုင်းတွင် ဒေါသထွက်လာလေသည်။

"သည်လူယုတ်မာ လွှတ်မြောက်သွားယင် ထပ်ပြီး ဒုက္ခပေးနေဦးမှာပဲ"

ဝမ်းပို့အား မုန်းတီးနေသည့်အလျှောက် ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်လေသည်။

အံတင်းတင်းကြိတ်လိုက်သည်။

ပခုံးတစ်ဘက်ကို ချုပ်ကိုင်ခံနေရသဖြင့် လက်တစ်ဘက် မလှုပ်ရှားနိုင်သော်လည်း လှုပ်ရှားနိုင်သေးသည့် ကျန်လက်တစ်ဘက်ဖြင့် တိုက်ခိုက်လိုက်လေသည်။

လီထင်းက ရုတ်တရက် တိုက်ခိုက်လာခြင်းကြောင့် ဝမ်းပို့ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ဒါဘာလုပ်တာလဲ"

ချက်ခြင်းပင် လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

လီထင်းမှာ ဖမ်းချုပ်ခံထားရသည်ဖြစ်ရာ ဝမ်းပို့၏လက်ဝါး



ရိုက်ချက်ကို မရှောင်နိုင်ခဲ့ပေ။

သူ၏လက်သီးဖြင့် ဝမ်းပို့အား ဆက်၍ တိုက်ခိုက်လိုက်လေသည်။

"ဝုန်း…ဝုန်း"

ကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။

လီထင်းမှာ ဝမ်းပို့၏ပြင်းထန်သော လက်ဝါးရိုက်ချက်ကြောင့် မသဲမကွဲ ညည်းညူယင်း ခွေခနဲ လဲကျသွား၏။

ထို့အတူ ဝမ်းပို့သည်လည်း လီထင်း၏လက်သီးစာမိကာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားယင်း ကံခါးပေါက်အနီးသို့ ရောက်ရှိသွားလေသည်။

ဝမ်းပို့သည် အပြင်ဘက်သို့ ခုန်ထွက်သွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

♠ ♠ ♠

"လီထင်း"

ချန်းလုံနှင့် ယန့်ချစ်တို့ အထိတ်တလန့် ဖြစ်သွားကြ၏။

လီထင်းအား ပြေး၍ ဖေးမလိုက်ကြလေသည်။

လီထင်းကား ဒဏ်ရာပြင်းပြင်းထန်ထန် ရရှိသွားပြီ ဖြစ်ပါသည်။

သူ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားပြီး...

"ဝေါ့"

သွေးများ အန်ထုတ်လိုက်လေသည်။

ချန်းလုံက...

"ကျုပ်က ခင်ဗျားကို မစောင့်ရှောက်နိုင်ခဲ့ဘူး၊ ကျုပ်ကို ခွင့်လွှတ်ပါဗျာ"

မချိတင်ကဲ တောင်းပန်လိုက်လေသည်။

လီထင်း အားယူကာ ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ၊ ကျုပ် သည်လိုမှ မလုပ်ယင် သူက ခင်ဗျားတို့ကို အကြပ်ကိုင်ပြီး ဒုက္ခပေးဦးမှာပဲ မဟုတ်လား၊ ပြီးတော့ သူ့ကို လက်သီးနဲ့ မိမိရရ တစ်ချက်ထိုးလိုက်နိုင်ခဲ့တာ ကျုပ်အတွက် အမြတ်ပဲ မဟုတ်လားဗျာ"

ယန့်ချစ်နှင့် ချန်းလုံတို့ စိတ်မကောင်း ဖြစ်နေရုံမှအပ ဘာမှုမတတ်နိုင်ကြတော့ပါချေ။

လီထင်းက...

"ကျုပ်ဟာ လောကပေါ်မှာ အသက်ရှင်နေရဦးမယ်ဆိုယင်လည်း အဓိပ္ပါယ်ရှိတော့မှာ မဟုတ်ပါဘူးဗျာ၊ ကျုပ်အဖေ ဦးလေးနဲ့



အဒေါ်တွေ သေဆုံးသွားခဲ့ကြပြီ မဟုတ်လား၊ ကျုပ်တစ်ခုတော့ မေတ္တာရပ်ခံချင်ပါတယ်"

ချန်းလုံက...

"ပြောပါဗျာ"

လီထင်းက...

"သခင်မလေးကျင်းကျင်းတို့လူစုကို ဆုံးမပေးပါ"

"စိတ်ချ သူ့ကို ဘယ်နည်းနဲ့မှ ချမ်းသာပေးမှာ မဟုတ်ပါဘူး"

ချန်းလုံက ပြတ်သားသော လေသံဖြင့် ပြောလိုက်သည်။

လီထင်းက...

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်ရဲ့အလောင်းကို ကျုပ်တို့ လီမျိုးနွယ် သုသာန်မှာ မြှုပ်နှံပေးစေချင်ပါတယ်"

"အို သည်လို မပြောပါနဲ့ရှင်"

ယန့်ချစ် ဂရုဏာဖြင့် တားမြစ်လိုက်လေသည်။

မည်သို့ဆိုစေ လီထင်းမှာ ဒဏ်ရာပြင်းစွာ ရရှိထားပြီး မည်သည့်နည်းနှင့်မျှ အသက်ရှင်နိုင်တော့မည် မဟုတ်ကြောင်း နားလည ထား၏။

ဆေးကုသပေးနိုင်မည့် သမားတော်များသည်လည်း ဝမ်းပို၏လက်ချက်ဖြင့် သေဆုံးသွားခဲ့ပြီ မဟုတ်ပါလား။

လီထင်း ကျေနပ်သွားလေသည်။

"ကျုပ်ကို ကူညီမယ့်လူတွေ ရှိနေလို့ သေရမယ်ဆိုယင်လည်း သေပျော်ပါပြီဗျာ"

သူ့၏စကားအတိုင်း မကြာမီ အချိန်အတွင်းမှာပင် ချန်းလုံ၏ရင်ထဲ၌ပင် သေဆုံးသွားခဲ့လေတော့သည်။

♠ ♠ ♠

"ဟူး...ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်နေသည်။

ဝမ်းပို့သည် သမားတော်ကျူး၏အိမ်ကလေးမှ ဒရောသောပါး ထွက်ပြေးလာခဲ့လေသည်။

လီထင်း၏လက်သီးထိုးချက်က သူ့အား ထပ်မံဒဏ်ရာရသွားစေခဲ့ပါသည်။

ဝမ်းပို့သည် အတော်ဝေးဝေးရောက်အောင် ပြေးလာပြီးလျှင် ခြေလှမ်းရပ်လိုက်သည်။

သူ၏မျက်နှာကြီး ရှုံ့မဲ့နေပြီး...

"ဝေါ့"

ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်လေသည်။

ယန့်ချစ်နှင့် ချန်းလုံတို့အား သူမယှဉ်နိုင်တော့ပါ။

လီထင်းကိုသာ ဖမ်းဆီးအကြွပ်ကိုင်နိုင်ခြင်း မရှိခဲ့လျှင် သမားတော်ကျူး၏အိမ်မှာပင် အသက်ပေးလိုက်ရမည် ဖြစ်လေ၏။



ယခုကဲ့သို့ ထွက်ပြေးလွတ်မြောက်လာခြင်းသည်ပင် ကံကောင်းသည်ဟု ဆိုနိုင်သည် မဟုတ်ပါလား။

ဝမ်းပို့သည် နှုတ်ခမ်းထောင့်၌ ပေကျံနေသော သွေးများကို သုတ်လိုက်သည်။

ရှေ့ဆက်ထွက်ခွာသွားရန် ဟန်ပြင်လိုက်လေသည်။

သို့သော် သူ၏ခြေလှမ်းများ တုန့်ခနဲ ရပ်သွား၏။

မလှမ်းမကမ်း၌ လူတစ်ယောက် ရှိနေသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်သည်။

ထိုလူမှာ...

"သခင်မလေး"

ဝမ်းပို့ လွှတ်ခနဲ ရေရွတ်လိုက်မိသည်။

သခင်မလေးကျင်းကျင်းက လိုက်လာပြီ မဟုတ်ပါလား။

ကျင်းကျင်းသည် စူးရှတောက်ပသော မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။

ဝမ်းပို့က...

"သခင်မလေးက ကျုပ်နောက်ကို လိုက်လာတာကိုး"

ကျင်းကျင်းက...

"ရှင် ဒဏ်ရာရလာတယ် ဟုတ်လား"

ဝမ်းပို့ ဘာမှမပြောဘဲ နေလိုက်၏။

ကျင်းကျင်းက ထပ်မေးသည်။

"ဘယ်သူ့လက်ချက်လဲ"

ဝမ်းပို့ မပြောသေးပါ။

ကျင်းကျင်း မဲ့ပြုံးပြုံးလိုက်သည်။

"ချန်းလုံနဲ့ ယန့်ချစ်တို့ရဲ့ လက်ချက်ပဲ မဟုတ်လားရှင်၊ ရှင်ပြောတော့ သူတို့နှစ်ယောက်ကို ရှင်ဆုံးမနိုင်တယ်ဆို"

ဝမ်းပို့ မကျေမနပ် ဖြစ်သွားလေသည်။

"သူတို့နှစ်ယောက်ကို ဘယ်သူက ဆုံးမနိုင်တော့မှာလဲ"

ကျင်းကျင်း မျက်မှောင်ကုပ်သွား၏။

"ယန့်ချစ်ဟာ သိုင်းကွက်မှတ်တမ်းကို ရသွားပေမယ့် သည်မှတ်တမ်းဟာ ပြောပလောက်တာ မဟုတ်ပါဘူး၊ ရှင့်ကိုတောင် မယှဉ်နိုင်ဘူး မဟုတ်လား"

သူမ အနည်းငယ်စဉ်းစားပြီး စကားဆက်လိုက်သည်။

"ချန်းလုံကြောင့်လား၊ ချန်းလုံက မဆိုးပါဘူး၊ ကျင်းလိမ်မြို့စားကြီးရဲ့ လူယုံတော်တောင် ဖြစ်ခဲ့တယ်၊ ဒါပေမယ့် သူကလည်း ရှင့်ကို ယှဉ်နိုင်မယ် မထင်ပါဘူး"

ပြောယင်း သူမ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေသည်။

"ကျွန်မသိပြီ လီထင်းကြောင့်ပဲ ဖြစ်ရမယ်၊ လီထင်းဟာ လျို့ဝှက်လက်ဝါးသိုင်းကျမ်းကို သူ့အဖေဆီက ရထားတာ၊ သည်ပညာက အတော့်ကိုစွမ်းတယ်၊ ရှင်က လီထင်းနဲ့ တွေ့လာတာမဟုတ်လား"

ဝမ်းပို့ နှာခေါင်းရှုံ့လိုက်လေသည်။

"လီထင်းက ကျုပ်ရဲ့လက်ချက်နဲ့ သေသွားပြီ"

"ဘာ ရှင်ဘယ်လိုပြောလိုက်တယ်"



"လီထင်း သေသွားပြီ၊ ကျုပ်သတ်ပစ်လိုက်တာပဲ"

"ဒါဖြင့် ရှင်ဒဏ်ရာရသွားအောင် ဘယ်သူက တိုက်ခိုက်လိုက်တာလဲ၊ ရှင်ထွက်ပြေးရအောင် ဘယ်သူလုပ်လိုက်တာလဲ၊ ကျွန်မကို ရှင်းရှင်းပြောစမ်းပါ"

ကျင်းကျင်းလည်း ဒေါသထွက်လာလေသည်။

ဝမ်းပို့က...

"မင်းပြောသလိုပဲ လီစု ရခဲ့တဲ့ လက်ဝါးကျမ်းဟာ အတော့်ကို ထက်မြက်တယ်၊ သူ့ဆီကတဆင့် လီထင်း ရသွားတယ်"

ကျင်းကျင်းသည် လီထင်းအား ဘယ်တုန်းကမှ အထင်မကြီးခဲ့ကြောင်း ပေါ်လွင်လာလေသည်။

"လီထင်းရဲ့လက်ထဲ ဘယ်လောက်အစွမ်းထက်တဲ့ သိုင်းကျမ်းရောက်သွားပါစေ မှုစရာမလိုပါဘူး၊ ဘာကြောင့်လဲဆိုယင် လီထင်းဟာ သိုင်းပညာဝါသနာမပါလို့ဘဲ၊ သူသာ အစကတည်းက သိုင်းသင်ခဲ့မယ်ဆိုယင် အတော်လေး ခရီးရောက်နေပြီပေါ့၊ ပြီးတော့ သူက သွေးထွက်သံယို ဖြစ်စေတဲ့ တိုက်ပွဲတွေကို မုန်းတီးစက်ဆုပ်တဲ့ တစ်ယောက်ပဲ၊ ဒါကြောင့် သူဟာ လီစုဆီက သိုင်းကျမ်းရသွားလည်း ဘာမှ အကြောင်းထူးမှာ မဟုတ်ဘူး"

ဝမ်းပို့က...

"ဘာကြောင့် မထူးရမှာလဲဗျ၊ ထူးတာပေါ့"

"ဘယ်လိုထူးတာလဲ ပြောစမ်းပါဦး"

"လီထင်းက ချန်းလုံနဲ့ ယန့်ချစ်ကို ပေးလိုက်တော့ အကြောင်းထူးသွားတာပေါ့"

"လက်စသပ်တော့ သည်လိုကိုး"

သခင်မလေးကျင်းကျင်း နားလည်သဘောပေါက်သွားလေတော့သည်။

ဝမ်းပို့က...

"ချန်းလုံနဲ့ ယန့်ချစ်တို့နှစ်ယောက် လီစုရဲ့သိုင်းကျမ်းကို လီထင်းဆီကတဆင့် ရသွားတော့ ကျားကို အတောင်တပ်ပေးလိုက်သလို ဖြစ်သွားတာပေါ့"

ပြောယင်း သူ၏မျက်နှာ ပြုံးယောင်သန်းလာ၏။

သခင်မလေးကျင်းကျင်း အကြပ်ရိုက်သွားသည်ကို သဘောကျနေပုံမျိုး ဖြစ်လေသည်။

ကျင်းကျင်း၏မျက်နှာ နီရဲခက်ထန်သွားလေသည်။

"ချန်းလုံနဲ့ ယန့်ချစ်က လက်ဝါးကျမ်းကိုပါ ရသွားတာကိုး၊ သူတို့ တော်တော်ကံကောင်းတာပဲ"

ဝမ်းပို့က...

"သခင်မလေးက တကယ်တမ်း လိုချင်မက်မောတာပါ၊ ဒါပေမယ့် ကံဆိုးပါတယ်"

"ရှင် ပါးစပ်ပိတ်ထားလိုက်စမ်း"

ကျင်းကျင်း ငေါက်လိုက်လေသည်။

ဝမ်းပို့ ပြုံးနေ၏။

ကျင်းကျင်းက...

"တော်တော်အသုံးမကျတဲ့လူ၊ ဓားစကြာအဖွဲ့ ခေါင်းဆောင်လုပ်ပြီး ဘာမှအားမကိုးရဘူး၊ ရှင့်ကိုသာ လက်ထပ်ရမယ်ဆိုယင်



ကျွန်မဘဝ ရေစုန်မျောမှာ သေချာတယ်"

ဝမ်းပို့ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်က အသုံးမကျတဲ့လူဆိုတော့ ကျုပ်ကို လက်ထပ်လိုက်ယင် သခင်မလေးအတွက် နစ်နာဆုံးရှုံးသွားမှာပေါ့"

"စိတ်ချ၊ ရှင့်ကို လက်ထပ်ဖို့ ကျွန်မ ဘယ်တုန်းကမှ စိတ်မကူးခဲ့ဘူးမှတ်ပါ"

ကျင်းကျင်း၏သဘောထားအမှန်ကို ဝမ်းပို့ သိလိုက်ရပြီဖြစ်သည်။ ကျင်းကျင်းက...

"ရှင့်ကို ကျွန်မ အကျိုးအတွက် အသုံးချခဲ့တယ်ဆိုတာ မှတ်ထားစမ်းပါ"

ဝမ်းပို့ မျက်နှာပျက်သွားလေသည်။

ကျင်းကျင်းက...

"ခုချိန်မှာ ရှင့်ကို အသုံးချလို့ မရတော့ဘူးဆိုတော့ ရှင်ဘယ်လိုနေ ဘယ်လိုထိုင် ဘယ်လိုလုပ်ကိုင်ရမယ်ဆိုတာ ကိုယ့်ကိုကိုယ် နားလည်သဘောပေါက်မှာပေါ့နော်"

ဝမ်းပို့သည် လုံးဝအသုံးမကျ အရာမဝင်သူတစ်ယောက်ပမာ ဖြစ်သွားချေပြီ။

ကျင်းကျင်းက လုံးဝတန်ဖိုးမထားတော့ပါ။

ဝမ်းပို့သည် လမ်းဘေးမှ လူတစ်ယောက်ကဲ့သို့ ဖြစ်သွားချေပြီ။

ကျင်းကျင်းက ဝမ်းပို့အား ခြေဆုံးခေါင်းဆုံးကြည့်ပြီး ပြော

လိုက်သည်။

"ရှင့်ကိုယ်ရှင် ကျွန်မနဲ့ ဖူးစာဘက်လို့ ထင်နေယင် ရူးသွပ်နေလို့ပဲ ဖြစ်မယ်၊ ကျွန်မကတော့ ရှင့်ကို စိတ်ကူးထဲတောင် ထည့်မှာမဟုတ်ဘူး၊ ကဲ ရှင်ဘာလုပ်နေတာလဲ ကျွန်မရှေ့က ထွက်သွားပါတော့လား"

"ကျုပ်"

"ဒါမှမဟုတ် ကျွန်မ မောင်းထုတ်လိုက်ရမလား"

ကျင်းကျင်း၏စကားကြောင့် ဝမ်းပို့မှာ အသားများ တဆတ်ဆတ် တုန်အောင်ပင် ဒေါသထွက်လာလေတော့သည်။

သို့သော် သူ ဘာမှမပြောနိုင်တော့ပါ။

ကျင်းကျင်းက သူ့အား စွန့်ပယ်ပစ်လိုက်ပြီ မဟုတ်ပါလား။

ကျင်းကျင်း လက်ဝှေ့ယမ်းလိုက်သည်။

"ကျွန်မရှေ့က မြန်မြန်ထွက်သွားစမ်းပါရှင်"

ထိုစဉ်...

"ဟူး...ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာကာ လူနှစ်ယောက် ပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

♠ ♠ ♠

## ဧည့်ပြန့်

"ဟူး...ဟူး"

အဝတ်အစား လေတိုးသံများနှင့်အတူ လူနှစ်ယောက် ပြေးလွှားရောက်ရှိလာကြလေသည်။

ယန့်ချစ်နှင့် ချန်းလုံတို့ ဖြစ်သည်။

သူတို့သည် ဝမ်းပို့နောက်သို့ လိုက်လာယင်း သခင်မလေး ကျင်းကျင်းအား တွေ့လိုက်ရသောအခါ ကပျာကယာ ခြေလှမ်းရပ်လိုက်ကြလေသည်။

ဝမ်းပို့လည်း နောက်ဆုတ်လိုက်သည်။

ကျင်းကျင်း မဲ့ပြုံးပြုံးလိုက်သည်။

"လူစွမ်းကောင်းကြီးနှစ်ယောက် ရောက်လာကြပြီကိုး" ဟုခနဲ့လိုက်လေသည်။

ယန့်ချစ်က...

"သခင်မလေးကသာ သိုင်းလောကကို လွှမ်းမိုးပြီး လူစွမ်းကောင်း လုပ်ချင်နေတာ မဟုတ်ဘူးလားရှင်"

ချက်ခြင်း ပြန်လည် ချေပလိုက်လေသည်။

ကျင်းကျင်းက...

"ကျုပ်က လူစွမ်းကောင်းလုပ်တာ မဟုတ်ဘူး၊ သိုင်းလောကဟာ မကြာခင် ကျုပ်ရဲ့ခြေဖဝါးအောက်ကို ရောက်လာရမှာပဲ၊ သုခဘုံက အတော်ဆုံး သိုင်းသမားတွေကို လွှတ်ပြီး ကျင်းလိမ်မြို့စားကြီးကို သုတ်သင်ပစ်ဖို့ စီစဉ်ထားပြီးပြီ၊ မြို့စားကြီး မရှိတော့တဲ့နောက်ပိုင်း ဘယ်သူက ကျုပ်ကို ဟန့်တားနိုင်မှာတဲ့လဲ"

ယန့်ချစ် ရင်ကော့လိုက်လေသည်။

"ကျွန်မနဲ့ အစ်ကိုချန်းလုံတို့ ရှိနေကြသေးတယ်ဆိုတာ သခင်မလေး မေ့နေပြီလားရှင်"

ကျင်းကျင်းက...

"ညည်းတို့နှစ်ယောက်ကို အခုပဲ ငါဆုံးမလိုက်တော့မှာ၊ ညည်းတို့ကို ထည့်တွက်နေရဦးမှာလား"

ယန့်ချစ်က...

"သခင်မလေးက ကျွန်မတို့နှစ်ယောက်ကို တကယ်ပဲ ဆုံးမနိုင်မှာမို့လားရှင်"

သူမ၏စကားက စိန်ခေါ်သကဲ့သို့ ဖြစ်နေသည်။



ကျင်းကျင်းက ချက်ခြင်းတိုက်ခိုက်ရန် ဟန်ပြင်လိုက်လေ၏။

"ညည်းတို့နှစ်ယောက် လီစုရဲ့ လက်ဝါးကျမ်းကို ရသွားတော့ကော ငါ့ရစိုက်ရမှာလား"

ယန့်ချစ် ပြုံးလိုက်သည်။

"လက်ဝါးကျမ်းကို သခင်မလေးလည်း လိုချင်မက်မောခဲ့တာပဲ မဟုတ်လားရှင်၊ တကယ်လဲ အစွမ်းထက်မြက်မှု ရှိပါတယ်၊ မယုံယင် သခင်မလေးရဲ့ ကြင်ယာလောင်း ရွှေမင်းသားကို မေးကြည့်ပါလားရှင်"

"ညည်း..."

ကျင်းကျင်း ဒေါသမထိန်းနိုင်အောင် ဖြစ်လာသည်။

ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ စတင်တိုက်ခိုက်လိုက်လေသည်။

ယန့်ချစ်ကလည်း ရင်ဆိုင်လိုက်၏။

ချန်းလုံက...

"ကျုပ်တို့က သိုင်းလောကအကျိုးကို မျှော်ကိုးပြီး သိုင်းလောကစည်းကမ်းကို မလိုက်နာနိုင်တော့တာ ခွင့်လွှတ်ပါဗျာ"

ကျင်းကျင်းအား လှမ်းပြောကာ ယန့်ချစ်နှင့် လက်တွဲရင်ဆိုင်လိုက်လေတော့သည်။

♠ ♠ ♠

ယန့်ချစ်နှင့် ချန်းလုံတို့နှစ်ယောက် လက်တွဲကာ သခင်မလေးကျင်းကျင်းအား ရင်ဆိုင်လိုက်ကြလေသည်။

သခင်မလေးကျင်းကျင်း၏ သိုင်းပညာ အံ့မခန်း ထက်မြက်ကြောင်း သိရှိထားကြသဖြင့် မပေါ့ဆဝံ့ကြပါချေ။

ရွှေမင်းသားဝမ်းပိုကိုပင် အနိုင်ယူခဲ့သည့် လက်ဝါးသိုင်းကျမ်းမှ သိုင်းကွက်များကို ယုံကြည်စိတ်ချစွာဖြင့် ထုတ်ဖော်အသုံးပြုပြီး ကျင်းကျင်းအား ရင်ဆိုင်လိုက်ကြလေသည်။

ဝမ်းပို့က ကျောက်ရုပ်တစ်ရုပ်အလား မလှုပ်မယှက် ရှိနေလေသည်။

တိုက်ပွဲကြောင့် လေတိုးသံများ ထွက်ပေါ်လာသည်။

"ဟိတ်"

"ယား"



ညာသံပေးလိုက်သော အသံများကလည်း ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းသွားသည်။

ယန့်ချစ်နှင့် ချန်းလုံတို့သည် သခင်မလေးကျင်းကျင်းအား ရင်ဆိုင်အနိုင်ယူကြပါမည်လော။

သူတို့သည် လက်ဝါးသိုင်းကွက်များ ထုတ်ဖော်ကာ လက်ဘွဲ့ညီစွာ တိုက်ခိုက်လိုက်ကြခြင်း ဖြစ်သည်။

ကျင်းကျင်းအား အနိုင်ယူနိုင်မည်ဟုလည်း ယုံကြည်ထားကြလေသည်။

သို့သော် ရင်ဆိုင်တိုက်ခိုက်လိုက်ကြပြီး မကြာမီ အချိန်အတွင်းမှာပင် သူတို့ မျှော်လင့်သလို ဖြစ်မလာနိုင်တော့မှန်း ချန်းလုံတို့ သတိပြုမိလိုက်ကြလေသည်။

သခင်မလေးကျင်းကျင်းသည် လီစုထံမှ လက်ဝါးသိုင်းခြောက်ကွက် ရရှိခဲ့သည်။

ထိုလက်ဝါးခြောက်ကွက်ကို အခြေခံကာ ကျန်ရှိသော သိုင်းကွက်များ မည်သို့ ဖြစ်နိုင်ချေ ရှိသည်ဟု ကြိုတင်မှန်းဆနိုင်ခဲ့သည်။

ထို့ကြောင့် ချန်းလုံနှင့် ယန့်ချစ်တို့က လက်ဝါးသိုင်းကွက်များ အသုံးပြုလိုက်သော်လည်း သခင်မလေးကျင်းကျင်းအား ခုခံရင်ဆိုင်ဖို့ နည်းလမ်းရှာဖွေထားပြီးသား ဖြစ်နေသည်။

သူမ မှန်းဆထားသည့်အတိုင်း ဖြစ်မလာသည့်တိုင်အောင် ကြိုတင်ပြင်ဆင်မှု ရှိထားသဖြင့် ထိခိုက်နစ်နာမှုမရှိအောင် ရှောင်ရှားနိုင်ခဲ့လေသည်။

ယန့်ချစ်နှင့် ချန်းလုံတို့ အစွမ်းကုန် ကြိုးစားကြသော်လည်း

သခင်မလေးကျင်းကျင်းအား ထိခိုက်အောင် တိုက်ခိုက်နိုင်စွမ်း မရှိတော့ပါ။

တစ်ဘက်နှင့်တစ်ဘက် လက်ရည်ညီမှုကာ သရေပွဲ ဖြစ်နေသည်ဟု ဆိုနိုင်သည်။

ချန်းလုံနှင့် ယန့်ချစ်တို့ အခက်ကြုံနေချိန်မှာပင်...

"ရှင်ဘာလုပ်နေတာလဲ"

သခင်မလေးကျင်းကျင်း၏အသံ ထွက်ပေါ်လာ၏။

တစ်ချိန်လုံး ကျောက်ရုပ်ပမာ မလှုပ်မယှက်ရှိနေခဲ့သော ရွှေမင်းသားဝမ်းပို့လည်း လှုပ်လှုပ်ရှားရှား ဖြစ်လာလေတော့သည်။

♠ ♠ ♠



သခင်မလေးကျင်းကျင်းက ချန်းလုံတို့အား တိုက်ခိုက်ရန် ဝမ်းပို့အား အော်ပြောလိုက်ခြင်း ဖြစ်လေသည်။

ဝမ်းပို့ကလည်း လှုပ်ရှားလာသည်။

ချက်ခြင်း ရှေ့တိုးလာလေသည်။

ဝမ်းပို့သည် သခင်မလေးကျင်းကျင်းအတွက်ဆိုလျှင် အသက်ကိုပင် စွန့်ဝံ့သူဟု နားလည်ထားကြသော ချန်းလုံတို့ ရင်ထိတ်သွားကြလေသည်။

ဝမ်းပို့၏သိုင်းပညာလည်း မခေလေသောကြောင့် ပါဝင်တိုက်ခိုက်လာမည်ဆိုလျှင် အခြေအနေဟန်မည် မဟုတ်ကြောင်း တွေးကာ စိုးရိမ်ပူပန်သွားကြခြင်း ဖြစ်သည်။

ဝမ်းပို့ ရှေ့တိုးလာသည်ကို တွေ့ရသဖြင့် ကျင်းကျင်း ဝမ်းသာသွားလေသည်။

"သူတို့နှစ်ယောက်ကို မြန်မြန်သတ်ပစ်လိုက်စမ်းပါ"

"ကောင်းပြီ"

ဝမ်းပို့ ခေါင်းညိတ်လိုက်သည်။

ချက်ခြင်း တိုက်ခိုက်လိုက်သည်။

သို့သော် ချန်းလုံတို့အား တိုက်ခိုက်လိုက်ခြင်း မဟုတ်ပါ။

သခင်မလေးကျင်းကျင်းအား တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ကျင်းကျင်း ကြောင်အမ်းအမ်း ဖြစ်သွားလေတော့သည်။

"ရှင်ဘယ်လိုလုပ်လိုက်တာလဲ"

အော်ငေါက်ယင်း ဝမ်းပို့အား ရင်ဆိုင်လိုက်ရ၏။

ချန်းလုံနှင့် ယန့်ချစ်တို့သည် မယုံနိုင်စရာကောင်းအောင် ပြောင်းလဲသွားသော အခြေအနေကြောင့် အံ့သြသွားကြသော်လည်း အခွင့်အရေး ပေါ်လာပြီဖြစ်ကြောင်း နားလည်မိကြပြီး လက်မနှေးဘဲ တိုက်ခိုက်လိုက်ကြလေသည်။

တိုက်ပွဲအခြေအနေ ရှုပ်ထွေးသွားလေသည်။

"ဝုန်း"

"အား"

"အမယ်လေး"

ဆူးရှကျယ်လောင်သော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာလေတော့သည်။

♠ ♠ ♠

ဝမ်းပို့ မြေပေါ်လဲကျနေ၏။

သခင်မလေးကျင်းကျင်း၏လက်ချက်ကြောင့် လဲကျသွားပြီး ပြန်ထမလာနိုင်တော့ပါ။

အသက်ပေးလိုက်ရသည် ဖြစ်သော်လည်း သူ၏မျက်နှာ ပြုံးယောင်သန်းနေ၏။

ယန့်ချစ်နှင့် ချန်းလုံတို့ နောက်ဆုတ်လိုက်သည်။

ဆက်၍ တိုက်ခိုက်စရာမလိုတော့ကြောင်း သူတို့ နားလည်ထားကြလေသည်။

သခင်မလေးကျင်းကျင်းကား ဒယီးဒယိုင် ဖြစ်နေသည်။



ဝမ်းပို့က သူမအား ကူညီခြင်း မရှိတော့သည့်အပြင် ဒုက္ခပေးသွားသည်ကို မယုံနိုင်အောင် ဖြစ်နေ၏။

ဝမ်းပို့သည် သူမအား ဘယ်အချိန်မဆို ဒူးထောက်အရှုံးပေးနေရမည်ဟု တထစ်ချယုံကြည်ထားခဲ့မိသည်မှာ အမှားကြီးမှားနေပြီဖြစ်ကြောင်း နားလည်လိုက်ချိန်တွင် နောက်ကျနေပြီ ဖြစ်ပါသည်။

"ရှင် တကယ်ပဲ ကျွန်မကို ဆန့်ကျင်ရဲတယ်တဲ့လား"

ကျင်းကျင်းသည် ဗလုံးဗထွေး ရေရွတ်ယင်း ခန္ဓာကိုယ်ဝိုပြီး ယိမ်းယိုင်လာသည်။

ယန့်ချစ်နှင့် ချန်းလုံတို့က မလှုပ်မယှက်ရပ်လျက်...

ကျင်းကျင်း ဒေါသတကြီး ဖြစ်လာသည်။

ယန့်ချစ်တို့အား တိုက်ခိုက်ရန် ကြိုးစားအားထုတ်လိုက်သော်လည်း လုံးဝမဟန်နိုင်တော့ဘဲ...

"ဝုန်း"

မြေပေါ် အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

♠ ♠ ♠

ယန္တချစ်နှင့် ချန်းလုံတို့နှစ်ယောက် ရင်ထဲလှုပ်ရှားနေကြ၏။

သိုင်းလောကအား နှောင့်ယှက်ဖျက်ဆီးဖို့ ကြိုးစားနေသည့် သခင်မလေးကျင်းကျင်းအား ဟန့်တားနိုင်ခဲ့ကြပြီ မဟုတ်ပါလား။

သို့သော် သူတို့၏တာဝန်များ မပြီးဆုံးသေးပါ။

သခင်မလေးကျင်းကျင်း၏သုခဘုံ၌ ရောက်ရှိနေကြသော သိုင်းသမားများအား ကယ်တင်ရဦးမည် မဟုတ်ပါလား။

ထိုကိစ္စအား ကျင်းလိမ်မြို့စားကြီးနှင့် တိုင်ပင်ကာ ဆောင်ရွက်ရပေလိမ့်မည်။

ချန်းလုံက…

"ညီမ ကျုပ်တို့ သွားကြပါစို့"

ဟုပြောလျှင် ယန္တချစ် သဘောတူလိုက်လေသည်။

"ကောင်းပါပြီရှင်"

နှစ်ယောက်သား လက်ချင်းချိတ်ကာ အားမာန်ပြည့်သော ခြေလှမ်းများဖြင့် လှမ်းထွက်သွားကြလေသည်။

'သူတို့၏ရှေ့ခရီးကား သာယာဖြောင့်ဖြူးနေမည်မှာ သေချာနေတော့သည်။

ပြီးပါပြီ။